www.burmeseclassic.com

တာဝေဝိမာန် စာမူဆုရ

# မျိုးချစ်သူရဲကောင်း ဖိုးအေး နှင့်

အခြား ဝတ္ထုတိုများ

ခင်မောင်မြင့် (ရွှေဆယ်မြေ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၉ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ကလေးစာပေ ဒုတိယဆုရ

# မျိုးချစ်သူရဲကောင်း ဗိုးအေး
# နှင့်
# အခြားဝတ္ထုတိုများ

## ခင်မောင်မြင့် (ရွှေဆယ်မြေ)

တည်းဖြတ်စီစဉ်သူ - ဒေါ်တင်မွေး (မွေးငယ်ငယ်)
စာတည်း

အဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၄၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၈၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၈၁၁ ဖြင့် ထုတ်ဝေသည်။
ဂျီတီစီပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁။ | မျိုးချစ်သူရဲကောင်း ဖိုးအေး | ၁ |
| ၂။ | တစ်မြေထဲနေ တစ်ရေထဲသောက် | ၆ |
| ၃။ | ဘဝခရီးကြမ်း | ၁၃ |
| ၄။ | တစ်ခဏတာ ပျော်ရွှင်မှုဓါရလဒ် | ၁၈ |
| ၅။ | လယ်ဟင်းလျာ | ၂၅ |
| ၆။ | ကျွဲကျောင်းဖျိုင်း | ၃၀ |
| ၇။ | ခရေပန်းကုံးလေး | ၃၄ |
| ၈။ | မိုးရာသီဝင်ငွေ | ၃၉ |
| ၉။ | တို့ရွာက ထမနဲပွဲ | ၄၄ |
| ၁၀။ | တူတူပုန်းတမ်းကစားရအောင် | ၅၀ |
| ၁၁။ | ကြက်တိုက်ပွဲ | ၅၅ |
| ၁၂။ | ညှာတာခြင်း | ၅၉ |
| ၁၃။ | ဆရာမလေးသို့ လက်ဆောင်မွှန် | ၆၄ |
| ၁၄။ | မိခင်စိတ် | ၆၉ |
| ၁၅။ | ပေးဆပ်ခြင်း | ၇၃ |
| ၁၆။ | ကဲ . . . ဘာစားကြမလဲ | ၇၈ |
| ၁၇။ | ခွင့်လွှတ်နိုင်မှု | ၈၄ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | အိုးတွတ် | ၉၁ |
| ၁၉။ | အကျည်းတန်သော နံနက်ခင်း | ၉၆ |
| ၂၀။ | ဘဝဆိုသည်မှာ | ၁၀၂ |
| ၂၁။ | ရိုးရာအမွေအနှစ် ထိန်းသိမ်းကြမယ် | ၁၀၇ |
| ၂၂။ | မတူညီသော ချွေးစက်များ | ၁၁၁ |
| ၂၃။ | အထင်မလွဲပါနဲ့ မေမေရယ် | ၁၁၅ |
| ၂၄။ | ကားမောင်းတတ်ချင်တယ် | ၁၂၂ |
| ၂၅။ | ပန်းပုဆရာကြီး | ၁၂၆ |
| ၂၆။ | မီးမဆော့ကြပါနဲ့ | ၁၃၀ |
| ၂၇။ | ကျောင်းစာကြည့်တိုက်၏ကျေးဇူး | ၁၃၅ |


BURMESE CLASSIC .com

## "စာရေးသူ၏ အမှာစာ"

ကလေးစာပေသည် စာပေလောက၌ နေရာသီးသန့်ရရှိပြီးသော စာပေအမျိုးအစားဖြစ်ပါသည်။ ထို့ပြင် အသက် (၁၂) နှစ်အောက် ကလေးငယ်များအတွက် ရည်ရွယ်ရေးသားသော စာပေလည်း ဖြစ်ပါသည်။

**"မျိုးချစ်သူရဲကောင်းဖိုးအေး"**နှင့် ကလေးဝတ္ထုတိုများကို စာရေးသူသည် ဦးနှောက်နုနယ်သော ကလေးငယ်များ၏ရင်တွင်းသို့ ရှင်းလင်းပြေပြစ်သော ရေးသားဖွဲ့သီမှုဖြင့် တင်ပြထားပါသည်။ ဤဝတ္ထုတိုများတွင် ကျေးလက်ရနံ့သင်းသော ဝတ္ထုတိုများ၊ မြို့ပြနှင့်ဆက်နွယ်နေသော ဝတ္ထုတိုများပါဝင်၍ ကလေးငယ်များ ဖတ်ရှုကာ စိတ်ဓာတ်ကောင်းများ၊ စေတနာကောင်းများကို အသက်အရွယ်ကြီးရင့်လာသည့်တိုင် ငြိတွယ်နေလိမ့်မည်ဖြစ်ကြောင်း စာရေးသူ ယုံကြည်မိပါသည်။

ခင်မောင်မြင့် (ရွှေဆ[illegible]ခြ)

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်များ အုပ်စိုးနေစဉ်ကာလ ဖြစ်ပါသည်။ ဆိုင်းစုရွာထဲသို့ ဖက်ဆစ်ဂျပန်များ ဝင်လာကြပါသည်။ လက်ပြန်ကြိုးတုပ်ထားသော မျိုးချစ်တော်လှန်ရေးရဲဘော် ၃ ယောက်ကို ဖက်ဆစ်ဂျပန်တို့က ဖမ်းဆီးလာကြပါသည်။ ဖက်ဆစ်ဂျပန်တို့က သူကြီး၏ အိမ်ရှေ့မြေကွက်လပ်၌ ရွာသားများကို အတင်းအဓမ္မခေါ်ယူလိုက်ကြသည်။ ရွာသားများသည် သူကြီးအိမ်ရှေ့သို့ ရောက်ရှိလာကြပါသည်။ ဂျပန်ဝစ်ဗိုလ်၏ စကားများကို စကားပြန်က ပြန်ပြောပြပါသည်။

“အခု ဖမ်းခေါ်လာတဲ့သူတွေဟာ ကျုပ်တို့ကို တော်လှန်တိုက်ခိုက်တဲ့သူတွေပဲ၊ ဒီရွာမှာ တစ်ညချုပ်ထားပြီး မနက်ဖြန်ကင်ပေတိုင်စခန်းကို ပို့ပေးရမယ်။ ခုချိန်ကစပြီး ရွာပြင်ကို ရွာသားတွေထွက်မယ်ဆိုရင် ကျုပ်တို့ကို အသိပေးပြီးမှ ထွက်ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားအားလုံးသည် မကျေနပ်ကြသော်လည်း ပြန်မပြောရဲကြပါ။ ကိုမြသာသည် ပြန်မပြောရဲသော်လည်း စိတ်ထဲ၌ အကြံကောင်းရှိနေသည်။ ကိုမြသာသည် မျိုးချစ်စိတ်ရှိသူတစ်ဦး ဖြစ်ပါသည်။ တော်လှန်ရေးရဲဘော်များနှင့်လည်း အဆက်အသွယ် ရှိသည်။ အဖမ်းခံထားရသော တော်လှန်ရေးရဲဘော် ၃ ယောက်ကိုလည်း ကယ်တင်လိုပါသည်။ သို့ကြောင့် ဤသတင်းကို တော်လှန်ရေးရဲဘော်များဆီသို့ ပို့ချင်သည်။ ဖက်ဆစ်ဂျပန်များ၏တားဆီးမှုကြောင့် သူကိုယ်တိုင် အဆက်အသွယ်ပြု၍မရ ဖြစ်နေ၏။

ထိုအခါ ကိုမြသာသည် တူဖြစ်သူ မောင်ဖိုးအေးကို အသုံးချရန် စိတ်ကူးမိသည်။ ဖိုးအေးသည် အသက်တစ်ဆယ်နှစ်နှစ်ရှိပြီ။ သွက်လက်ချက်ချာသည်။ ရွာမှကျွဲများကို ရွာပြင်စားကျက်၌ ကျောင်းနေသော ကျွဲကျောင်းသားတစ်ဦး ဖြစ်ပါသည်။ သို့ကြောင့် ကျွဲကျောင်းသား မောင်ဖိုးအေးကို အဖမ်းခံတော်လှန်ရေးရဲဘော်များ ကယ်တင်နိုင်ရန် ကိုမြသာက ပြောပြသည်။

"မောင်ဖိုးအေး၊ ကျွဲကျောင်းသွားရင်းနဲ့ ဒီစာကို တော်လှန်ရေးရဲဘော်တွေဆီ ပို့ပေးကွာ၊ စာကို ကျွဲခလောက်ထဲမှာ ဝှက်ယူသွားပေးတော့၊ သတိတော့ ရှိပစေနော်"

"ဟုတ်ကဲ့ ဦး၊ သားလည်းဂျပန်တွေရဲ့ ရက်စက်ယုတ်မာမှုကို မြင်နေရတာ ဒီစာကို တော်လှန်ရေးရဲဘော်တွေဆီ ပို့ပေးပါ့မယ်"



ဖိုးအေးသည် ကိုမြသာပြောသည့်အတိုင်း ကျွဲတစ်ကောင်၏ ခလောက်ထဲတွင် စာကိုဝှက်ယူသွားသည်။ ရွာထိပ်အထွက်တွင် ကျွဲကျောင်းသား ဖိုးအေးကို ဖက်ဆစ်ဂျပန်တို့က ရှာဖွေစစ်ဆေးကြသည်။ ဖိုးအေးဇောချွေးများ ပြန်နေသည်။ ကြောက်ရွံ့၍ ထွက်သောချွေးများမဟုတ်ပါ။ တော်လှန်ရေး ရဲဘော်များကို ကယ်တင်နိုင်မှာ စိုးရိမ်ခြင်းကြောင့် ဖြစ်ပါသည်။ ဖိုးအေး၏ ခန္ဓာကိုယ်အနှံ့ ရှာဖွေသော်လည်း ဘာမှမတွေ့၍ ဖက်ဆစ်ဂျပန်တို့က ရွာပြင်သို့ ထွက်ခွင့်ပေးလိုက်ပါသည်။

ဖိုးအေးသည် ရွာပြင်စားကျက်ကွင်း၌ ကျွဲများကို ထားခဲ့ပြီး တော်လှန်ရေးရဲဘော်များဆီသို့ လျင်မြန်စွာ စာသွားပို့ပါသည်။ တော်လှန်ရေးရဲဘော်ခေါင်းဆောင် ကိုမင်း သူက စာကို ဖောက်ဖတ်ပြီး ဖိုးအေးကို နှုတ်ဖြင့် စကားမှာ လိုက်သည်။ ညနေစောင်း၌ ဖိုးအေးသည် ကျွဲများကို ရွာထဲသို့ ပြန်သိမ်းလာပါသည်။ ကျွဲများကို ကျွဲပိုင်ရှင်များထံ ပြန်အပ်ပြီးနောက် ကိုမြသာဆီသို့ သွားပါသည်။ ဖိုးအေးက -

"ဦး၊ ဒီည တော်လှန်ရေးရဲဘော်တွေက အဖမ်းခံထားရတဲ့သူတွေကို ကယ်မယ်တဲ့၊ အဲဒါ ဖက်ဆစ်ဂျပန်စခန်းက စစ်သားအရေအတွက်ကို သိချင်တယ်လို့ ပြောပါတယ်"

"အေးကွာ၊ ဒီတာဝန်ကိုလည်း မောင်ဖိုးအေးကိုပဲ ပေးရသိမ့်မယ်၊ တစ်ခြားလူကို အသုံးချရင် သတင်းပေါက်ကြားသွားနိုင်တယ်ကွ၊ ဖိုးအေးက ဖက်ဆစ်စခန်းကို ကြက်ဥတွေ သွားပို့ရင်း စစ်သားအရေအတွက်ကို မှတ်သားလာခဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးအေးသည် ဖက်ဆစ်စခန်းသို့သွားကာ ကြက်ဥများ
သွားပို့ပါသည်။ ကိုမြသာ မှာကြားသည့်အတိုင်း စစ်သားအ
အတွက်ကို မှတ်သားကာ ပြန်ပြောပါသည်။

လကွယ်ညဖြစ်၍ တစ်ရွာလုံးမည်းမှောင်ကျနေ၏။ ဖက်ဆ
ဂျပန်များ၏ ယာယီစခန်းချရာနေရာများတွင်သာ အလင
ရောင် ရှိပါသည်။ တော်လှန်ရေးရဲဘော်များသည် တိတ်တဆိ
ဆိုင်းစု ရွာတွင်းသို့ ဝင်ရောက်လာကြပါသည်။ ကိုမြသာ
တွေ့ဆုံ၍ သတင်းရယူကြသည်။ ပြီးနောက် ဖက်ဆစ်ဂျပန်မျ
စခန်းချရာ ဆီသို့ ချဉ်းကပ်လာကြသည်။ ဖက်ဆစ်ဂျပန်များမှ
သောက်စားပျော်မြူး နေကြသည်။ မူးယစ်နေသော ဖက်ဆ
ဂျပန်ကင်းသမားများကို တော်လှန်ရေးရဲဘော်များက အသံ
ထွက်အောင် သုတ်သင်ပစ်လိုက်ကြပါသည်။ ထို့နောက် ဖမ်းဆ
ထားသော တော်လှန်ရေးရဲဘော်များကို ကယ်တင်ကြပါသည်

နံနက်မိုးသောက်သောအခါ ဂျပန်စစ်ဗိုလ်ကြီး အတ
အကျယ် ဒေါသထွက်တော့၏။ ထို့ကြောင့် လွတ်မြောက်သွ
သော တော်လှန်ရေးရဲဘော်များကို တောနင်းရှာဖွေကြတေ
သည်။ သို့သော်လည်း လက်ဦးမှုယူပြီး အသင့်ပြင်ဆင်ထာ
သော တော်လှန်ရေးရဲဘော်များက ပြောက်ကျားနည်းများဖြ
တိုက်ခိုက်ချေမှုန်းကြရာ ဖက်ဆစ်ဂျပန်တို့ မရှုမလှကျဆုံး၍
ဆုတ်ခွာထွက်ပြေးသွားကြ၏။ တိုက်ပွဲပြီးသွားသောအခ
ဆိုင်းစုရွာ၌ ကိုမြသာက ရွာသူရွာသားများအား -



"ကျွန်တော်တို့ တော်လှန်ရေးရဲဘော်တွေကို ကယ်တင်နိုင်ပြီး ဖက်ဆစ်ကောင်တွေကို သုတ်သင်ရှင်းလင်း အနိုင်ယူခဲ့တာကတော့ မျိုးချစ်သူရဲကောင်းလေး မောင်ဖိုးအေးရဲ့ သက်စွန့်ကြိုးပမ်းစွမ်းဆောင်မှုကြောင့်ပဲ ဖြစ်ပါတယ် ခင်ဗျာ"

ဟုပြောမါသည်။

"ဟုတ်ပါတယ် ကိုမြသာရယ်"

တော်လှန်ရေး ရဲဘော်များနှင့် ရွာသူရွာသားများက ထောက်ခံပြောဆိုကြပါသည်။ ဤသို့ပြောဆိုကြမှုကို မျိုးချစ်သူရဲကောင်းမောင်ဖိုးအေး ပြုံးနေမိတော့သတည်း။ ။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တစ်မြေထဲနေ တစ်ရေထဲသောက်

"ခွပ်"

"အား"

သာအေးနေရာတွင် လဲကျသွားသည်။ ရှေ့သို့ငိုက်ကျသွားသဖြင့် နေရာမှချက်ချင်း မထနိုင်တော့။ ခေါင်းပေါ်မှ သွေးများစီးကျလာလေသည်။ သာအေး၏ ညည်းညူသံတချို့ကို ကြားရသည်။

"သာအေးကို ထွေးမောင် ဝင်ရိုက်တယ်ဟေ့၊ လိုက်ကြကွ၊ လိုက်ကြ မလွတ်စေနဲ့"

သာအေးတို့ လူသိုက်ထဲမှ အသံများကို ကြားကြားချင်း ထွေးမောင် ရွာတောင်ပိုင်းသို့ ဒုန်းစိုင်းပြေးတော့သည်။ တောင်ပိုင်းနှင့် မြောက်ပိုင်းခြားထားသော ရိုးချောင်းတံတားလေးကို ကျော်လာသောအခါ သာအေး၏သူငယ်ချင်းများ လိုက်လာသည်ကို မတွေ့ရတော့ပေ။ သူတို့သည်နေရာထိ ဆက်လိုက်ရဲသည့်သတ္တိ မရှိကြ။ သည်နေရာမှာ ထွေးမောင်တို့ ပိုင်ဆိုင်သော





နေရာဖြစ်သည်။ သာအေးနှင့်ထွေးမောင်တို့မှာ တစ်ရွာတည်းသားများ ဖြစ်ကြသည်။ သို့ပေမယ့် သာအေးက ရွာမြောက်ပိုင်းတွင် နေသည်။ ထွေးမောင်က ရွာတောင်ပိုင်းတွင် နေ၏။

လူကြီးပိုင်းက တောင်ပိုင်း၊ မြောက်ပိုင်း မခွဲခြားဘဲ ခေါ်ပြော ဆက်ဆံကြသော်လည်း သူတို့ကလေးအုပ်စုများမှာမူ မတည့်ကြပေ။ ထွေးမောင်သည် သာအေးကို ရိုက်ချင်နေသည်မှာကြာပြီ။ သာအေးသည် မြောက်ပိုင်းသားတို့၏ ခေါင်းဆောင်ဖြစ်သည်။ ထွေးမောင်သည်လည်း တောင်ပိုင်းသားအုပ်စုတွင် ခေါင်းဆောင်ဖြစ်၏။ တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ မတည့်ကြခြင်းမှာ အကြောင်းရှိ၏။ ရွာမြောက်ပိုင်းတွင် သရက်ခြံ၊ ဆီးတော်ခြံများ ရှိလေသည်။ ယင်းသရက်ခြံ၊ ဆီးတော်ခြံတို့သည် ရွာမြောက်ပိုင်း၏ အဝင်ဝတွင်ရှိ၍ သဘာဝလျောက် ပေါက်ရောက်နေသော အပင်များဖြစ်သည်။ သရက်ပင်များ၊ ဆီးပင်များ စုစုဝေးဝေးနှင့် ပေါက်ရောက်နေမှုကြောင့်သာ သရက်ခြံ၊ ဆီးတော်ခြံများဟု ခေါ်ကြသည်။ အကာအရံများ မရှိပေ။

သရက်သီးပေါ်ချိန်တွင်လည်းကောင်း၊ ဆီးသီးပေါ်ချိန်တွင်လည်းကောင်း သူတို့တွေ ရန်ဖြစ်နေကြဖြစ်သည်။ သာအေးတို့အလစ်ကို စောင့်၍ သရက်သီးများ၊ ဆီးသီးများကို ထွေးမောင်တို့ လူစုကောက်ကြရသည်။ သာအေးတို့နှင့် တွေ့လျှင်တော့ လွယ်လိမ့်မည် မဟုတ်ပါ။ ဖနောင့်နှင့်တင်ပါး တစ်သားတည်း[illegible] အောင် ပြေးကြရလေသည်။ သာအေးတို့က သူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



လည်း အုပ်စုပိုတောင့်သည်။ သည်တော့ ထွေးမောင်တို့တွေ လောက်လေးဂွဖြင့် ပစ်ခတ်ခြင်းခံရတတ်သည်။ ခဲများဖြင့်လည်း ပစ်သေးသည်။

"တို့ပိုင်နက်ထဲ ကျူးကျော်တဲ့ကောင်တွေ ချပစ်ကွ၊ ဆော်ပစ်ဟ္၊ ဆီးသီးတော့ မရဘူး။ လေးသီးပဲ ရမယ်"

တစ်နေ့က အဖြစ်တွင် ထွေးမောင်တို့ ခံရသည်။ ဆီးသီးသီးချိန်ဖြစ်၍ ဆီးပင်ပေါ်တွင် ဆီးသီးများ ပြွတ်သိပ်စွာ သီးနေကြသည်။ ထွေးမောင်တို့ ဆီးပင်ပေါ်မှ ဆီးသီးများကို လှုပ်ချနေချိန်တွင် သာအေးတို့လူစု ချုံပုတ်တွေကြားက ပြေးထွက်လာကြသည်။ ထွေးမောင်တို့က လူစုနည်းသည်။ မြေပြင်ပေါ်သို့ ကျနေသော ဆီးသီးများကိုပင် မကောက်နိုင်တော့။ လူလွတ်အောင် ထွက်ပြေးရသည်။ ပြေးရင်းလွှားရင်း ခလုတ်တိုက်လဲသူတွေလဲ၊ ဆူးစူးသူ စူးဖြင့် ရွာတောင်ပိုင်းသို့ ရောက်အောင် ပြေးကြရသည်။

သူတို့အထဲမှ သာအေးက အကဲဆုံးဖြစ်သည်။ သူက ခေါင်းဆောင်ဆိုတော့ သူ့အမိန့်ကို သူ့အဖွဲ့သားတွေ အားလုံး နာခံ ကြသည်။ နောက်ရက်များတွင် သာအေးတို့ လက်ချက်ကို ကြောက်ရွံ့၍ ဆီးတော်ခြံသို့ မသွားရဲကြတော့။ သာအေးတို့က အဖွဲ့လိုက် ဆီးပင်အောက်မှာ ရှိနေကြသဖြင့် ထွေးမောင်တို့တွေ ဆီးသီး မစားရသည်မှာ ကြာပြီ။ ထွေးမောင်တို့အားလုံး ဆီးသီး စားချင်ကြသည်။ ထွေးမောင်က သူငယ်ချင်းများကို တိုင်ပင်



သည်။ သူက ရိုးချောင်းကိုကျော်၍ ရွာတောင်ပိုင်းသို့ သွားမည်။ သူနှင့်အတူ တုတ်တစ်ချောင်းဝှက်၍ ယူဆောင်သွားမည်။ ကျန်သူငယ်ချင်းတွေက ရိုးချောင်းထိပ်တွင် စောင့်နေကြရမည်။ သာအေးကို ရိုက်၍ ရွာတောင်ပိုင်းကို ပြန်ပြေးလာခဲ့မည်။

ထွေးမောင် ရွာမြောက်ပိုင်းကို ရောက်လာတော့ သာအေး၊ ကံလှ၊ တင်လှိုင်၊ ရဲမြင့်တို့ သစ်တုံးပေါ်တွင် စုထိုင်နေကြသည်။ ထွေးမောင်လျှောက်လာသည်ကို သူတို့မြင်သည်။ ရွာထဲသို့ ရိုးရိုးတန်းတန်း သွားရုံသက်သက်ဖြင့် သူတို့ကလည်း ရန်မပြုပါ။ ဆီးတော်ခြံဘက်သို့ ထွေးမောင်မသွားသဖြင့် ပြောလက်စ စကားများကို ဆက်ပြောနေကြ၏။ ထွေးမောင်အခွင့်ကောင်း ရရချင်း တုတ်ကိုဆွဲထုတ်ကာ သာအေးကို ဝင်ရိုက်တော့သည်။ သာအေး၏ သူငယ်ချင်းများမှာ ဘာလုပ်ရမှန်းမသိဘဲ ကြောင်ကြည့်နေကြသည်။ ရိုက်ပြီးပြီးချင်း ထွေးမောင် ရွာတောင်ပိုင်းသို့ ပြန်ပြေးခဲ့သည်။ ထွေးမောင်ကို သူ့သူငယ်ချင်းများက ရိုးချောင်း ထိပ်မှ ကြိုဆိုကြသည်။ ထွေးမောင်စိတ်ထဲကမူ သာအေးကို ရိုက်နိုင်ခဲ့သဖြင့် သူ့ကိုယ်သူ သူရဲကောင်းဟု ထင်နေမိလေသည်။

* * *

စားကျက်ထဲတွင် နွားတွေ တစ်အုပ်ကြီးလွှတ်ထားသည်။ သည်နေ့ ထွေးမောင် တစ်ယောက်ထဲ ဖြစ်နေသည်။ ခါတိုင်း သူနှင့်နွားကျောင်း လိုက်နေကျ ဆန်းဝင်းနှင့် မြင့်စိုးတို့မလိုက် ဖြစ်ကြချေ။ သူတို့ မအားလပ်သဖြင့် ထွေးမောင်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း နွားတွေကို စု၍ခေါ်လာခဲ့သည်။ အရိပ်ကောင်းသော ကုက္ကိုပင် မြစ်ဆုံကြီးပေါ်တွင် မှိုရင်း ထိုင်နေ၏။ နေက ပူလွန်းလှသည်။ အခုအချိန်သည် နွားကျောင်းသားတို့ အနားရသော အချိန်လည်း ဖြစ်သည်။ သူ့ဘေးနားက ခြေသံကြား၍ ထွေးမောင် ကြည့်လိုက်မိသည်။

နဖူးပေါ်တွင် ပတ်တီးစည်းထားသော သာအေးကို တွေ့ရသည်။ သာအေးကို မြင်လိုက်သည်နှင့် ထွေးမောင် ကျောချမ်းသွားမိသည်။ သာအေးကို မြင်မြင်ချင်း လန့်သွားရခြင်းမှာ သာအေးလက်ထဲတွင် နှစ်ခွမှိန်း ကိုင်ဆောင်ထားခြင်းကြောင့် ဖြစ်၏။ ထွေးမောင်သည် နွားနှင်တံကို လှမ်းယူဖို့ ပြင်သည်။ နွားနှင်တံမှာ ထွေးမောင်နှင့် နည်းနည်းလှမ်းနေသေးသည်။ သာအေး၏မျက်နှာသည် ထွေးမောင်ကို ပြုံးကြည့်နေရာက တစ်စုံတစ်ရာကို ဝေခွဲနေသလို ဖြစ်ပေါ်လာသည်။

“ထွေးမောင်၊ မင်းငြိမ်ငြိမ်နေ။ မလှုပ်ရှားနဲ့”

သာအေးက ပြောသော်လည်း ထွေးမောင်မှာ သူ့ကို သာအေး ဂလဲ့စားချေတော့မည်မှန်း ရိပ်မိသဖြင့် နွားနှင်တံကို အရကောက်ယူလိုက်ပြီး သာအေးဘက်သို့ မျက်နှာချင်းဆိုင်လိုက်သည်။ သို့သော် ထွေးမောင် နောက်ကျသွားပါပြီ။ သာအေးက မှိန်းကို ကိုင်မြှောက်ရင်း ထွေးမောင်ဆီသို့ ပစ်လွှတ်လိုက်သည်။ ထွေးမောင်မျက်လုံးများ ပြာဝေသွားသည်။ မိမိရင်ဝဆီသို့ ဝင်လာတော့မည့် နှစ်ခွမှိန်းကို မြင်ယောင်ကာ လန့်အော်လိုက်မိသည်။



“အား”

ပြီးနောက် ထွေးမောင် သစ်မြစ်ဆုံပေါ်သို့ လဲကျသွားသည်။

* * *

“ထွေးမောင်၊ သူငယ်ချင်း သတိရပြီလား။ ငြိမ်ငြိမ်လေး မှိန်းနေ၊ မထနဲ့ဦး ခေါင်းမူးနေဦးမယ်”

ထွေးမောင် သတိရသည်နှင့် သာအေး၏ ခေါ်သံကိုဦးစွာ ကြားရသည်။ ထွေးမောင် ထထိုင်ဖို့ ကြိုးစားသည်။ သာအေး၏ အကူအညီဖြင့် ထထိုင်လိုက်သည်။

“သာအေး၊ မင်းငါ့ကို ဘာမှမလုပ်ဖူးနော်”

“မင်းကို ငါ ရန်မပြုပါဘူး၊ ငါတို့ လယ်တဲဘက်အသွား မင်းသည်မှာ နွားကျောင်းနေတာ မြင်တာနဲ့ မင်းကိုအကျိုးအကြောင်း ရှင်းပြမလို့ ဝင်လာတာ၊ မင်းက ငါမှိန်းကြီးကိုင်ထားတာကို ကြောက်ပြီး နွားနှင်တံကို လှမ်းယူတယ်၊ အဲဒီ အချိန်မှာပဲ မင်းနောက်ဘက်မှာ မြွေကြီးတစ်ကောင်က မင်းကိုပေါက်မလို့ ပြင်နေတာကို ငါတွေ့ရတော့ လက်ထဲက မှိန်းနဲ့ လှမ်းပစ်လိုက်ရတာပဲ။ အဲဒါကို မင်းက အကြောက်လွန်ပြီး သတိလစ်သွားတယ်။ မင်းနောက်မှာ ငါမှိန်းနဲ့ ပစ်လိုက်တဲ့ မြွေကြီး”

ထွေးမောင် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ မှိန်းသွားဖောက်ဝင်ကာ သေဆုံးနေသော မြွေကြီးကို တွေ့ရသည်။

“ငါ အရိုက်ခံရပြီးနေ့မှာ အဖေက ရန်ကိုရန်ချင်း မတုံ့နိုင်ရဘူး လူလေးတဲ့။ နွားတွေ စုစည်းညီညာမှုမရှိလို့ ကျားကိုက်ခံရပြီး အသက်ပါပေးကြရတဲ့အကြောင်း နွားကွဲချင်း ကျားဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ပုံပြင်လေးကို ဥပမာပေးပြီး ငါ့ကို ရှင်းပြဆုံးမတယ်။ တို့က လေးတွေဟာ နောင်တစ်ခေတ်မှာ လူကြီးတွေ ဖြစ်ကြမှာ။ ငယ်စဉ်က တည်းက မြောက်ပိုင်းနှင့် တောင်ပိုင်း အစုကွဲနေကြရင် လူကြီးတွေ ဖြစ်လာတဲ့အခါလည်း သည်လိုပဲ ကွဲပြားနေကြမှာပဲတဲ့။ နောက်ပြီး တို့တတွေဟာ တစ်ရွာတည်းမှာ အတူနေထိုင်ကြတဲ့ သူတွေပဲ။ မြောက်ပိုင်းနဲ့ တောင်ပိုင်း ခွဲခြားဖို့ မလိုပါဘူး။ စည်း စည်းလုံးလုံးနဲ့ ညီညွတ်ကြဖို့လိုတယ် မဟုတ်လား။ ငါ့သူငယ်ချင်းတွေ အားလုံးကိုလည်း ဒီအတိုင်းပဲ ပြောပြခဲ့တယ်။ မင်းသူငယ်ချင်းတွေကို ပြောပြပါကွာ။ တို့တွေအားလုံး မနက်ဖြန် ဆီးတော်ခြံမှာ ဆုံကြတာပေါ့ ”

“သူငယ်ချင်း၊ မင်းစကားကို ငါလက်ခံပါတယ်ကွာ။ ငါ့ သူငယ်ချင်းတွေကို ရှင်းပြပြီး ဆီးတော်ခြံကို ခေါ်လာခဲ့မယ်”

ထွေးမောင်တို့ မြောက်ပိုင်းသားများ ဆီးတော်ခြံသို့ လာခြင်းကို သာအေးတို့ တောင်ပိုင်းသားများက လေးဂွများ၊ ခဲများဖြင့် ပစ်ခတ်ခြင်း ပြုတော့မည် မဟုတ်ပါ။ အပြုံးပန်းများဖြင့် ဆီးကြိုနေမည် ဖြစ်ပါသည်။ ။

❖ ❖ ❖ ❖

## ဘဝခရီးကြမ်း

မြစ်မခမြစ်ထဲ၌ ရေများဖွေးနေသည်။ မိုးတွင်းချိန်ခါဖြစ်သဖြင့် ရေပြင်ကျယ်လှ၏။ ရွာမှ ထွက်ခွာလာချိန်မှာ မကြာလှသေးပါ။ ရွာကိုပင် မြင်နေရသေးသည်။ ညနေခင်းအလှနှင့် ရွာ၏အလှသည် လိုက်ဖက်တင့်မောလှပါဘိ။ သည်ကနေ့ ကျောင်းပိတ်သောကြောင့် ချစ်ထွေးမှာ အဖေနှင့် ငါးဖမ်းလိုက်ခဲ့ခြင်း ဖြစ်သည်။ အဖေက ငါးဖမ်းရာတွင် ကွန်ပစ်၍ ဖမ်းခြင်းဖြစ်သည်။ ငါးပတ်၊ ငါးကြင်း၊ ငါးဖယ်စသည့် ငါးကြီးကြီးမားမားရသည့်နေ့လည်း ရှိ၏။ ငါးသံချိတ်၊ ငါးစင်ရိုင်းစသော ငါးသေးသေးမွှားမွှားလေးများရသည့်နေ့လည်း ရှိသည်။ ငါးလုံးဝမရသောနေ့လည်း ရှိတတ်သည်။

ချစ်ထွေးက ပဲ့ပိုင်းမှထိုင်ကာ အဖေက လှေဦးမှ ထိုင်သည်။ ချစ်ထွေးတို့ အတန်ကြာ လှော်ခတ်လာရာ ရွာနှင့် အလှမ်းဝေးသော နေရာသို့ ရောက်လာသည်။ သူတို့ရောက်ရှိနေသောနေရာမှာ မြစ်မခမြစ်မှ ခွဲထွက်ရာ ရိုးချောင်း၌ ဖြစ်၏။ အဖေက မျက်ရိပ်မျက်ခြည်ပြကာ ငါးပွက်သည့် နေရာကိုပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ငါးပွက်သည့်နေရာသို့ တက်သံမကြားအောင် ချစ်ထွေး လှော်လိုက်သည်။ အဖေက ပိုက်ကွန်ကိုဖြန့်ကာ ပစ်လိုက်သည်။ ချစ်ထွေးက ကွန်ပစ်ထားသည့်နေရာနှင့် နီးနိုင်သမျှနီးအောင် လှေကို ကပ်ထား၏။

အဖေသည် ပိုက်ကွန်ကို ဖြည်းဖြည်းချင်း ဆွဲယူသည်။ ပိုက်ကွန်အစအားလုံး စုမိသောအခါ လှေပေါ်သို့ ဆွဲတင်သည်။ ပိုက်ကွန်ထဲ၌ ငါးပတ်ကြီးတစ်ကောင် ပါလာသည်။ အဖေက ချစ်ထွေးဘက်လှည့်ပြီး ပြုံးသည်။ ချစ်ထွေးလည်း ပြန်ပြုံးပြလိုက်သည်။ အဓိပ္ပါယ်ရှိသော အပြုံး။ ချစ်ထွေးတို့ လှေကို ရိုးစပ်နားသို့ ဦးတည်လှော်သည်။ အဖေက ဖြည်းဖြည်းလှော်ဖို့ လက်ဟန်ဖြင့် သတိပေးသည်။ တက်သံကြားလျှင် ငါးများ လန့်သွားနိုင်သည်။

ကမ်းစပ်နားမရောက်တရောက်တွင် အဖေက ပိုက်ကွန်ကို ပြင်ရင်း ပစ်လိုက်သည်။ ကွန်သည် ရေထဲသို့ဖြန့်ဝဲကာ ကျသွားသည်။ ကွန်ကိုဆွဲတင်လိုက်သောအခါ ငါးဖယ်အောင်း နှစ်ကောင် ပါလာပြန်လေသည်။ ချစ်ထွေးတို့ သုံးကြိမ်၊ လေးကြိမ်လောက် ကွန်ပစ်ပြီးသည့်အခါ ငါးများလန့်သွားသည်။ လှေထဲ၌ ကွန်ပစ်၍ရသော ငါးတစ်ပိဿာကျော်ကျော်လောက် ရှိမည်ထင်သည်။ ဟင်းစားအပြင် ရောင်းချနိုင်သေးသည်။ အဖေက နေရာရွှေ့ကာ ကွန်ပစ်ဖို့ လှေကိုလှော်ခိုင်းသည်။

ထိုအချိန်၌ ကောင်းကင်တွင် မိုးသားတိမ်လိပ်တို့ မည်းလာသည်။ မိုးကြီးကြီးမားမား ရွာလိမ့်မည် ထင်သည်။ မိုးကြီးမား



စွာ ရွာလျှင် မြစ်ထဲ၌ လှိုင်းထန်နိုင်သည်။ ထို့အတွက် လှေကို ရွာဘက်သို့ ပြန်လှော်ရသည်။ ရေဆန်ကို လှော်ရသည့်အတွက် ခရီးမတွင်။ ထိုစဉ် မိုးက သည်းထန်စွာ ရွာသွန်းလာချေပြီ။ မိုးစက်မိုးပေါက်တို့သည် ချစ်ထွေးတို့ ခန္ဓာကိုယ်များကို လာမှန်သည်။

"သားရေ ခပ်မြန်မြန်လှော်၊ လှိုင်းထန်မယ်"

အဖေက ချစ်ထွေးကို အော်ပြောသည်။ မိုးသက်လေပြင်း တိုက်ခတ်လာသဖြင့် လှိုင်းထန်လာသည်။ ချစ်ထွေးတို့ လှေကလေးသည် လှိုင်းပေါ်တွင် လူးကာလွန့်ကာ လှုပ်ရှားနေ၏။ မြစ်ရေသည် တောင်ကျရေများနှင့်ရောစပ်ကာ နောက်ကျိနေသည်။ လှိုင်းဒဏ်ကို ခံနိုင်သော်လည်း ခဏအကြာတွင် အင်တွဲဖာရာများမှ ရေစိမ့်ယိုပါတော့သည်။ အဖေသည် လှေပဲ့ပိုင်းသို့ ကူးလာ၏။ အဖေ့ကိုယ်ခန္ဓာအရှိန်ကြောင့် လှေမှာ ယိမ်းထိုးနေလေသည်။ ပဲ့ပိုင်းသို့ ရောက်သောအခါ ချစ်ထွေးက လှေဦးပိုင်းသို့ကူးသွားကာ ပက်ခွဲဖြင့် လှေထဲမှ ရေများကို ပက်ထုတ်ပစ်သည်။

ထိုအချိန်တွင် ကြီးမားသော လှိုင်းလုံးကြီး လှေပေါ် လွှမ်းတက်သွားသည်။ လှေထဲ၌ ရေများပြည့် လုခမန်းဖြစ်လာပြီ။ သို့အတွက် ချစ်ထွေးက ပက်ခွဲဖြင့် ရေကို နိုင်နိုင်ပတ်ထုတ်ရတော့သည်။ အဖေနှင့် ချစ်ထွေး စကားမပြောအားကြ။ ကိုယ့်အလုပ်ကိုသာ ပြီးမြောက်အောင်လုပ်နေကြသည်။ ချစ်ထွေးရေကူး တတ်ပါသည်။ သို့သော် မကြုံစဖူးသော လှိုင်းလုံး

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကိုမူ ကြောက်ရွံ့နေမိသည်။ ပက်ခွဲသည် ဝါးပိုးဝါး အဆစ်ပိတ် တစ်ခြမ်းကို ပြုလုပ်ထားသောကြောင့် လှေထဲရှိရေများနှင့် နှိုင်းစာလျှင် သေးငယ်လွန်းလှသည်။ သို့သော်သူတို့ သားအဖ ကြိုးစားပြီး ပက်ထုတ်နေသည်။

အဖေက လှေမတိမ်းစောင်းရလေအောင် ထိန်းလှော်သည်။ လှေမှောက်သွားလျှင် ရပြီးသောငါးများ ရေထဲမျောပါသွားမည်။ ချစ်ထွေးတို့ တစ်ညတာ ဟင်းစားများ ဆုံးရှုံးမည်။ ချစ်ထွေးသည် ငါးပတ်ဟင်းနှင့် ထမင်းတဝတပြဲ စားပစ်လိုက်မည်ဟု အားခဲထားသော စိတ်ကိုလျှော့ချမိသည်။ နောက်ပြီး လှေကြီးတစ်စင်း လုံးရေစီးထဲသို့ မျောပါကာ ဆုံးရှုံးရဦးမည်။ လှေတစ်စင်း၏ တန်ဖိုးကိုရဖို့ ချစ်ထွေးတို့နှစ်အတန်ကြာ စုဆောင်းရဦးမည်။ ချစ်ထွေး စိတ်ဓာတ်ကျလာသည်။

ချစ်ထွေးက စိုးရွံ့စိတ်များ ပြည့်နှက်နေသော်လည်း အဖေကမူ အေးအေးဆေးဆေးပင်။ လှော်တက်ကို ကိုင်ကာ အားသွန်ခွန်စိုက်လှော်နေသည်။ ချစ်ထွေးတို့လှေသည် ရေလှိုင်းကို ဦးတည်ခွဲထွက်လျက် ရှိသည်။ မိုးမှောင်ကျနေသဖြင့် မြင်သမျှ အရာအားလုံးသည် ဝေဝါးနေ၏။ တစ်ချက်တစ်ချက် မိုးပေါ်မှ လျှပ်စီးလက်လိုက်သည့်အခါမှသာ ရေပြင်ကို မြင်ရတော့သည်။ မိုးချုပ်စပြုနေပါပြီ။ ချစ်ထွေးတို့ ရွာကလေးကို မမြင်ရတော့။

မိုးတိတ်သွားပါပြီ။

ရေလှိုင်းများမှာ မပြင်းထန်သော်လည်း ချစ်ထွေးတို့ လှေကလေးကိုမူ ဒုက္ခပေးနေဆဲပင် ဖြစ်သည်။ ပက်ခွဲဖြင့် လှေထဲ



မှ ရေကို ပက်ထုတ်နေရသဖြင့် လက်ညောင်းလာသည်။ သို့သော် လှေနစ်သွားမှာကို စိုးရိမ်ရသည်။ ရေပက်ခြင်းကို မရပ်ရဲပါ။

"သား၊ တက်ကိုင်ပြီး ခပ်မှန်မှန်လှော်တော့ "

လှိုင်းငြိမ်စပြုပြီ။ မကြာလှပါ။ လှေဝမ်းထဲမှ ရေများကုန်လုနီးပါး ဖြစ်လာပါပြီ။ ကောင်းကင်ပေါ်တွင် မိုးသားကင်းစင်ပြီးလျှင် လျှပ်ရောင်ဝင်းလက်ခြင်းသာ ရှိတော့သည်။

"တော်တော် ကြောက်သွားလား သား"

"ဟုတ်ကဲ့ ဖေဖေ၊ သားက လှေနစ်တော့မယ် ထင်နေတာ"

"အတွေ့အကြုံမရှိတော့ ဒီလိုပဲသားရဲ့၊ အဖေတို့ တံငါသည်တွေဆိုတာ လှိုင်းဒဏ် လေဒဏ် ကြံ့ကြံ့ခံနိုင်ရမယ်။ ငါးဖမ်းတတ်ဖို့အပြင် ရာသီဥတုဖောက်ပြန်မှုတွေ၊ ရေလမ်းခရီး အတွေ့အကြုံတွေနဲ့ တခြားဗဟုသုတတွေလည်း သိဖို့လိုအပ်တယ်ကွဲ့။ အဖေတို့သာ ဒီအခက်အခဲတွေကို မကျော်လွှားနိုင်ခဲ့ရင် ငါးတွေရော ပိုက်ကွန်တွေနဲ့ လှေကြီးတစ်စင်းလုံးပါ ဆုံးရှုံးသွားနိုင်တယ်။ အဖေတို့သားအဖရဲ့ဇွဲလုံ့လကြောင့် ကြီးမားတဲ့ လှိုင်းတံပိုးကြီးတွေဟာ အဖေတို့လှေအောက် ရောက်ခဲ့ရပြီပေါ့ကွယ်"

အဖေ၏စကားများသည် မြစ်မခမြစ်ထဲ၌ ပဲ့တင်ထပ်၍ သွား ပါပြီ။ ကမ်းနား၌ မီးအုပ်ဆောင်းတစ်လုံးဖြင့် စိတ်ပူပူ ကြိုဆိုနေ မည့် အမေ့ရုပ်သွင်ကို ချစ်ထွေးမြင်ယောင်လာမိသည်။ လျှပ်ရောင် များကြားမှ ရွာကို ရေးတေးတေးလှမ်းမြင်လိုက် ရတော့သည်။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တစ်ခဏတာပျော်ရွှင်မှု၏ ရလဒ်

အိပ်ယာမှ နံနက်စောစောထနေကျ ဖြစ်သည်။ ညက ညဉ့် နက်မှအိပ်ယာဝင်ခဲ့၍ ခြင်ထောင်အမိုးကို နေရောင်ထိတွေ့မှ ကျွန်တော်နိုးလာသည်။ အိပ်ရေးမဝသဖြင့် ဦးခေါင်းထဲတွင် မူးနောက်နောက် ဖြစ်နေသည်။ နွားကျောင်းဖို့ အလုပ်ရှိနေသေးကြောင်းကို ကျွန်တော်သတိရသည်။

နွားတွေကို နေမပူခင် စားကျက်သို့ပို့မှ ဖြစ်မည်။ သို့မှသာ နွားတွေ နေပူသက်သာပေလိမ့်မည်။ ခြင်ထောင်ကို အသာမ၍ ထွက်ခဲ့၏။ တစ်အိမ်လုံး တိတ်ဆိတ်၍နေသည်။ တစ်ခုခု ထူးဆန်းနေသည်ဟု ကျွန်တော့်စိတ်ထဲထင်မိသည်။

ခါတိုင်း သည်အချိန်ဆိုလျှင် အဖေက ကျွန်တော့်ကို နှိုးနေကျ ဖြစ်သည်။ မီးဖိုချောင်ထဲတွင် တကုပ်ကုပ်နှင့်ချက်ပြုတ်နေရှာသော အမေ့အသံကိုလည်း မကြားရ။ ကျွန်တော်သည် မီးဖိုချောင်ဘက်သို့ မျက်နှာသစ်ရန် လာခဲ့၏။





မီးဖိုကို မျက်နှာပေး၍ ထိုင်နေသော အမေ့ကို မြင်လိုက်ရသည်။ သွားတိုက်ရန် ဆားအိုးထဲမှ ဆားတစ်ဆုပ် နှိုက်ယူလိုက်၏။ ထိုစဉ် အမေ့ထံမှ ရှိုက်သံသဲ့သဲ့ကို ကြားလိုက်မိသည်။ အမေသည် မျက်ရည်များကို အင်္ကျီစဖြင့် သုတ်နေ၏။

ကျွန်တော် မည်သို့မျှနားမလည်။ အဘယ်အကြောင်းကြောင့် အမေငိုနေရပါသနည်း။ ကျွန်တော် စဉ်းစား၍မရပါ။ အမေနှင့်အဖေ ရန်ဖြစ်ရအောင်လည်း အဖေသည် အမေ့ကို ရိုက်ရန်မဆိုထားဘိ၊ ခွန်းကြီး ခွန်းငယ်ပင် စကားမများဖူးချေ။

အမေ့အနားသို့ တိုးကပ်သွားရင်း အမေ့ဘေးတွင် ကျွန်တော်ထိုင်လိုက်၏။

"အမေ ဘာဖြစ်လို့ငိုနေတာလဲ၊ ကျွန်တော်မသိရဘူးလား"

အမေကမူ ဘာမှပြန်မပြော။ ကျွန်တော်၏မျက်နှာကိုသာ မော့ကြည့်နေလေသည်။ အမေ့ပါးပြင်ပေါ်တွင် မျက်ရည်များ တွဲခိုနေ၏။ အမေ အငိုမရပ်သေးပါ။ အမေ၏ခံစားချက်များကို မျက်ရည်များက သက်သေခံနေသည်။ အမေ၏ရှိုက်သံသည် တိုးရာမှ တဖြည်းဖြည်းကျယ်လာ၏။ ကျွန်တော့်မှာ စဉ်းစားရခက်လှပါတော့သည်။

အမေ့ကိုတော့ ကျွန်တော်မေး၍ ရလိမ့်မည်မထင်တော့။ အဖေ့ကိုပဲရှာ၍ မေးရလိမ့်မည်။ ကျွန်တော်သည် အဖေ့ကို လိုက်၍ရှာ၏။ အိမ်နံဘေးတွင် ကပ်၍ဆောက်ထားသော နွားတင်းကုပ်ထဲတွင် အဖေထိုင်နေသည်။ အဖေ၏မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



သည် တင်းမာနေ၏။ အဖေ၏မျက်နှာမှ အရေးအကြောင်းများသည် အဖေ့ကို ပို၍အိုမင်းစေ၏။ အဖေသည် ဟိုးအဝေးဆီမှ လယ် ကွင်းပြင်ဘက်သို့ ငေးကြည့်နေသည်။ အဖေရှိရာသို့ ကျွန်တော်လျှောက်လာခဲ့၏။ ခြေသံကြားသွားသည် ထင်သည်။ အဖေက ကျွန်တော့်ဘက်သို့ ငဲ့စောင်း၍ ကြည့်သည်။

“အမေငိုနေတာ သားတွေ့ခဲ့တယ်။ အဖေနဲ့အမေတို့ ရန်ဖြစ်ကြတာလားဟင်”

“အဖေတို့ ရန်ဖြစ်ကြတာမဟုတ်ဘူး သား။ ဆုံးရှုံးမှုကြီး တစ်ခုကို ခံစားနေရလို့၊ အဖေတို့ရဲ့. . . ”

အဖေ၏စကားသံရပ်တန့်သွားသည်။ အဖေဆက်ပြောမည့် စကားကို ကျွန်တော်ကြားချင်နေသည်။

“တောက်”

အဖေ၏ တောက်ခေါက်သံသည် ကျယ်လောင်နေ၏။ အဖေ၏အမူအရာကို ကြည့်၍ -

“ငါတို့အိမ်မှာ ဘာတွေဖြစ်နေသလဲ”

ဟု ကျွန်တော့်တွင် စိုးရိမ်စိတ်များဝင်လာမိသည်။

“ရွှေနီကြီးလေ. . . သား၊ ညက လူခိုးခံလိုက်ရတယ်။ အဲဒါအဖေတို့ စိတ်မကောင်း ဖြစ်နေကြတာ။ လုပ်ရက်ကြပါပေ့ ကွာ . . ”

အဖေ၏ဒေါသသည်ကျွန်တော့်ထံသို့ပျံ့နှံ့ရောက်ရှိလာသည်။ လက်သီးနှစ်ဘက်ကိုကျစ်ကျစ်ပါအောင်ဆုပ်လိုက်မိ၏။



ရွှေနီဆိုသည်မှာ ကျွန်တော်တို့အိမ်တွင် ဂရုတစိုက်ကျွေးမွေးထားသော ကြက်ဖကြီးဖြစ်သည်။ အဆင်အသွေးလှပရုံမက၊ အလွန်လိမ္မာလွန်းလှသဖြင့် တစ်အိမ်သားလုံး၏အချစ်တော်လည်း ဖြစ်၏။

“ရွှေနီကြီး ကိုဝင်းတင်တို့အိမ်ဘက်မှာ အိပ်တန်းသွားတက်နေတာ နှစ်ည သုံးညလောက်တော့ရှိပြီ။ မနက်က အဖေသွားရှာတော့ ရွှေနီကြီးပျောက်နေတယ်။ ကိုဝင်းတင်ကတော့ ပြောတယ်။ ညက ချိုးချိုးချွတ်ချွတ်အသံတွေ ကြားလို့ ထကြည့်မိသေးတယ်တဲ့။ လူရိပ်မြင်လို့ အိမ်ပြင်ထွက်ကြည့်တော့ လူနှစ်ယောက်ထွက်ပြေးသွားတာ မြင်လိုက်တယ်လို့ ပြောတယ်။ ဒီမနက်ကျမှ အဖေတို့ရွှေနီကြီးအခိုးခံရတယ်ဆိုတာ သိရတော့တယ်။ ကိုဝင်းတင်တို့ တစ်အိမ်သားလုံးလည်း ရွှေနီကြီးအတွက် စိတ်မကောင်းဖြစ်နေကြတယ်”

ကျွန်တော်သည် အဖေ့ကိုကြည့်ရင်း ဘာပြောရမှန်းမသိဖြစ်သွား၏။ ဦးဝင်းတင်၏အိမ်သည် ကျွန်တော်တို့အိမ်၏ အနောက်ဘက်တွင် ရှိသည်။ အိမ်ချင်းနီးကပ်နေသည့်အပြင် ကျေးရွာတို့၏ထုံးစံအတိုင်း ခြံစည်းရိုးများလည်း မရှိသဖြင့် ကူးလူးသွားလာရန် လွယ်ကူလေသည်။

အရာရာသည်ကား နောက်ကျသွားခဲ့ပေပြီ။ အဖေ၏ တင်းမာခက်ထန်နေသောမျက်နှာသည် ကျွန်တော်၏အမြင် အာရုံထဲတွင် တဖြည်းဖြည်း မှုန်ဝါးသွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



“စည်သူဖြိုးရေ ငါတို့ ဒီနေ့ည ထမင်းချက်စားရအောင်လား။ ကြက်သားဟင်းချက်စားကြမယ်ဟေ့။ ရွာထဲမှာ ကြက်သွားခိုးကြရအောင်။ ဇော်မျိုးအောင်က ကြက်ခိုးလျှင်တယ်ကွ။ မင်းကိုပဲ ဆရာတင်ရမှာပဲ။ စည်သူဖြိုးက ထင်းရှာထား။ ငါတို့ကြက်ခိုးပြီး ရလာတာနဲ့ ဆီ၊ ငံပြာရည်၊ ငရုတ်၊ ကြက်သွန်လိုအပ်တာတွေ တစ်ပါတည်းယူလာခဲ့မယ် ကြားလား”

အောင်ကိုကို၏စကားကို ထောက်ခံသည့်သဘောဖြင့် ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။ ဇော်မျိုးအောင်၏အိမ်တွင် ကျွန်တော်တို့ တိုင်ပင်နေကြခြင်း ဖြစ်သည်။ သည်ရာသီဆိုလျှင် ဇော်မျိုးအောင်၏ အဖေနှင့်အမေက ကိုင်းခင်းထဲတွင် သွားရောက်နေထိုင်ကြသည်။ ထိုအချိန်သည် ကျွန်တော်တို့ သူငယ်ချင်းတစ်စုအတွက် ပျော်စရာကောင်းသော အချိန်များဖြစ်သည်။

ဇော်မျိုးအောင်နှင့် အောင်ကိုကိုတို့က ရွာထဲသို့ ထွက်ခွာသွားကြသည်။ ကျွန်တော်က ဘကြီးထွန်းအိမ်ဘက်သို့ ထင်းရှာရန် လာခဲ့၏။ ထင်းရှာသည်ဆိုသော်လည်း ဘကြီးထွန်းတို့အလစ်တွင် ထင်းခိုးရန်သာ ဖြစ်၏။ ကျွန်တော်ပြန်ရောက်တော့ သူတို့က ကြက်သားတုံးများ ခုတ်ထစ်ပြီးနေလေပြီ။

“မင်းတို့ ပြန်ရောက်တာ စောလှချေလားကွ”

“ငါကတော့ ဘကြီးထွန်းတို့အလစ်ကို စောင့်ပြီးမှ ထင်းယူလာရလို့ ကြာသွားတယ်”

“စောမှာပေါ့ကွ၊ မင်းတို့အိမ်နောက်ဘက်က ဦးဝင်းတင်တို့အိမ်ကကြက်ကို ဝင်ခိုးတာကိုး။ ကြက်ကလွယ်လွယ်ရပါတယ်



ကွာ။ ခြံထဲကပြန်အထွက်မှာ အိမ်သားတွေနိုးလာလို့ မနည်းလွတ်အောင် ထွက်ပြေးခဲ့ရတယ်။ အဟင်းဟင်း . . . မောသွားတာပဲကွာ”

ဇော်မျိုးအောင်က ဖြစ်ပျက်ခဲ့ပုံကိုပြောပြသည်။ အောင်ကိုကိုက မီးမွှေးပြီးထမင်းအိုးတည်နေသည်။ ကျွန်တော်က ချင်းနှင့်ကြက်သွန်များနွှာကာ လှီးပေးသည်။ ဇော်မျိုးအောင်က ကြက်သားတုံးများကို ငံပြာရည်နှင့်နယ်နေ၏။ ကိုယ့်တာဝန်နှင့်ကိုယ်ပြီးစီးအောင် လုပ်ကြသည်။ အားလုံးပြီးလျှင် ဇော်မျိုးအောင်က ကြက်သားအိုးကို မီးဖိုပေါ်သို့ တင်၏။ သင်းပျံ့သော ဟင်းရနံ့သည် မွှေးကြိုင်၍နေသည်။ ဟာနေသော ဝမ်းဗိုက်သည် ဆာလောင်မွတ်သိပ်လာ၏။ ဟင်းအိုးထဲသို့ ဟင်းမွှေးမဆလာ ထည့်လိုက်သောအခါ ပို၍ နေမထိထိုင်မသာဖြစ်လာရသည်။

ခဏအကြာတွင် ကြက်သားဟင်းအိုးကျက်ပါသည်။ ကျွန်တော်က ပန်းကန်ပြားများထဲသို့ထမင်း ထည့်ပေးသည်။ ဇော်မျိုးအောင်က ဟင်းအိုးကိုလက်နှီးဖြင့်မယူလာပြီး သူငယ်ချင်းများအလယ်တွင်ချသည်။ အပူငွေ့များ အပေါ်သို့ ပျံ့လွင့်နေသည်။

“ကဲ . . . အားရပါးရသာစားကြပေတော့ဟေ့။ ငါတို့သူငယ်ချင်းတွေ ထမင်းလက်ဆုံ စားရတာသိပ်ပျော်စရာကောင်းတာပဲ”

ဇော်မျိုးအောင်က နဖူးမှချွေးများကို သုတ်ရင်းပြောသည်။ ထမင်းစားပြီးသောအခါ ဗိုက်လေး၍ ငိုက်မျည်းလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည်လူစုခွဲကာ ကိုယ့်အိမ်သို့ကိုယ် ပြန်လာခဲ့ကြသည်။ ကျွန်တော်အိမ်ပြန်ရောက်တော့ သန်းခေါင်ကျော်နေပေပြီ။

"အဖေတို့မှာ ဒီကြက်ဖကြီးတစ်ကောင်တည်းပဲ မွေးထားတာ။ လူစကားလည်းနားလည်တယ်။ အဖေတို့လယ်သမားတွေ လယ်ဆင်းချိန်မှာ အချိန်နာရီအတွက် ရွှေနီကြီးရဲ့ တွန်သံကိုပဲ အားကိုးနေရတာ။ အဖေသိပ်နှမြောတာပဲကွာ"

အဖေ့စကားသံကြောင့် ကျွန်တော်စဉ်းစားခန်းများ ရပ်တန့်သွားသည်။ ကျွန်တော်တို့သူငယ်ချင်းတွေ၏ တစ်ခဏတာ ပျော်ရွှင်မှုအတွက် ရွှေနီကြီး၏အသက်ကို စတေးခဲ့ရသည်။ ကျွန်တော်တို့တစ်အိမ်သားလုံး ဝမ်းနည်းမှုတွေနှင့် ကြုံတွေ့နေရလေပြီ။ ဘယ်သူမပြုမိမိမှုဆိုသလို ကိုယ်ကိုယ်တိုင်ပါဝင်လှုပ်ရှားခဲ့သော ကြက်ခိုးစားခြင်းသည် မိမိကိုယ်တိုင်ထိခိုက်ခံစားနေရပြီ။

ကျွန်တော့်မျက်ဝန်းအိမ်မှမျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာသည်။ ကြက်ဖကြီးရွှေနီ ပျောက်ဆုံးခြင်းကြောင့် ကျသောမျက်ရည်ဟု အဖေကထင်ပါလိမ့်မည်။ ဖြစ်ရပ်မှန်ကိုသာ အဖေသိခဲ့ပါလျှင် ကျွန်တော့်ကို ဘာပြောလိမ့်မည် မသိနိုင်ပါ။ ။

❖ ❖ ❖ ❖

# လယ်ဟင်းလျာ

ကောင်းကင်ပြင်ပေါ်၌ မိုးတိမ်လိပ်တို့ အုံ့မှိုင်းနေ၏။ ကောက်ပင်ပျိုးတို့သည် လယ်ကွင်းပြင်ထဲ၌ စိမ်းနေသည်။ မိုးမချရသေးသော လယ်ကွင်းပြင်များ၌လည်း ရေများဖွေးနေသည်။ ရေနည်းသော လယ်ကွက်များထဲသို့ ရေယူထားသော ကန်သင်းများမှ ရေဒလဟောစီးဆင်းနေသည်။ စန်းလွင်၊ ခင်ချို၊ သောင်းငွေတို့ လယ်ကွင်းပြင်ဘက်သို့ ရင်တွန်းတစ်လက်နှင့် ထွက်ခဲ့၏။ ရင်တွန်းဆိုသည်ကား နိုင်လွန်ငါးဖမ်းကိရိယာတစ်မျိုးဖြစ်သည်။ ယခုလို မိုးဦးကျစအချိန်၌ လယ်ကွင်းပြင်များတွင် ဟင်းစားရှာဖွေရသော ကိရိယာတစ်မျိုးပင်။

ကန်သင်းပေါင်ပေါ်မှ မြေသားများမှာ ပျော့အိနေသည်။ သူတို့၌ဖိနပ်များ မပါသဖြင့် ခြေထောက်များတွင် ရွှံ့မြေများ အလိမ်းလိမ်းပေကျံနေ၏။ ကောက်ပင်များ စိုက်ထားသော လယ်ကွက်များမှအပ ကျန်လယ်ကွက်များတွင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်စီ ရင်တွန်းထိုးကြသည်။ တင်ချို ရင်တွန်းထိုးရသည့် အလှည့်၌ လယ်ကန်သင်းပေါင်ပေါ်သို့ ရင်တွန်းကို မေးတင်လိုက်သည်။ ရင်တွန်းထဲတွင် လယ်ငါးများနှင့် လယ်ပုစွန်လုံး ပလီမ၊ ဒေါက်ပဆစ်၊ မိုးမျှော်ပါလာသည်။ စန်းလွင်နှင့် သောင်းငွေက လယ်ငါးများကို ပလိုင်းတစ်လုံးထဲသို့ ဖမ်းထည့်သည်။ ကျန်ပလီမ၊ ဒေါက်ပဆစ်၊ မိုးမျှော်နှင့် လယ်ပုစွန်လုံးတို့ကို ပလိုင်းတစ်လုံးထဲသို့ ထည့်၏။

ဒေါက်ပဆစ်ဆိုသည်မှာ အဆစ်ဆစ်ကလေးများနှင့် ရှည်မျောမျောသတ္တဝါငယ် ဖြစ်သည်။ ဟင်းချက်စားသောအခါ အလွန်ဆိမ့်သည်။ မိုးမျှော်သည်ကား ပိုးနံ့ကောင်ကဲ့သို့သော ပိုးကောင်ငယ်တစ်မျိုးဖြစ်ပြီး ယခုလို မိုးရာသီ၌ ရေထဲတွင် ကျက်စားသော သတ္တဝါငယ်ဖြစ်သည်။ လယ်ငါး၊ လယ်ပုစွန်လုံးတို့နှင့်အတူ ရောနှောချက်စားရသော လယ်ယာထွက် ဟင်းလျာပင်။ ပလီမအကြီးများကို သူတို့ပြန်လွှတ်ပစ်ကြသည်။ ပလီမအငယ်များသာ ပလိုင်းထဲသို့ ထည့်သည်။ ပလီမအကြီးများက ဟင်းချက်စား၍ မကောင်းပေ။

"စန်းလွင်၊ မင်းတစ်လှည့်ထိုးဦးကွာ၊ မင်းတစ်လှည့်ထိုးပြီးရင် ဟိုဖက်လယ်ကွက်မှာ ထိုးကြမယ်"

တင်ချိုက ဆိုသည်။

စန်းလွင်ရင်တွန်းထိုးပြန်သည်။ ရင်တွန်းကို ရေစပ်စပ်ဖြစ်နေသော လယ်ကွင်းပြင်ထဲ၌ တွန်းပြေး ပြေးထိုးသည်ကို ရင်တွန်းထိုးသည်ဟု ဆိုခြင်းဖြစ်သည်။ သည်တစ်ကြိမ်၌ လယ်ငါးမ



တော့။ ပုစွန်လုံးသုံးကောင်နှင့် ပလီမများသာ ပါလာသည်။ တင်ချိုနှင့် သောင်းငွေတို့ ပလိုင်းထဲသို့ ကောက်ထည့်ကြသည်။ စန်းလွင်က လယ်ကန်သင်းပေါင်ပေါ်၌ အမောဖြေနေသည်။ ရင်တွန်းထဲ၌ ပါလာသော ရွံ့ဖြစ်စ မြေကျစ်စာခဲများနှင့် အမှိုက်သရိုက်များကို လယ်ထဲမှ ရေဖြင့်ဆေးကြသည်။ ထို့နောက် သူတို့သည် လယ်ကွင်းပြင်ဘေး လှည်းလမ်းကြောင်း၌ ရင်တွန်းထိုးကြပြန်သည်။ နွေအခါ၌ ဖုန်တထောင်းထောင်း ထနေသော လှည်းလမ်းကြောင်းသည် ယခုတော့ ရေတွေဖုံးနေသည်။ မြက်ပင်ရှည်များကြားတွင် ခိုကပ်နေသည့် လယ်ငါးများသည် ရင်တွန်းထဲ၌ ပါလာကြသည်။

"တင်ချို၊ ဟိုကောင် စန်းလွင် ဘာခူးနေတာလဲ"

သောင်းငွေက မေးသည် ။ တင်ချိုက -

"လယ်ကန်စွန်းရွက်တွေ ခူးနေတာလေကွာ၊ တို့လဲ သူနဲ့အတူ ကန်စွန်းရွက်ခူးကြရအောင်၊ ကန်စွန်းရွက်ချဉ်ဟင်းက စားကောင်းတယ်ကွ၊ လယ်ငါး၊ လယ်ပုစွန်လုံး ဆီပြန်ဟင်းနဲ့ဆို ထမင်းမြိန်ပါ့ကွာ"

ထိုစဉ် မိုးတဖြောက်ဖြောက် ရွာလာသည်။ သူတို့အားလုံး ငါးခမောက်များ ဆောင်းထားသော်လည်း ကိုယ်ခန္ဓာများ၌ အကာအကွယ်မပါ၍ စိုရွှဲကုန်၏။ သူတို့သည် လှည်းလမ်းကြောင်းဘေး၌ ကပ်ပေါက်နေသော လယ်ကန်စွန်းရွက်များကို ခူးကြသည်။ စန်းလွင်က လယ်ကန်စွန်းရွက်များအပြင် အခြားဟင်းသီးဟင်းရွက်များပါ ခူးယူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စန်းလွင် ဘာပင်တွေလဲကွ"

"လယ်သရက်ကင်းနဲ့ လယ်ပတူတွေလေကွာ၊ အ
အမြှုပ်နဲ့ စားရမယ်"

စန်းလွင်ပြောသကဲ့သို့ လယ်သရက်ကင်းပင်များမှာ အ
စိမ်းသည်။ အပင်ငယ်သည်။ အနံ့မှာ သရက်ကင်းနဲ့ မွှေးသ

"သူငယ်ချင်းတို့ ဒီမှာ ကနဖော့၊ ကညွှတ်၊ ထိကရုံးနဲ့ ပုစွန်
တွေပါရှိတယ်။ တို့တွေခူးသွားရအောင်"

တင်ချိုက လယ်ကွင်းဘေးမှ အပင်များကို ကြည့်၍
သည်။ သူတို့သူငယ်ချင်းများသည် လယ်ကွင်း၏ဝန်းကျ
သစ်ပင်များကို ခူးဆွတ်ကြတော့သည်။ ခူးဆွတ်ပြီးနော
လှည်းလမ်းကြောင်းဘေးမှ မြက်ပင်ရှည် ငါးပင်၊ ခြောက်ပင်
ကို ကျစ်လစ်၍ ချည်နှောင်စရာလုပ်ကြသည်။ ခူးဆွတ်
သော လယ်ကန်စွန်းရွက်များနှင့် လယ်ထဲမှရရှိသည့် ဟင်း
ဟင်းရွက်များကို မြက်ပင်ကြိုးဖြင့် စည်းကြသည်။ ထို
ရွာဦးဘုန်းကြီးကျောင်းမှ ကလတက်ခေါက်သံ ကြားရသ
သံဃာတော်အရှင်မြတ်များ ဆွမ်းဘုဉ်းပေးတော့မည် ဖြစ်သ
သူတို့သူငယ်ချင်းသုံးယောက် ရွာရောက်လျှင် ရင်တွန်းထို
ရရှိထားသော ဟင်းစားများနှင့် လယ်ငါးကို ညီတူညီမျှ ခွဲဝေ
ကြမည်။ ထို့ပြင် လယ်ထဲမှ ခူးဆွတ်ထားသော ဟင်း
ဟင်းရွက်များလည်း ခွဲဝေယူကြဦးမည်။



သူတို့ ရင်တွန်းထိုးနေသော လယ်ကွက်များသည် ရွာနှင့် မဝေးလှ။ ရွာဦးဘုန်းကြီးကျောင်းမှ အုန်းပင်များ၊ သရက်ပင်များနှင့် အခြားအရိပ်ရအပင်များကို လှမ်းမြင်နေရသည်။ ထို့ပြင် ဘုန်းကြီးကျောင်းနှင့် ကပ်လျက်ဆောက်ထားသော စာသင်ကျောင်းကိုလည်း မြင်ကြရသည်။ ဤကျောင်း၌ပင် သူတို့ ကျောင်းတက်နေသည်မှာ စတုတ္ထတန်းသို့ ရောက်နေပြီ။ သည်နေ့ ကျောင်းပိတ်ရက်ဖြစ်သဖြင့် သူတို့သူငယ်ချင်းတစ်စု ရင်တွန်းထိုးထွက်ခဲ့ခြင်းဖြစ်သည်။ ယခု သံဃာတော်များ ဆွမ်းဘုဉ်းပေးချိန်ဖြစ်နေ၍ နေမွန်းတည့်တော့မည်။ သူတို့အားလုံး ပင်ပန်းနေ၍ ဆာလောင်မွတ်သိပ်လာချေပြီ။

ထို့ကြောင့် စန်းလွင်က ရင်တွန်းကို ထမ်းသည်။ တင်ချိုက ပလိုင်းနှစ်လုံးကို လွယ်သည်။ သောင်းဌေးက ဟင်းသီးဟင်းရွက်များကို ထမ်းသည်။ သူတို့ဦးတည်ရာကား ရွာဆီသို့ဖြစ်သည်။ ရှုမဆုံးနိုင်အောင် ကျယ်ပြန့်သော လယ်ယာမြေထဲမှ ရရှိသည့် လယ်ငါးများ၊ လယ်ပုစွန်လုံးများ၊ ဟင်းသီးဟင်းရွက်များမှ သူတို့ရွာသူရွာသားများအတွက် လယ်ဟင်းလျာများပင် ဖြစ်ပေတော့သတည်း။ ။

❖

www.burmeseclassic.com

www.burmeseclassic.com

## ကျွဲကျောင်းဖျိုင်း

အုန်းညွန့်သည် သူအနားယူသော ကုက္ကိုပင်ရိပ် အောက်မှ ကျွဲများကို ကြည့်နေမိသည်။ ကျွဲများသည် ရွှံ့နွံထဲတွင် ဝပ်၍ စားမြုံ့ပြန်နေသည်။ ကျွဲအားလုံးက ဆယ်ကောင်ဖြစ် သည်။ ကျွဲများ၏ အရောင်သည် ရွှံ့နွံများနှင့် တစ်ရောင်တည်း ဖြစ်နေသည်။ အုန်းညွန့်တို့ပိုင်သော ကျွဲများမှာ နှစ်ကောင်တည်းသာ ဖြစ်သည်။ ကျန်ကျွဲများမှာ ရွာထဲမှ လယ်သမားများက အုန်းညွန့်ကို အပ်နှံထားသော ကျွဲများဖြစ်သည်။ အုန်းညွန့်သည် ကျောင်းအားလပ်ရက်များ၌ ကျွဲအငှား ကျောင်းလေ့ရှိသည်။ သည့်အတွက် အပိုဝင်ငွေ ရရှိသည်။ အပိုဝင်ငွေသည် အုန်းညွန့်အတွက် ကျောင်းစရိတ်ပင်။

အုန်းညွန့်ကျွဲကျောင်းနေသော နေရာနှင့်ရွာသည် တစ်ခေါ်စာမျှဝေးသည်။ ရွာ၏ လယ်ကွင်းပြင်အစပ်ကို စားကျက်ပြုလုပ်ထားသည်။ အုန်းညွန့်သည် လွယ်အိတ်ထဲမှ စာအုပ်ကို ထုတ်လိုက်သည်။ စတုတ္ထတန်း မြန်မာဖတ်စာအုပ် ဖြစ်သည်။





မနက်ဖြန်ကျောင်း၌ စာပြန်ဆိုရမည်။ အုန်းညွန့် စာဖတ်ဝါသနာပါသည်။ လူကြီးများ၏ ဗဟုသုတပြောစကားများကို မှတ်သားသည်။

"ဖလပ်. . . . . . . ဖလပ်"

"ဒေါက်"

"ထိပါတယ်ကွ၊ ကိုကိုက လက်တည့်ပြီးသားပဲ၊ သွားကောက်ကြရအောင်"

အုန်းညွန့်စာထဲ၌ စိတ်ဝင်စားနေ၍ အသံကြားရာဆီသို့ ယခုမှ လှည့်ကြည့်မိသည်။ သူ့အရွယ် ကောင်လေးနှစ်ယောက်ဖြစ်သည်။ တစ်ယောက်၏ လက်ထဲတွင် လေးခွကိုင်ထားသည်။ တစ်ယောက်က အုန်းညွန့်ကျောင်းနေသော ကျွဲအုပ်ဆီသို့ ရောက်သွားသည်။ ပြန်လာသောအခါ သူ့လက်ထဲ၌ ငှက်တစ်ကောင်ပါလာသည်။ ကျွဲကျောင်းဖျိုင်းဟုခေါ်ကြသည်။ ကျွဲကျောင်းဖျိုင်းသည် အခြားဖျိုင်းများနှင့် မတူ။ နှုတ်သီးအဝါနှင့် ညိုမဲသော ခြေထောက်များရှိသည်။ ကျွဲကျောင်းဖျိုင်းများကို တွေ့လျှင် အုန်းညွန့် ပစ်ခတ်ဖမ်းယူခြင်းမပြုလုပ်ပေ။ ချောက်လှန့်မောင်းခြင်းလည်း မပြု။ ကျွဲကျောင်းဖျိုင်းသည် ကျွဲနွားများ၏ မိတ်ဆွေဖြစ်သကဲ့သို့ လယ်ယာဦးကြီးများ၏ မိတ်ဆွေလည်း ဖြစ်သည်။

"သူငယ်ချင်းတို့ မင်းတို့ ဘယ်ကလဲ"

"ငါတို့လား၊ ကျောင်းပိတ်လို့ မြို့ကအလည်လာတာ၊ ရွာထဲက ဦးဝင်းမောင်တူတွေကွ"

www.burmeseclassic.com

ဦးဝင်းမောင်သည် ရွာမြောက်ဘက်၌ နေထိုင်သူ ဖြစ်သည်။ ရွာမြောက်ဘက်က ပျဉ်ထောင်နှစ်ထပ်အိမ်မှာ သူ့အိမ်ဖြစ်သည်။ ဦးဝင်းမောင်သည် မြို့၌ သူ့ဆွေမျိုးများရှိသည်။ သို့ကြောင့် သူ့ထံ ဆွေမျိုးများက အလည်လာတတ်သည်။

"ငါ ဒီရွာမှာနေတဲ့ အုန်းညွှန့်ပါ။ ကျွဲကျောင်းနေတာလေ၊ သူငယ်ချင်းတို့က မြို့မှာနေပေမယ့် လေးခွပစ် လက်တည့်သားပဲ၊ တစ်ချက်တည်းနဲ့ ကျွဲကျောင်းဗျိုင်းကို ချက်ကောင်းကို မှန်သွားတယ်နဲ့တူတယ်"

"ဟုတ်တယ်ကွ၊ ကိုကိုက လေးခွပစ် လက်ဖြောင့်တယ်၊ ကိုကို့အမည်က ဇော်ထွန်းဦး၊ တို့က ကျော်ထွန်းဦး၊ ခုလဲ ဘကြီးဆီ အလည်လာတုန်း လယ်ကွင်းထဲ ငှက်ပစ်ထွက်လာကြတာ"

"သူငယ်ချင်းတို့ကို ငါတောင်းပန်ပါတယ်ကွာ၊ ကျွဲကျောင်းဗျိုင်းကို ချက်မစားကြပါနဲ့၊ မြေမြှုပ်ပစ်လိုက်ပါကွာ"

"အိမ်ရောက်ရင်ဆီနဲ့ ကြော်စားမလို့ဟာ၊ ဘာဖြစ်လို့ မြေမြှုပ်ပစ်ရမှာလဲ"

အကြီးကောင် ဇော်ထွန်းဦးက ပြောသည်။

"ကျွဲကျောင်းဗျိုင်းဆိုတာ ငါတို့လယ်သမားတွေရဲ့ မိတ်ဆွေပါ၊ ကျွဲတွေ နွားတွေမှာ တွယ်ကပ်နေတဲ့ ပိုးမွှားတွေကို စားပေးတာ၊ မိတ်ဆွေဖြစ်တဲ့ ကျွဲကျောင်းဗျိုင်းကို မသတ်ရဘူးလို့ ဖေဖေက ပြောထားတယ်၊ သူငယ်ချင်းတို့ ဒီကျွဲကျောင်းဗျိုင်း အသေကို ဘကြီးဦးဝင်းမောင် အိမ်ယူသွားရင်လဲ ဘကြီးက ဆူမှာပဲ"



အုန်းညွှန့်၏ပြောစကားကြောင့် ဇော်ထွန်းဦးနှင့်ကျော်ထွန်းဦးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

ကျော်ထွန်းဦးက-

"အုန်းညွှန့်ရာ၊ တို့ညီအစ်ကို အကြောင်းစုံမသိလို့ ကျွဲကျောင်းဗျိုင်းကို လေးခွနဲ့ ပစ်သတ်မိတာပါ၊ တောင်သူလယ်သမားတွေရဲ့ မိတ်ဆွေဖြစ်တဲ့ ကျွဲကျောင်းဗျိုင်းအသားကို မစားတော့ပါဘူး၊ တို့ ဒီလိုလုပ်မိတာကို ဘကြီးဦးဝင်းမောင်နဲ့ မတိုင်ပါနဲ့ကွာ"

"မတိုင်ပါဘူး သူငယ်ချင်းတို့ရယ်၊ ငါ့မှာ ဓားပါတယ်၊ ကျွဲကျောင်းဗျိုင်းသေကို ဒီကုက္ကိုပင်ရိပ်အောက်မှာ မြှုပ်လိုက်ကြရအောင်နော်"

အုန်းညွှန့်၊ ဇော်ထွန်းဦး၊ ကျော်ထွန်းဦးတို့သည် ကုက္ကိုပင်အောက်မှ မြေကြီးကို ဓားဖြင့် တူးသွားကြပါသည်။ မြေတူးပြီးနောက် ကျွဲကျောင်းဗျိုင်းကို အသေကို ထည့်လိုက်သည်။ စုပုံထားသော မြေကြီးများကို ပြန်ဖုံးအုပ်ကြသည်။

"နောက်နောင် ငှက်ပစ်ထွက်ရင် ကျွဲကျောင်းဗျိုင်းတွေရဲ့ အသက်ကိုတော့ မသတ်တော့ပါဘူး အုန်းညွှန့်ရယ်"

ဇော်ထွန်းဦးက ပြောသည်။ ကျော်ထွန်းဦးကလည်း အစ်ကို၏ စကားကို ထောက်ခံကြောင်း ခေါင်းညိတ်ပြပါသည်။ အုန်းညွှန့်သည် သူတို့နားလည်သဘောပေါက်သွားသဖြင့် ဝမ်းသာ ကြည်နူးမိပါတော့သတည်း။ ။

❖ ❖ ❖ ❖

www.burmeseclassic.com

## ခရေပန်းကုံးလေး

"မိစမ်း၊ ညည်း ကျုပ်တို့ ကောက်တဲ့နေရာမှာ လာ ကောက်နဲ့၊ ဒီနေရာက ကျုပ်တို့နေရာ အေ့၊ ဟိုဘက်က အပ အောက်မှာ သွားကောက်ချေ"

"အေးမြရယ်၊ ငါလေ ညည်းတို့ကောက်တဲ့နေရာမှန်း သိပါတယ်။ ဒါပေမဲ့ ဟိုဘက်အပင်တွေက ဒီလောက်အပွင့် မကြွေဘူး၊ ဒီအပင်တစ်ပင်တည်းက ကြွေတာများတယ်၊ ငါ့ကို လည်း ကောက်ခွင့်ပေးပါနော်"

"ဟေ့အေး. . . မရဘူးဟေ့၊ တို့နေရာမှာ မုဆိုးမသမီး အဝင်မခံနိုင်ဘူး၊ ညည်းဟာညည်း ဒီပြင်အပင်အောက်မှာ သွားကောက်၊ ဒါပဲ"

အေးမြက အပြတ်ငြင်းပယ်လိုက်သဖြင့် မိစမ်းယော လည်လည်နှင့် အခြားခရေပင်များဆီသို့ ထွက်ခွာသွားလေ သည်။ အေးမြတို့သူငယ်ချင်းတစ်စုသည် နံနက်စောစောထ





ခရေပန်းကောက်လေ့ရှိပါသည်။ အေးမြတို့ ရွာထိပ်တွင် ခရေပင်သုံးပင်ရှိပါသည်။ ခရေပင်ကြီးတစ်ပင်က အပွင့်ကြွေများ၍ အခြားနှစ်ပင်မှာ အပွင့်နည်းပါသည်။ ထို့အတွက်ကြောင့်လည်း သည်ခရေပင်ကြီးကိုသာ အေးမြတို့အားလုံး ဂရုစိုက်ကြပါသည်။

အေးမြတို့က သူတို့အုပ်စုထဲသို့ မိစမ်းကို အဝင်မခံပါ။ သူ၏အဖေသည် သူ့ခြောက်နှစ်သမီးအရွယ်က ဆုံးပါးခဲ့သည်ဟု အမေ့ထံမှ ကြားရပါသည်။ ဖတဆိုးသမီးဖြစ်သော မိစမ်းကို မိဘစုံရှိသည့် အေးမြတို့က အရောအနှောမခံခဲ့ကြပါ။ အေးမြတို့က ပေါင်းသင်းမှု မပြုသဖြင့် မိစမ်းသည် အေးမြတို့အုပ်စုသို့ သွားရောက်ပေါင်းသင်းခြင်း မပြုရပါ။ မိစမ်းနှင့် အေးမြတို့ အမြဲတမ်း ဆုံတွေ့ဖြစ်ကြသည်မှာ နံနက်ပိုင်း ခရေပန်းကောက်ချိန်တွင်သာ ဖြစ်ပါသည်။ အေးမြတို့ ပန်းမကောက်သည့်အချိန်တွင် မိစမ်းသည် အပွင့်ကြွေများသော ခရေပင်ကြီးအောက်တွင် ပန်းကောက်ပါသည်။ အေးမြတို့ ပန်းကောက်ရန် လာသည့်အခါ အေးမြက ပြောဆိုလွှတ်သဖြင့် အခြားခရေပင်များရှိရာသို့ ထွက်ခွာသွားရပါသည်။

တစ်ခါတစ်ရံ အေးမြတို့ ပန်းကောက်နေသည့် အချိန်တွင် မိစမ်းသည် ခရေပင်ခြေရင်းတွင် ထိုင်၍ အေးမြတို့ကို ငေးမောကြည့်နေတတ်ပါသည်။ အေးမြတို့က မဲ့ရွဲ့စောင်းမြောင်း ပြောဆိုနေကြသော်လည်း အေးမြတို့ကို ပြန်လည်ပြောဆိုခြင်း မပြုဘဲ ခရေပန်းများကိုသာ ကောက်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က အအေးမိ၍ အေးမြအပြင်းဖျားပါသည်။ အေးမြအဖေနှင့် အမေက ဂရုတစိုက်ပြုစုကြပါသည်။ ကျန်းမာရေးဆေးပေးခန်းမှ ဆေးမှူးကို ခေါ်၍ ပြသပါသည်။ ဆေးမှူးက အေးမြကို ဆေးထိုးပေးပါသည်။ အေးမြ၏ရောဂါသည် တိုက်ဖွိုက်ရောဂါဖြစ်ကြောင်း အဖေနှင့်အမေ့ကို ပြောပြပါသည်။ ကောင်းစွာ အနားယူရမည်ဖြစ်ကြောင်း ပြောပြကာ ပြန်သွားပါသည်။ အေးမြနေမကောင်းကြောင်း ကြားရသဖြင့် အေးမြသူငယ်ချင်းများက သတင်းလာမေးကြပါသည်။ အေးမြထမင်းစား၍မရသေးမှန်း သိသဖြင့် ဖျော်ရည်များဝယ်လာ၍ ပေးသည်။ အေးမြ၏ ခုတင်ဘေးက စားပွဲခုံပေါ်ဝယ် ဖျော်ရည်များအပြင် မုန့်ထုပ်များ ပြည့်လျှံလျက်ရှိနေပါသည်။

"သမီး၊ မိစမ်း အပြင်မှာရောက်နေတယ်၊ သမီးနေမကောင်းလို့ သတင်းလာမေးတာတဲ့၊ နောက်ပြီး သူ့ကို တွေ့ခွင့်ပေးပါလို့ ပြောတယ်၊ တွေ့ခွင့်ပေးလိုက်ပါ သမီးလေးရယ် သူ့ခမျာ သနားစရာလေးပါ၊ သမီးတို့က ဝိုင်းပယ်ထားတော့ အားငယ်နေရှာမှာပေါ့"

အိပ်ရာပေါ်တွင် လဲလျောင်းနေသော အေးမြက အမေကို ခေါင်းညိတ်ပြလိုက်မိပါသည်။ အမေအခန်းပြင်သို့ ထွက်သွားပြီး မကြာခင်တွင် မိစမ်းဝင်လာပါသည်။ အေးမြ၏ ခုတင်ဘေးတွင် မတ်တတ်လာရပ်၍ အေးမြနဖူးပြင်ကို လက်ဝါးဖြင့် စမ်းကြည့်ပါသည်။



"အေးမြ နင်ကောင်းသွားမှာပါဟယ်၊ ငါလေ မနက်က အစောကြီး ထပြီး ခရေပန်းကောက်တယ်ဟ၊ ခရေပန်းတချို့ကို ရွာဦးက စေတီမှာ လှူခဲ့တယ်၊ သူငယ်ချင်းအေးမြ နေကောင်းပါစေလို့ ဆုတောင်းခဲ့သေးတယ်၊ နောက်ပြီးတော့ ကျန်တဲ့ခရေပန်းတွေကို ပန်းကုံးသီပြီး အေးမြအတွက် လက်ဆောင်ယူလာခဲ့တယ်၊ ဒီခရေပန်းကုံးလေးတွေကို လက်ခံပါသူငယ်ချင်းရာ"

မိစမ်းသည် သူယူဆောင်လာသည့် ခရေပန်းကုံးလေး ကို အေးမြလက်ထဲသို့ ထည့်ပေးပါသည်။ အေးမြသည် မိစမ်းကို ကြည့်ရင်း ဝမ်းနည်းစိတ်များ ဖြစ်လာပါသည်။ အေးမြက သူ့အပေါ် မခင်တွယ်ခဲ့သော်လည်း သူက အေးမြအပေါ် ကြင်နာမှုများ ရှိနေပါပြီ။

"နောက်နေ့တွေမှာ ငါကိုယ်တိုင် ပန်းကောက်ပြီး လာပို့မယ်နော် သူငယ်ချင်း၊ ဘာဖြစ်လို့ မျက်ရည်ကျရတာလဲ သူငယ်ချင်းရယ်၊ အေးအေးသက်သာ နေစမ်းပါကွာ၊ နောက်တစ်ရက်နှစ်ရက်ကြာရင် နေထိုင်ကောင်းသွားမှာပေါ့"

အေးမြပါးပြင်ပေါ်တွင် မျက်ရည်များ စီးကျ၍နေပါပြီ။ အေးမြက မိစမ်း၏ လက်ကို ဖျစ်ညှစ်ဆုပ်ယူ လိုက်ပါသည်။

"မိစမ်းရယ် ငါ့ကို ခွင့်လွှတ်ပါနော်၊ မိစမ်းငါ့အပေါ်ထားတဲ့ စေတနာတွေကို အသိအမှတ် ပြုပါတယ်၊ အတွေးအခေါ်လွဲမှားတဲ့ ငါ့ရဲ့ စိတ်ဓာတ်ကို မိစမ်းက ပြင်ပေးတာမို့ မိစမ်းကို လေးစားပါတယ်ကွာ၊ ခရေပန်းကုံးလေးတွေ လက်ဆောင်ပေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ငါနေကောင်းတဲ့နေ့ကျရင် မိစမ်းနဲ့အတူ ခရေပွင့်တွေ အများကြီးကောက်ကြမယ်နော်”

မိစမ်းက ခုတင်ဝေါ်တွင် ထိုင်လိုက်ပြီး မျက်ရည်စိုရွှဲနေသည့် အေးမြ၏ပါးပြင်ကို မွှေးမွှေးပေးလိုက်ပါသည်။ မိစမ်း လက်ဆောင်ပေးထားသည့် ခရေပန်းကုံးလေးသည် အေးမြ၏ ရင်ခွင်ထက်ဝယ်ရောက်နေပြီး သင်းပျံ့သော ခရေပန်းရနံ့သည် အေးမြတို့သူငယ်ချင်းနှစ်ယောက်၏ နှာခေါင်းဝသို့ မွှေးပျံ့သင်း ထုံစွာ ရောက်ရှိလာပါတော့သည်။ ။

❖ ❖ ❖ ❖

## မိုးရာသီဝင်ငွေ

သူငယ်ချင်းဒူးပိုတို့ အိမ်ဝသို့ ရောက်ရှိလျှင် အလွန်မွှေးကြိုင်သင်းပျံ့သော အနံ့သည် သံလုံး၏ နှာခေါင်းထဲသို့ တိုးဝင်လာ၏ ။ အိမ်ထဲသို့ ကြည့်လိုက်သောအခါ ဒူးပို၏မိဘများကို မတွေ့ရပါ။ လယ်ထဲသို့ ရောက်နေကြပြီ၊ သံလုံးအိမ်ထဲသို့ ရောက်သောအခါ ဒူးပိုကို မီးဖိုနား၌တွေ့ရ၏။ ဒူးပိုသည် မီးဖို၌ တစ်စုံတစ်ခုကို မီးဖုတ်နေသည်။ သံလုံး အိမ်ထဲဝင်လာစက ရရှိသောအနံ့သည် ဒူးပို မီးဖုတ်နေသော အနံ့ဖြစ်သည်။

“ဒူးပို နင်ဘာတွေ မီးဖုတ်နေတာလဲ”

သံလုံးက ဒူးပို မီးဖုတ်နေသည်ကို ကြည့်၍ မေးလိုက်၏။

“ဒါ ပုစွန်စာအတွက် မီးဖုတ်တာလေကွာ”

“ဘာ ပုစွန်စာအတွက်”

“မင်းက အံ့သြနေပြန်ပြီ။ လယ်ပုစွန်လုံး ထောင်ဖို့လေ”

သံလုံး သိပါပြီ။ နှစ်စဉ်မိုးရာသီ၌ စပါးခင်းတွေကို လယ်ပုစွန်လုံးတွေ၏လက်မနှင့် ကိုက်ဖြတ်မှုများ ကြုံရတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စပါးအထွက်ကို ထိခိုက်နိုင်ပါသည်။ သို့အတွက် လယ်ယာဦးကြီးများက ပုစွန်လုံးထောင်ကြသည်။ ပုစွန်လုံးထောင်ရာ၌ ပုစွန်စာလိုအပ်သည်။ ပုစွန်စာဆိုသည်မှာ ထမင်းနှင့် ဖွဲနုကို လက်ဖြင့်ဆုပ်၍ မီးဖုတ်ပေးခြင်းဖြစ်သည်။ ပုစွန်စာ၏ မွှေးရနံ့ကြောင့် ပုစွန်လုံးကို များများစားစား ဖမ်းမိ ခြင်းဖြစ်၏။

"ပုစွန်လုံးထောင်ရင် ငါလိုက်မယ်ကွာ။ ဘယ်လယ်ထဲမှာထောင်မှာလဲ"

"ပုစွန်စာရပြီးရင် မင့်အိမ်လာပြောမလို့ ငါတို့ လယ်ထဲမှာပဲထောင်မှာလေကွာ"

ဒူးပိုက ပုစွန်စာများကို ချိုင့်ထဲထည့်ရင်း ပြောပါသည်။ ဒူးပိုနှင့် သံလုံးတို့သည် ရေအိုးလေးလုံးနှင့် ပုစွန်စာထည့်ထားသော ချိုင့်ကိုယူ၍ လယ်ထဲသို့ ထွက်ခဲ့ကြသည်။ ဒူးပိုတို့ရွာမှာ လယ်ကွင်းများ ဝန်းရံနေသည်။ ရွာသို့သွားရာ လူသွားလမ်းကလေး ရှိသည်။ ယခုလို မိုးရာသီအချိန်၌ စိမ်းစိုနေသော စပါးခင်းကြီးမှာ ရွာကို လှပစွာ ဝိုင်းရံထားသည်။ သံလုံးနှင့် ဒူးပိုတို့သည် လယ်ကန်သင်းရိုးများကို ဖြတ်ကျော်ခဲ့ရာ ဒူးပိုတို့လယ်ထဲသို့ ရောက်လာကြသည်။ လယ်စောင့်တဲလေးမှ ဒူးပိုအဖေနှင့်အမေတို့ ထွက်ကြည့်သည်။ သူတို့နှင့် တစ်ခေါ်စာမျှဝေးသည်။

"သား၊ ဒူးပို"

ဒူးပိုအမေက လှမ်းခေါ်သည်။

"သားတို့ ပုစွန်လုံး လာထောင်တာ"

ဒူးပို လယ်ပုစွန်လုံးထောင်လာမည်ကို ဖေဖေနှင့်မေမေကြိုသိပြီးသားဖြစ်သည်။ ဖေဖေနှင့်မေမေတို့ လယ်စောင့်တဲထဲပြန်ဝင်သွားသည်။ လယ်တဲသည် ခေတ္တနားခိုရာနေရာဖြစ်သည်။ ထမင်းအိုး၊ ဟင်းအိုး တည်သည်။ ရေနွေးအိုးတည်သည်။ လူနှစ်ယောက်အိပ်ရန်နေရာ ရှိသည်။ ညပိုင်း၌ ဖေဖေ စောင့်အိပ်သည်။ တစ်ခါတစ်ရံ လူငှားစောင့် အိပ်တတ်သည်။ ဒူးပိုနှင့် သံလုံးတို့သည် လယ်ကွက်ထောင့်မှ မြေကြီးကို ပါလာသော ပေါက်တူးဖြင့် တူးဆွသည်။ လယ်ကန်သင်းပေါက်မှ ရေထုတ်ထားသဖြင့် လယ်ထဲ၌ ရေမရှိတော့ချေ။ လယ်မြေသားမှာ မြေပျော့ဖြစ်သဖြင့် တူးရလွယ်ကူသည်။ ရေအိုးတစ်လုံးစာ မြှုပ်၍ရလျှင် မြေတူးခြင်းရပ်နားပြီး ရေအိုးထည့်သည်။ မြေပေါ်တွင် အိုးနှုတ်ခမ်း နှစ်လက်မခန့်ချန်ပြီး မြှုပ်သည်။ ထို့နောက် အိုးနှုတ်ခမ်းပေါ်သို့ ပုစွန်လုံးတက်နိုင်စေရန် အိုးနှုတ်ခမ်း ပတ်ပတ်လည်ကို ချောနေအောင် ရွှံ့ဖြင့်မံသည်။

ပုစွန်စာကို ညနေ နေဝင်ရီတရောတွင် လိုက်ထည့်ရမည်ဖြစ်သည်။ ထိုအခါ ပုစွန်စာ၏ အမွှေးနံ့ကြောင့် ညအခါတွင် လယ်ပုစွန်လုံးများ စုပုံရောက်ရှိလာပြီး အိုးအတွင်း ဆင်းနေကြမည်။ နံနက်ပိုင်း ရောက်လာသောအခါ ရေအိုးထဲမှ လယ်ပုစွန်လုံးများကို တစ်ကောင်ချင်း ဖမ်းယူရုံဖြစ်သည်။ ပုစွန်လုံးရလာလျှင် ရွာထဲလျှောက်ရောင်းမည်။ ရောင်း၍ မကုန်လျှင် ရွာထိပ်က ဒေါ်စန်းတင့်ထံ ရောင်းမည်။ ဒေါ်စန်းတင့်က ရွာထိပ်၌ အကြော်ဆိုင်ဖွင့်ထားသည်။ ဒေါ်စန်းတင့်က ဒူးပိုတို့ ပုစွန်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပါသမျှ အကုန်ဝယ်သည်။ သူ့ဆိုင်၌ ဘူးသီးကြော်၊ ကြက်သွန်ကြော်၊ အာလူးကြော်၊ ဗယာကြော်၊ ကုလားပဲကြော်တို့ ကြော်ရောင်းသည်။ ရံဖန်ရံခါ မြင်းခွာရွက်ကြော်၊ ကြိတ်မှန်ရွက်ကြော်၊ မြေပဲကြော်တို့ရသည်။ ယခုလို လယ်ပုစွန်လုံးကြော်မှာ ရာသီစာဖြစ်သည်။

ဒူးပိုတို့ ပုစွန်လုံးကြော်ကို ကြိုက်နှစ်သက်သည်။ ဆန်နှစ်နှင့် ကြော်ထားခြင်းဖြစ်ရာ ရေနွေးကြမ်းနှင့် တွဲဖက်၍ စားသောက်လျှင် အလွန်ကောင်းသည်။ နံနက်စောစောဆိုလျှင် ထမင်းကြမ်းနှင့် လယ်ပုစွန်လုံးကြော်တို့ကို စားရသည်မှာ အရသာတစ်မျိုးထူးသည်။ ထို့ပြင် လယ်ထဲမှ ရရှိလာသော လယ်ပုစွန်လုံးများကို အခွံခွာ၍ ပုစွန်ဆီ ထုတ်ယူနိုင်သည်။ လယ်ပုစွန်မှာ ကြက်သွန်နီ ဆီသတ်၍ချက်လျှင် အနံ့အရသာနှင့် ပြည့်စုံသော ဟင်းလျာတစ်မျိုးဖြစ်လာသည်။ လယ်ယာလုပ်ငန်းခွင် ဝင်ကြသူများအတွက် အကောင်းဆုံး ဟင်းတစ်ခွက် ဖြစ်သည်။ ပုစွန်ဆီထုတ်ယူပြီးသော ပုစွန်ရင်ဘတ်သားများကိုသာ ဒေါ်စန်းတင့်ကို ရောင်းသည်။ ဒေါ်စန်းတင့်ကလည်း ကျေကျေနပ်နပ် ဝယ်ယူသည်။ ပုစွန်ဆီများ ပိုလျှံလျှင် ကြွေပန်းကန်ခွက်များနှင့် ထည့်၍ ရွာထဲ လျှောက်ရောင်းသည်။

ပုစွန်ဆီက ပုစွန်ရင်ဘတ်သားထက် လူကြိုက်များသဖြင့် ဝယ်သူများသည်။ အကုန်မြန်သည်။ ဒူးပိုတို့ ပုစွန်လုံးထောင်ခြင်း ပြီးကြပြီ။ အဖေတို့ လယ်စောင့်တဲဆီသို့ သွားနားကြမည်။



နောက်နေ့ နံနက်စောစော၌ ပုစွန်လုံးလာဖမ်းကြဦးမည်။ ရလာသော လယ်ပုစွန်လုံးများကို ဒူးပိုနှင့်သံလုံးတို့ ခွဲဝေယူကြမည်။ ပြီးလျှင် ရွာထဲသို့ သွားရောင်းကြမည်။ ရောင်း၍ရရှိသော ငွေများကို ဝါးကျည်တောက် စုဘူးထဲ ထည့်ကြမည်။ သူတို့ အင်္ကျီ၊ လုံချည်တစ်စုံစာ ဝယ်နိုင်သည်။

လယ်ပုစွန်လုံးများကို ယခုကဲ့သို့ ထောင်ဖမ်းခြင်းသည် မိုးရာသီဝင်ငွေဖြစ်သည့်အပြင် စပါး အထွက်နှုန်းတိုးခြင်းကို တစ်ဖက်တစ်လမ်းက အကျိုးပြုနေသည်။ မကြာမီ စပါးတွေ သီးကြတော့မည်။ ဒူးပိုသည် အဖေနှင့်အမေတို့အား တတ်နိုင်သမျှ ကူညီမည်ဟု စိတ်ကူးထားသည်။ မိုးရာသီ၌ ပုစွန်လုံး ထောင်ဖမ်းခြင်းသည် မိဘကို ကူညီခြင်းဖြစ်သည်။ ထို့ကြောင့် ဒူးပိုအဝတ်အစားအသစ်ရတော့မည်ဖြစ်သည်။ သံလုံးလည်း အဝတ်အစားသစ်တစ်စုံ ရဦးမည်။ ဒူးပိုတို့ရွာမှ ကလေးများသည် ဒူးပိုကဲ့သို့ပင် မိဘများနှင့်အတူ လယ်ယာလုပ်ငန်းခွင်၌ ကူညီလုပ်ကိုင်ပေးလျက် ရှိနေပါတော့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## တို့ရွာက ထမနဲပွဲ

နီတိုး၏ နှာခေါင်းထဲသို့ သင်းပျံ့သောမွှေးရနံ့များ ဝင်လာသည်။ နီတိုးနည်းတူ ဖိုးလုံး၊ ချက်ဖူး၊ အောင်ထူးတို့လည်း ခံစားကြရသည်။ နီတိုးတို့ ရောက်ရှိနေသောနေရာမှာ ရွာလယ် ကွက်လပ်ကြီး ဖြစ်သည်။ နီတိုးတို့ရွာသည် သာယာကုန်းရွာ ဖြစ်သည်။ အိမ်ခြေတစ်ရာကျော်ခန့် ရှိသည်။

ယနေ့သည် တပို့တွဲလပြည့်နေ့ ဖြစ်သည်။

တပို့တွဲလပြည့်နေ့ရောက်တိုင်း ဘကြီးသာအောင် ဦးစီး၍ ထမနဲထိုးပွဲ ကျင်းပကြသည်။ ယခုလည်း ထမနဲထိုးပွဲ ကျင်းပနေခြင်းဖြစ်သည်။ စုစုပေါင်းဒယ်အိုး အလုံးနှစ်ဆယ် ဖြစ်သည်။ နီတိုးတို့ရရှိနေသော ရနံ့များမှာ ထိုထမနဲဒယ်အိုးများမှ ရနံ့များ ဖြစ်သည်။ ထမနဲထိုးသူများမှာ ချွေးတရွှဲရွှဲဖြစ်နေကြသည်။ ဒယ်အိုးတစ်အိုးလျှင် လူငယ်သုံးယောက် တာဝန်ယူထားသည်။ လူငယ်နှစ်ယောက်မှာ တက်တစ်ချောင်းစီဖြင့် မတ်တတ်ရပ်၍





အားကုန်မွှေထိုးနေသည်။ တစ်ဦးမှာ တက်နှစ်ချောင်းကို ကိုင်၍ အချိန်အဆညီအောင် လုပ်ပေးနေသည်။

အနီးမှ ဒိုးပတ်ဝိုင်း၏ အသံကလည်း မြိုင်လှသည်။ ရွာကာလသားခေါင်းဆောင် ကိုဖိုးတုတ်မှာ ဒယ်အိုးများကြားတွင် ကြီးကြပ်အုပ်ချုပ်နေသည်။ နီတိုးတို့ တစ်ရွာလုံးရွာလယ် မြေကွက်လပ်သို့ ရောက်ရှိနေကြသည်။ ရွာလယ်ကွက်လပ်မှာ လယ် ၁ ဧကခွဲခန့် ကျယ်သည်။ သစ်ပင်ရိပ်များကောင်းသဖြင့် မြေပဲရိုက်ခြင်း၊ နေကြာစေ့ထုတ်ခြင်း၊ ငြုတ်သီးဖြန့်ခင်းခြင်း၊ စပါးတလင်းနယ်ခြင်းတို့ ပြုလုပ်နေရာလည်း ဖြစ်သည်။ သာယာကုန်းရွာသည် နှစ်စဉ်တပို့တွဲလပြည့်နေ့ ရောက်တိုင်း ထမနဲထိုးပွဲ ကျင်းပကြသည်။ ထမနဲထိုးပွဲပြီးဆုံးပါက ရွာဦးစေတီသို့ တပျော်တပါးသွားရောက်ကြ၍ ထမနဲဆွမ်းကပ်သည်။ ပြီးလျှင် ရွာဦးဘုန်းကြီးကျောင်းရှိ ဆရာတော်နှင့် သံဃာတော် အရှင်မြတ်များကို ကပ်လှူသည်။

ဘုန်းတော်ကြီးကျောင်း ဇရပ်၌ ရွာသူ ရွာသားများကို ထမနဲများကျွေးသည်။ တပို့တွဲလ ထမနဲထိုးပွဲသို့ ရောက်လျှင် နီတိုးတို့သူငယ်ချင်းအားလုံး ပျော်ကြသည်။ ထိုအထဲ၌ နီတိုး ပိုပျော်သည်။ နီတိုးက ထမနဲကြိုက်သည်။ ထမနဲသည် တစ်နှစ်မှ တစ်ကြိမ်သာ စားရသော အစားအစာဖြစ်သည်။ အခြားအချိန်ကာလများ၌ နီတိုးတို့ မစားကြရပါ။ နီတိုးသည် တပို့တွဲလပြည့်နေ့ကို မျှော်နေသည်။ မိုးရာသီကုန်၍ ဆောင်းရာသီကူးပြောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် တပို့တွဲလပြည့်နေ့ ရောက်ပြီလားဟု အဖေ့ကို နီတိုး မေးလေ့ရှိသည်။ နှစ်စဉ်ရွာ၌ စည်ကားဆုံးပွဲတော်များမှာ မီးထွန်းပွဲတော်နှင့် ထမနဲထိုးပွဲဖြစ်သည်။ နီတိုးက ထမနဲထိုးပွဲကို ပိုမိုနှစ်သက်သည်။ ထမနဲဒယ်အိုးများ ကျက်ပြီဖြစ်သဖြင့် ရွာဦးစေတီသို့ ကပ်လှူရန် ဂျိုင့်ကြီးဂျိုင့်ငယ်များဖြင့် ထည့်နေကြသည်။

ရွာဦးဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းရန်လည်း ထည့်နေကြသည်။ ထမနဲထိုးပွဲ၌လည်း ဆောလျင်စွာ ပြီးသူများကို ရွာလူကြီးများက ဆုချသည်။ ယခုထမနဲထိုးပွဲ၌ ကိုရာကျော်တို့ အဖွဲ့ ပထမဆု ရရှိသည်။ ညကျလျှင် ရွာလည်မြေကွက်လပ်၌ မီးရောင်စုံထွန်းညှိ၍ ဆုပေးမည့် အစီအစဉ်ရှိသည်။ နီတိုးတို့ ရွာဦးစေတီ၌ ထမနဲများကပ်လှူပူဇော်ပြီး ဆီမီးများထွန်းညှိပူဇော်ကြသည်။ ရေချမ်းနှင့် ပန်းများကပ်လှူကြသည်။ လိုရာဆုကို တောင်းကြသည်။ နီတိုးတို့အားလုံး ဘုန်းတော်ကြီးကျောင်း ဇရပ်ပေါ်သို့ ရောက်ရှိနေကြပြီ။ သံဃာတော်အရှင်မြတ်များကို လူကြီးများက ထမနဲကပ်လှူကြသည်။ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူကြသည်။ ရေစက်ချ အမျှဝေပြီးသောအခါ ဆရာတော်ကြီးနှင့် သံဃာတော်အရှင်မြတ်များ ကျောင်းပေါ်သို့ ပြန်ကြွကြသည်။

နီတိုးတို့ ကလေးများကို ဇရပ်ထောင့်၌ သီးသန့်နေရာချပေးထားသည်။ ထမနဲများကို ပလပ်စတစ်ပန်းကန်ပြားများနှင့် ထည့်ကာချပေးသည်။ နီတိုးသည် သူ့အတွက် ထည့်ပေးထားသော ထမနဲများကို ခဏချင်းကုန်အောင် စားပစ်လိုက်သည်။ နီတိုး ဗိုက်မဝသေးပါ။ အနီး၌စားနေသော ဝိုင်းစိန်၏ ပန်းကန်ထဲမှ ထမနဲကို နှိုက်ယူစားလိုက်လေတော့သည်။



"အီး . . ၊ ဟီး . . ၊ အီး . . ဟီး"

ဝိုင်းစိန် ငိုပါလေတော့၏။ ကလေးများနား၌ ထမနဲလိုက်ဝေပေးနေသော ကာလသားခေါင်းဆောင် ကိုဖိုးတုတ် ရောက်လာသည်။

"ဟဲ့၊ ဝိုင်းစိန်လေး ၊ ဘာလို့ငိုရတာလဲ"

"အီး၊ နီတိုးရယ်၊ သမီးပန်းကန်ထဲက ထမနဲယူစားတယ်"

"နီတိုး၊ မင်းဘာဖြစ်လို့ ဝိုင်းစိန်ပန်းကန်ထဲက ထမနဲကို ယူစားရတာလဲ"

"ကျွန်တော် ဗိုက်မဝသေးလို့ပါ ဦးရယ်"

မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် နီတိုးပြောသည်။

"ဟာ ၊ ဒီကလေး ခက်တော့တာပဲ၊ မင်းတို့အားလုံးကို ထမနဲအဝကျွေးမှာပါကွ၊ မင်းဗိုက် မဝသေးလဲ ထပ်ကျွေးမှာပေါ့။ ရော့ . . ရော့ ထပ်ယူ၊ လိုရင်လဲပြော၊ သမီးဝိုင်းစိန်လည်း မငိုနဲ့တော့နော် တိတ် . . . တိတ် "

ကိုဖိုးတုတ် ဝိုင်းစိန်အား အငိုချော့ရင်း ထမနဲထပ်ထည့်ပေးသည်။ နီတိုး အကြိုက်တွေ့သွားသည်။ ခဏအကြာ၌ ဘကြီးသာအောင်နှင့် အဖေတို့ ကလေးများအနားသို့ ရောက်လာသည်။ အဖေက -

www.burmeseclassic.com

www.burmeseclassic.com



"သား၊ ဘာဖြစ်လို့ သမီးလေး ဝိုင်းစိန်ပန်းကန်ထဲက ထမနဲကို နှိုက်ယူစားရတာလဲ၊ မင်းဗိုက်မဝသေးလဲ ထပ်ပေးမှာပေါ့ ထပ်တောင်းပေါ့ကွယ်"

အဖေ့၏စကားကြောင့် နီတိုးသည် အပြစ်ရှိသူပီပီ ခေါင်းငုံ့နေသည်။ ဆေးတံကြီးခဲထားသော ဘကြီးသာအောင်က -

"ထမနဲဆိုတာ ကောက်ညှင်းနဲ့ စီမံပြုလုပ်တဲ့ ဘကြီးတို့မြန်မာ့ရိုးရာ မုန့်တစ်မျိုးပေါ့ကွယ်၊ အဲဒီ မြန်မာ့ရိုးရာမုန့်ကို ဆယ့်နှစ်လရာသီထဲက တပို့တွဲလမှာပဲ ကျင်းပပြုလုပ်ကြတယ်ကွဲ့၊ ဒီအချိန်မှာ ဘာလို့ ကျင်းပရသလဲဆိုရင် ကောက်ညှင်းစပါးသစ်ပေါ်ချိန်လည်းဖြစ်တဲ့အပြင် တို့မြန်မာလူမျိုးတွေရဲ့ ညီညွတ်စုပေါင်းတဲ့ အင်အားကို ပြချင်တာလည်းပါတယ်။ တပို့တွဲလက အလွန်အေးပြီး အဆီခမ်းခြောက်တာကြောင့် ဆီနိုင်တဲ့ ထမနဲကို စားကြရတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံအနှံ့အပြားမှာ တပို့တွဲလတိုင်း ထမနဲထိုးပွဲ ကျင်းပကြတာပေါ့။ ကုသိုလ်လည်းရ ဝမ်းလည်းဝတယ်လေ။ ဘကြီးတို့ သာယာကုန်းရွာမှာ နှစ်စဉ်ကျင်းမနေတာ ငါ့မြေးတို့အသိပဲ မဟုတ်လား"

ဘကြီးသာအောင်သည် ဆေးတံကို တစ်ရှိုက်ဖွာလိုက်ပါသည်။

"စုပေါင်းညီညွတ်အားနဲ့ ဖြစ်ပေါ်လာတဲ့ ထမနဲထိုးပွဲကို အရုပ်ဆိုးအကျည်းတန်အောင် ငါ့မြေး နီတိုးက မလုပ်ရဘူးနော် ထမနဲထိုးတဲ့အခါလည်းကြည့်ဦး ကောက်ညှင်းဆန်၊ အုန်းသီး



မြေပဲ၊ ဂျင်း၊ နှမ်းဆီတို့ အချိုးကျကျ ပါဝင်တယ်။ ထမနဲထိုးတဲ့သူ နှစ်ဦးကလည်း တက်ကြီးနှစ်လက်နဲ့ မခိုမကပ် မွှေပေးရတယ် ဒယ်အိုးကြီးကြပ် ခေါင်းဆောင်လုပ်သူကလည်း ထမနဲနပ်မနပ်နဲ့ အချိုးအဆမှန်မမှန် မီးရှိန်ကောင်းမကောင်း ကြည့်ပေးရတယ်။ ညီညွတ်စုပေါင်းခြင်းနဲ့ ထမနဲဖြစ်တာကွဲ့"

နီတိုးသည် ဘကြီးသာအောင်၏ စကားအဆုံး၌ လက်ထဲတွင် ဆုပ်ကိုင်ထားသော ဆီရွှဲရွှဲထမနဲ တစ်ဆုပ်ကို ပါးစပ်အတွင်းသို့ သွင်းလိုက်လေသည်။ ဤအကြိမ်စားလိုက်သော ထမနဲသည် ပို၍ပင် ချိုမြိန်သွားပါချေပြီ။ ။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# တူတူပုန်းတမ်း ကစားရအောင်

ရှာဦးဘုန်းကြီးကျောင်းထဲ၌ ကျွန်တော်တို့ လူစုမိကြသည်။ တူတူပုန်းတမ်း ကစားရအောင် ဖြစ်ပါသည်။ နွေရာသီကျောင်းပိတ်ရက်များဖြစ်သဖြင့် ကျွန်တော်တို့ အချိန်အားရနေကြပါသည်။ နွေရာသီ ကာလများသည် လယ်လုပ်ငန်းခွင်များ အနားရသောအချိန်လည်း ဖြစ်ပါသည်။ သို့အတွက် ကျွန်တော်တို့ မိဘများ၏ လုပ်ငန်းခွင်များကို မကူညီကြရပါ။

ဘုန်းကြီးကျောင်းထဲ၌ အရိပ်အာဝါသ ကောင်းလှပါသည်။ ကြီးမားသော အပင်ကြီးများရှိသဖြင့် အရိပ်ကောင်းခြင်း ဖြစ်ပါသည်။ ထို့ပြင် ကျွန်တော်တို့ ဆော့ကစားရန်အတွက် ဘုန်းကြီးကျောင်းသည် ကျယ်ဝန်းပြီး လွတ်လပ်မှုပိုရှိပါသည်။ ဘုန်းကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော် တစ်ပါးသာ သီတင်းသုံးပြီး ကပ္ပိယ ဦးသီလ နေထိုင်ပါသည်။ ကျောင်းထဲ၌ ကျွန်တော်တို့ ပုန်းခိုရန် နေရာများစွာ ရှိပါသည်။ တချို့က





သစ်ပင်ပေါ် တက်ပုန်းကြပါသည်။ တချို့က ဇရပ်များတွင် ပုန်းကြပါသည်။ တချို့ကမူ သိမ်ကျောင်းနောက်ဘက်နှင့် ပန်းချုံများ၊ ချုံတောများကြားတွင် လှည့်ပတ်ပုန်းကြပါသည်။

တူတူပုန်းတမ်းကစားရန်အတွက် လိုက်ရှာမည့်သူကို ဦးစွာ ရွေးချယ်ကြပါသည်။ ရှာရမည့်သူမှာ သီဟဇော် ဖြစ်ပါသည်။ သီဟဇော်၏မျက်နှာကို ပုဆိုးဖြင့် စည်းပေးကြပါသည်။ ပြီးမှ ကျွန်တော်တို့ ပုန်းအောင်းကြဖို့ နေရာများ ရှာကြပါသည်။ ဘုန်းကြီးကျောင်းထောင့်က ချုံတောများကြား၌ ကျွန်တော်နှင့် အောင်မင်းဦးတို့ ပုန်းအောင်းကြပါသည်။ တင်ထွန်းအောင်၊ မြင့်သန်း၊ ဒွေးဝင်းတို့က မန်ကျည်းပင်၊ မာလကာပင်များပေါ် တက်ပုန်း ကြပါသည်။ ထွန်းမြင့်၊ မျိုးဇော်လတ်တို့သည်လည်း ကျောင်းအောက်က ထင်းပုံများကြားတွင် ပုန်းကြပါသည်။ ခင်မောင်စိုး တစ်ယောက်သာ မည်သည့်နေရာ သွားပုန်းသည် မသိ။

“တူပြီလားဟေ့”

သီဟဇော်က အားလုံးကို စိန်ခေါ်လိုက်ပါသည်။ ကျွန်တော်တို့ အားလုံးပုန်းခိုပြီးပြီဖြစ်ကြောင်းပြန် အသိပေးလိုက်ပါသည်။

“တူပြီဟေ့”

သီဟဇော်သည် သူ့မျက်နှာမှ ပုဆိုးကို ဖယ်ပစ်လိုက်ပြီး ကျွန်တော်တို့ကို လိုက်ရှာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တင်ထွန်းအောင်- တစ်နှစ်သုံးလေး"

တင်ထွန်းအောင်ကို အရင်ဆုံးတွေ့သွားပါသည်။

"မြင့်သန်း၊ ဌေးဝင်း၊ တစ်နှစ်သုံးလေး"

သစ်ပင်ပေါ် တက်ပုန်းသူအားလုံး မိသွားပါပြီ။ သီဟဇော်သည် တစ်ကျောင်းလုံးကို ပတ်ကာ ရှာနေပါသည်။ ကျွန်တော်တို့မှာ ငြိမ်ပြီး ထိုင်နေကြပါသည်။ အသံမပေးရဲကြပါ။ သီဟဇော်၏ လှုပ်ရှားနေပုံများကို ကျွန်တော်နှင့် အောင်မင်းဦးတို့ မြင်နေရပါသည်။ ခဏအကြာတွင်-

"ထွန်းမြင့်၊ မျိုးဇော်လတ်၊ တစ်နှစ်သုံးလေး"

ထင်းပုံများကြားမှာ ထွန်းမြင့်တို့ကို ရှာဖွေတွေ့ရှိသွားပါသည်။ ကျွန်တော်၊ အောင်မင်းဦး၊ ခင်မောင်စိုးတို့ သုံးယောက်သာ ကျန်ပါတော့သည်။ သီဟဇော်သည် ကျောင်းရှေ့ဘက် အဝင်ဝနေရာများနှင့် သိမ်ကျောင်းနားကို ပတ်ရှာနေပါသည်။ ဖမ်းမိသူအားလုံးမှာ ကျောင်းရှေ့တွင် ထိုင်နေကြပါသည်။

"ကြွက်ကလေးရေ လွတ်အောင်ပုန်း ကြောင်ကြီးလာနေပြီ"

အမိခံထားရသူအားလုံးက သံပြိုင်အော်နေကြပါသည်။ ကျွန်တော်တို့ ပုန်းနေသော ချုံတောဘက်သို့ သီဟဇော် ရောက်လာပါပြီ။ ကျွန်တော်တို့ အသက်မရှူရဲကြပါ။

"အောင်မင်းဦး၊ ချစ်ဆွေ၊ တစ်နှစ်သုံးလေး"

ကျွန်တော်တို့ နှစ်ယောက်ကို တွေ့သွားပါပြီ။ သို့အတွက် ပုန်းနေရာမှထကာ ကျောင်းဘက်သို့ လျှောက်သွားပါသည်။ ခင်မောင်စိုးတစ်ယောက်တည်းသာ ကျန်ပါတော့သည်။ ကျွန်တော်တို့ အားလုံး ညာသံပေးကာ အသံပေးနေရသော်လည်း ခင်မောင်စိုး ပုန်းသော နေရာကို မသိကြပါ။ အချိန်အတန်ကြာသည်အထိ ခင်မောင်စိုးကို ရှာမတွေ့ပါ။ ခင်မောင်စိုး ပုန်းသောနေရာသည်လုံခြုံလိမ့်မည် ထင်ပါသည်။

"ပန်းပေးပြီလားဟေ့"

ကျွန်တော်တို့ အားလုံးက သီဟဇော်ကို မေးပါသည်။

"ပန်းမပေးသေးဘူးကွာ"

သီဟဇော်သည် ကျွန်တော်တို့ကိုပြောပြီး ဆက်လက်ရှာဖွေနေပါသည်။ နဖူးပြင်မှ ချွေးများ ယိုစီးကျနေပါပြီ။ သူလက်မလျှော့ချင်သေးပါ။ ကျွန်တော်တို့သည် ခင်မောင်စိုးပုန်းတတ်သည့်နေရာများကို တစေ့တစောင်း လိုက်ကြည့်မိပါသည်။ သို့သော် မတွေ့ရပါ။ တင်ထွန်းအောင်က ပြုံးနေပါသည်။ ခင်မောင်စိုးကို မမိလျှင် နောက်တစ်လှည့် သီဟဇော်ပင် ဆက်ရှာဖွေရမည် ဖြစ်ပါသည်။ ခင်မောင်စိုးကို ရှာမတွေ့သည့်အဆုံး သီဟဇော် ပန်းပေးလိုက်ပါပြီ။

"ခင်မောင်စိုးရေ ပုန်းတဲ့နေရာက ထွက်လာခဲ့တော့ဟေ့"

အောင်မင်းဦးက ခင်မောင်စိုးကြားအောင် အော်ပြောပါသည်။ ခင်မောင်စိုးအသံကိုမူ မကြားရသေးပါ။ အတန်ကြာမှ-

"သူငယ်ချင်းတို့ ငါ့ဆီလာကြပါဦး"

ရေတွင်းနားမှ ခင်မောင်စိုးအသံကြားရပါသည်။ ကျွန်တော်တို့ အသံကြားရာဆီသို့ ပြေးသွားကြပါသည်။ ကျွန်တော်တို့ ရေတွင်းနားမရောက်မီ ဝုန်းခနဲအသံကို ကြားလိုက်ရပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခင်မောင်စိုး အတွက် စိတ်ပူသွားမိပါသည်။ ရေတွင်းနားရောက်သောအခါ ရေတွင်းထဲ၌ ယက်ကန်ယက်ကန် ဖြစ်နေသော ခင်မောင်စိုးကို တွေ့လိုက်ရပါသည်။ ခင်မောင်စိုးသည် ရေတွင်းအုတ်ပေါင်ပေါ်ပြန် အတက်တွင် လက်မမြဲဘဲ ရေတွင်းထဲသို့ ပြုတ်ကျသွားခြင်း ဖြစ်ပါသည်။

ဖြစ်ပျက်ပုံကို ကပ္ပိယဦးသီလဆီသို့ ကျွန်တော်တို့သွားပြောရပါသည်။ ကပ္ပိယဦးသီလနှင့် ရွာထဲမှ လူကြီးများက ခင်မောင်စိုးကို ကုန်းပေါ်သို့ ဆယ်တင်ကြပါသည်။ ခင်မောင်စိုးသည် ရေမွန်းသွားခြင်းမှ လွဲ၍ ဘာမျှမဖြစ်ပါ။ ခင်မောင်စိုးကို ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုကုသကြသဖြင့် အသက်ချမ်းသာရာ ရရှိသွားပါသည်။ အသက်အန္တရာယ် ဖြစ်စေတတ်သော ကစားခြင်းကို ရှောင်ကြဉ်ရမည်ဟု ဖေဖေက ပြောဖူးပါသည်။

တူတူပုန်းတမ်းကစားခြင်းသည် အသက်အန္တရာယ် မဖြစ်စေသော်လည်း ပုန်းအောင်းသောနေရာသည် အန္တရာယ်ရှိသောနေရာဆိုလျှင် မပုန်းခိုသင့်ကြောင်း ကျွန်တော်တို့အားလုံး သိကြပါပြီ။ သို့ဖြစ်ရာ နောက်တစ်ကြိမ် တူတူပုန်းတမ်းကစားမည်ဆိုပါက အန္တရာယ်ကင်းရှင်းသော နေရာများ၌သာ ပုန်းခိုကာ ပျော်ပျော်ရွှင်ရွှင် ကစားကြပါတော့မည်။ ။

❖ ❖ ❖ ❖

## ကြက်တိုက်ပွဲ

လူအားလုံး ငြိမ်သက်တိတ်ဆိတ်လျက်ရှိကြ၏။ စည်းဝိုင်းအတွင်းရှိ တိုက်ကြက်နှစ်ကောင်မှာ မခွပ်သေးဘဲ တစ်ကောင်နှင့်တစ်ကောင် အလစ်ချောင်းလျက်ရှိသည်။ သာဂိနှင့် ပေတိုးသည် ကြက်ပွဲ၏မြင်ကွင်းကြောင့် နေရာမှ မရွေ့နိုင်ကြ။ ဒီနေ့တွင်းကြီးရွာ ကြက်တိုက်ပွဲကောင်းသည်။ ကြက်များမှာ ရွာခံကြက်နှင့် သရက်ဖြူရွာမှ လာတိုက်သော ကြက်ဖြစ်သည်။ ရွာခံကြက်မှာ ဦးအောင်ကျော်၏ ကြက်ဖြစ်သည်။

တိုက်ကောင်းဟု အမည်မှည့်ထားသည်။ အမည်နှင့်လိုက်အောင်ပင် တိုက်ကောင်းသည် ပွဲတိုင်းကျော်သည်။ တိုက်ကောင်းနှင့် ရင်ဆိုင်ရမည့်ကြက်မှာ ကျွမ်းစိန်ဖြစ်သည်။ ကျွမ်းစိန်ကား အရှောင်အတိမ်း ကောင်းလှသည်။ ကြက်နှစ်ကောင်မှာ ပွဲတိုင်းကျော်များဖြစ်၍ လောင်းကြေးကြီးသည်။ ကြက်ပွဲမစခင်ကပင် လောင်းကြေးထပ်ပြီးနေပြီ။ သို့သော် ကြက်တို့



www.burmeseclassic.com

www.burmeseclassic.com



ခွပ်လက်ကြည့်၍ လောင်းကြေးထပ်ဦးမည်ဖြစ်သည်။

ဤနေရာသည် တွင်းကြီးရွာနှင့် နှစ်ခေါ်စာမျှ ဝေးသော နေရာ၊ ကုက္ကိုပင်ကြီးသုံးပင် ဆုံပေါက်ရာနေရာ ဖြစ်သဖြင့် အရိပ် ကောင်းလှပေသည်။

"တိုက်ကောင်းကွ၊ တို့တိုက်ကောင်းကွ ရန်သူဆို ဗိုလ်မ ထားပေ့"

တိုက်ကောင်းဘက်က တွင်းကြီးရွာသားတို့ အော်သည်။

"ကျွမ်းစိန်ကွပေ့၊ ပွဲတိုင်းကျော်ခဲ့တာ၊ ဒီပွဲမှာလည်း ကျွမ်းစိန်ဗိုလ်ပဲကွ"

သရက်ဖြူရွာဘက်မှ အားပေးသံဖြစ်သည်။

လူများ၏ အားပေးသံကို နားလည်၍လား သို့တည်းမ ဟုတ် ရင်ဆိုင်ယှဉ်ပြိုင်ရမည့် အနေအထားကြောင့်လား မသိ ကြက်နှစ်ကောင်ကား ခွပ်ကြလေပြီ။ တောင်ပံခတ်သံများကား ကျယ်လောင်လှသည်။ ကြက်နှစ်ကောင်၏ ခြေနှစ်ဖက် အတက်များမှာလည်း ချွန်ထက်နေ၍ ထိမိလျှင် သက်သာမည် မဟုတ်။ ကြက်နှစ်ကောင်စလုံးမှာ ပွဲတိုင်းကျော်များဖြစ်၍ ခွပ်နေ ကြသော်လည်း ဒဏ်ရာမရကြသေးပေ။ သုံးမိနစ်စေ့သွားကြော ကြက်ဒိုင်က အချက်ပြ၍ ကြက်ကုသူများက ကြက်များကို ကောက်ယူကြသည်။

အဝတ်များကို အာငွေ့မှုတ်၍ ဖိကပ်ပေးနေကြသည် အသင့်ဆောင်ထားသော ရေများဖြင့် တောင်ပံနှင့် ကိုယ်လုံး



မျက်နှာတို့ကို ပွတ်သပ်ပေးနေသည်။ နောက်တစ်ကြိမ် တိုက်ကြ ပြန်လေသည်။ ဒီတစ်ကြိမ်လည်း နှစ်ကောင်စလုံး ခွမ်းအားသန် ကြသည်။ အရှောင်အတိမ်းကောင်းသဖြင့် ထိခိုက်မှုကား မရှိ သေး။ သာဂိနှင့် ပေတိုးတို့သည် မိမိတို့ရွာကြက်ဖြစ်သော တိုက်ကောင်းဘက်မှ အားပေးနေ၏။ ထို့ပြင် ငွေ ၅၀၀ ကျပ်ကို လည်း နှစ်ယောက်စပ်လောင်းထားကြသည်။

ကြက်နှစ်ကောင်စလုံးမှာ ဆန်စေ့နှင့် ပြောင်းဆန်သာ ကျွေးထားသဖြင့် ကြက်ခွပ်မာသည်။ ကြက်အားသန်သည်။ တိုက်ကြက်များကို အဆီမပါသော အစာများသာ ကျွေးရသည်။ အဆီပါသော အစာများကို ကျွေးမိပါက အဆီပိတ်၍ ကြက်မခွပ် နိုင်တော့။ တိုက်ကြက်တိုင်း နံနက်စောစော ရေအဝတိုက် ထားရ၏။ အခုကြက်ပွဲကား အချိန်အကန့်အသတ်မရှိ။ ပြေးရှုံး၊ ကြောက်ရှုံးမဟုတ်၊ နာရှုံး၊ ကွဲရှုံး ဖြစ်သည်။ နာရှုံး၊ ကွဲရှုံး ဆိုသည် မှာ တိုက်ကြက်၌ ဒဏ်ရာရ၍ လုံးဝမတိုက်နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် ကြက်ကုသသူများက တစ်ချိန်နားတိုင်း အခြောက်ကု၊ အစိုကု ကုပေးနေကြသည်။ အချိန်ကား တစ်နာရီ ကျော် ကြာခဲ့ချေပြီ။ သို့တိုင် အရှုံးအနိုင် မရှိသေးချေ။ သာဂိနှင့် ပေတိုးတို့မှာ ကြက်နှစ်ကောင်၏ ယှဉ်ပြိုင်မှုကို အာရုံစိုက်နေကြ သည်။ ထိုစဉ် တိုက်ကောင်း၏ ခွပ်ချက်ကြောင့် ကျွမ်းစိန်ဘယ် မျက်လုံးတစ်ဖက် ပိတ်သွားသည်။ ကျွမ်းစိန်ကလည်း ခေါင်းငုံ့ကာ ရှောင်ရင်းပျံဝဲတက်၍ ခွပ်ချလိုက်သည်။ အလစ်အငိုက် ခံလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည့် တိုက်ကောင်း၏ ညာမျက်လုံးမှ သွေးများယိုစီးကျလာသည်။

ကြက်တိုက်ပွဲအားပေးနေသူများ၏ အသံများမှာ ဆူညံနေသည်။ နှစ်ကောင်စလုံး ပြင်းထန်စွာ ခွပ်နေရာ ကြည့်၍ကောင်းနေတော့သည်။ တိုက်ကောင်းက အရှိန်ယူ၍ လိုက်ခွပ်နေသည်။ ကျွမ်းစိန်ကလည်း တစ်ချက်ကောင်းကို စောင့်၍ခွပ်သည်။ တစ်ကြိမ်တွင်မူ ကျွမ်းစိန်၏ ခွပ်အားကြောင့် တိုက်ကောင်း၏ လည်တိုင်ရိုးကို ခွပ်မိသွားသည်။ ကြည့်နေသောကြက်ပွဲပရိသတ် ဟာခနဲ ဖြစ်သွား၏။

"အားလုံးတစ်ယောက်မှ မလှုပ်နဲ့၊ ပြေးဖို့မလှုပ်ရှားကြနဲ့"

အောင်မြင်ခန့်ညားသော အသံမှာ နောက်နားကပ်၍ လက်ကိုင်စပီကာနှင့် အော်လိုက်သော ရဲမှူးကြီး၏ အော်သံဖြစ်သည်။ ကြက်ပွဲလာသူများ အသံလာရာသို့ လှည့်ကြည့်မိ၏။ ကျေးရွာအုပ်စုမှ လူကြီးများ၊ ရဲများဖြစ်သည်။ ကြက်ပွဲကျင်းပရာနေရာတစ်ခုလုံးကို လူအင်အားနှင့် ဝိုင်းထားသည်။ တိုက်ကောင်းသည် ဝိုင်းအလယ်တွင် မလှုပ်မရှက် ငြိမ်သက်နေ၏။ ကျွမ်းစိန်မှာမူ ဒဏ်ရာအနာတရနှင့် ဝပ်နေသည်။ ကြက်တိုက်ပွဲအားပေးသူအားလုံး အပြစ်ဒဏ်ခံကြရမည်။ ကလေးများဖြစ်သော ပေတိုးနှင့် သာဂိတို့နှစ်ဦးမှာ ကြက်တိုက်ပွဲ၏ ဆိုးကျိုးကို သိကြရပါပြီ။ ။

❖ ❖ ❖ ❖

## ညာတာခြင်း

ကျောက်ခဲ၊ ပြူးကျယ်၊ သံလုံး၊ ဒိုးလေးတို့သည် ဘုန်းကြီးကျောင်းသားများ ဖြစ်ကြပါသည်။ ကျောက်ခဲက သူတို့ထဲတွင် အသက်အကြီးဆုံးဖြစ်၏။ ကျောက်ခဲ၏အသက်သည် ဆယ့်တစ်နှစ်ရှိပြီ။ ကျောက်ခဲ၌ မိဘများ မရှိကြတော့ပါ။ သူငယ်ငယ်ကတည်းက ကွယ်လွန်ခဲ့ကြပြီး ဖြစ်ပါသည်။ ကျောက်ခဲ သုံးနှစ်သားအရွယ်မှာပင် အဖေက မြွေကိုက်ခံရပြီး အသက်ဆုံးရပါသည်။ အမေက ကျောက်ခဲခြောက်နှစ်သားတွင် ဖျား၍ ဆုံးသွားပါသည်။ ကျောက်ခဲကို သဲဖြူရွာဆရာတော်က ကျောင်းသို့ ခေါ်ထားပါသည်။ ကျောက်ခဲနှင့်ဘဝတူ ဘုန်းကြီးကျောင်းသားများဖြစ်သော ပြူးကျယ်၊ သံလုံး၊ ဒိုးလေးတို့သည်လည်း မိဘများမရှိကြတော့ပါ။ ဆရာတော်ကပင် ကြည့်ရှုစောင့်ရှောက် ထားပါသည်။

ကျောက်ခဲတို့ကို ဆရာတော်က စာသင်ပေးပါသည်ပြီးလျှင် ဘုန်းကြီးကျောင်းမှာ အိပ်ကြရပါသည်။ နံနက်ပိုင်း၌



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံထွက်ကြရပါသည်။ သာရေး၊ နာရေးကိစ္စများ၌ ဆရာတော်နောက်မှ လိုက်ကြရပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများကို ကျောင်းသို့ သယ်ဆောင်ပေးရပါသည်။ ကျောက်ခဲက ကျောင်းထဲ၌ အသက်အကြီးဆုံး ဖြစ်သဖြင့် သူ့ကို ဆရာတော်က အများဆုံးခေါ်ပါသည်။ ဆရာတော် မနှစ်မြို့သော အရာ ကျောက်ခဲ၌ရှိပါသည်။ ထိုအရာမှာ ကျန်ဘုန်းကြီးကျောင်းသားလေးများအပေါ် ဗိုလ်ကျအနိုင်ယူ ခြင်းဖြစ်သည်။ ဆရာတော်က ကျောက်ခဲကို အနိုင်ကျင့်ခြင်းနှင့် ပတ်သက်ပြီး ဆုံးမဖူးပါသည်။ ဤသို့အချိန်အခါမျိုးတွင် "တင့်ပါ့ ဘုရား" ဟူ၍ ကျောက်ခဲက လွယ်ကူစွာပင် ကတိပေးတတ်ပါသည်။ သို့သော်လည်း သူ၏ အကျင့်ဆိုးများကို မဖျောက်ပစ်နိုင်ခဲ့ပါ။ ဆရာတော်ကျောင်း၌ ရှိနေသော အချိန်များတွင်သာ လိုက်နာပါသည်။ ဆရာတော်၏ နောက်ကွယ်တွင်မူ ကျောင်းသားလေးများအပေါ် အနိုင်ကျင့်မြဲဖြစ်ပါသည်။ သည်နေ့ မြို့၌အလှူရှိသဖြင့် ဆရာတော်တို့ မြို့သို့ ကြွသွားပါသည်။ သို့အတွက် ကျောက်ခဲ အလွန်ပျော်ရွှင်နေပါသည်။ ကျောင်း၌ သူ့ဩဇာလွှမ်းမိုးတော့မည်။ ပြူးကျယ်၊ သံလုံး၊ ဒိုးလေး တို့သည် ထုံးစံအတိုင်း ဆွမ်းခံထွက်ကြပါသည်။ ခါတိုင်း ဆွမ်းခံထွက်လျှင် လိုက်နေကျဖြစ်သော ကျောက်ခဲနေရစ်ခဲ့ပါသည်။ ဘုန်းကြီးကျောင်းသားများ ပြန်လာသောအခါ ဆွမ်းနှင့် ဆွမ်းဟင်းများ ပါလာလေသည်။ ဝက်သားဟင်း၊ ကြက်သားဟင်း၊ ပဲဟင်း၊ ချဉ်ပေါင်ဟင်း၊ ငါးပိကြော်တို့ ရလာပါသည်။



ကျောက်ခဲက ဆွမ်းဟင်းများကို ကြောင်အိမ်ဗီရိုထဲ စီထည့်ပါသည်။ ပြီးမှ -

"မင်းတို့ ငါခွဲဝေပေးတဲ့ ဟင်းနဲ့ပဲ စားရမယ်။ မလောက်ရင် ထပ်မပေးဘူး။ ဘုန်းဘုန်း ပြန်လာလို့ ဒီအကြောင်းကို ပြန်ပြောရင် မင်းတို့အားလုံး မသက်သာဘူးမှတ်၊ ငါ့လက်သီးစာ မိမယ်"

ဘုန်းကြီးကျောင်းသားများအားလုံး ငြိမ်နေကြပါသည်။ စောဒက မတက်ရဲကြပါ။ ကျောက်ခဲကို ပြန်လည်ပြောဆိုလျှင်လည်း လွယ်မည်မဟုတ်မှန်း သူတို့သိနေကြပါသည်။ သည်တော့ ငြိမ်သက်စွာပင် နားထောင်နေကြပါသည်။ ဆွမ်းဟင်းအနည်းငယ်ကို ကျောင်းသားလေးများအား စားစေသည်။ ကျန်ဟင်းခွက်များကို ကျောက်ခဲတစ်ယောက်တည်း စားပါတော့သည်။ နောက်တစ်နေ့အတွက် ချန်ရမည့်ဟင်းများကို ခွဲထားရန် ကျောက်ခဲ စိတ်မကူးတော့ပါ။ ကျောက်ခဲ အပျော်ကြီးပျော်နေပါသည်။ ဆရာတော်မြို့၌ ရက်များစွာ နေထိုင်ပါစေဟုလည်း စိတ်ထဲမှ ကျိတ်ကာဆုတောင်းနေမိပါသည်။

ညဉ့်နက်ပိုင်းသို့ ရောက်လာသောအခါ ကျောက်ခဲဗိုက်ထဲမှ ရစ်နာလာပါသည်။ အိမ်မောကျနေရာမှ လန့်နိုးလာပါသည်။ အိပ်ရာပေါ် လူးလွန့်ရင်း ဝေဒနာခံစားနေရပါသည်။ ပြီး တစ်ဆက်တည်း အိမ်သာတက်ချင်စိတ်လည်း ပေါ်လာပါသည်။ မှောင်မည်းနေသော သည်လိုအချိန်မျိုးတွင် အိမ်သာသို့ ကျောက်ခဲ တစ်ယောက်တည်း မသွားရဲပါ။ ထို့ကြောင့် ဘေးနား

www.burmeseclassic.com

www.burmeseclassic.com



၌ အိပ်မောကျနေပြီဖြစ်သော ပြူးကျယ်ကို နှိုးပါသည်။ ပြူးကျယ်က အိပ်ချင်မူးတူးဖြင့် ထလာပါသည်။ ကျောက်ခဲ အိမ်သာသွားမှန်း သိသည်နှင့် သံလုံး၊ ဒိုးလေးတို့ကို နှိုးပါသည်။ ကျောက်ခဲ အိမ်သာတက်ရာသို့ ပြူးကျယ်၊ သံလုံး၊ ဒိုးလေးတို့ လိုက်စောင့်ကြပါသည်။ ကျောက်ခဲတစ်ညလုံး အိပ်မရအောင် ဝမ်းသွားပါတော့သည်။ ပြူးကျယ်တို့လည်း အိပ်ရေးပျက်ကြပါသည်။ နံနက်လင်းသောအခါ ကျောက်ခဲ မလှုပ်ရှားနိုင်တော့ပါ။ အိပ်ရာပေါ်တွင် ပျော့ခွေနေပါပြီ။ ဒိုးလေးသွားခေါ်သဖြင့် ကျန်းမာရေးဆရာမ ရောက်လာပါသည်။

ကျောက်ခဲကို လိုအပ်သော ကုသမှုများဖြင့် ကုသပေးပါသည်။ ကျောက်ခဲသည် ဝမ်းနူးစာများ စားမိသည်က တစ်ကြောင်း၊ အစားအစာများကို အလွန်အကျွံ စားသောက်ခြင်းကြောင့် တစ်ကြောင်း ဝမ်းလျှောရခြင်းဖြစ်သည်ဟု ဆရာမက ပြောပါသည်။ ကျောက်ခဲနား၌ ပြူးကျယ်စောင့်ကျန်ရစ်ခဲ့ပြီး သံလုံး၊ ဒိုးလေးတို့ ဆွမ်းခံထွက်ကြပါသည်။ ပြူးကျယ်က ကျောက်ခဲအတွက် ဆန်ပြုတ်ပြုတ်ပါသည်။ ပြူးကျယ်တို့က သူ့အတွက် အရေးတယူ လုပ်ဆောင်ပေးနေကြသည်ကို ကြည့်ရင်း ကျောက်ခဲ နောင်တရမိပါသည်။

"ကျောက်ခဲ၊ မင်းဟာ ကျောင်းသားတွေထဲမှာ အသက်အကြီးဆုံးပဲ။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတဲ့ကွဲ့။ အဲဒီတော့ ကိုယ့်ထက်ငယ်ရွယ်တဲ့သူတွေကို သနား



ကြင်နာစိတ်ထားရမယ်။ အစားအသောက်ပဲ ဖြစ်ဖြစ် တာဟီရ အလုပ်ပဲဖြစ်ဖြစ် သူတို့ကို ဦးစားပေးရမယ်ကွဲ့။ အခုတော့ကွယ် မင်းက သူတို့လေးတွေအပေါ်မှာ အနိုင်ကျင့်ဆက်ဆံလွန်းတယ်။ အစားကောင်းမှန်သမျှ မင်းကပဲ များများစားတယ်၊ သာတူညီမျှ မစားဘူး။ အလုပ်လုပ်တဲ့နေရာမှာလည်း ကိုယ်က ဦးဆောင်ဦးရွက် လုပ်ရမှာကို ရှောင်ဖယ်ပြီး ကလေးတွေကိုပဲ ခိုင်းတယ်၊ ကိုယ်လုပ်တဲ့အလုပ်တွေဟာ တရားနည်းလမ်းကျသလား ပြန်စဉ်းစားပါ ကျောက်ခဲရယ်။ အဲဒီ မကောင်းတဲ့အမူအကျင့်တွေကို ဖျောက်ဖျက်ပစ်စမ်းပါကွယ်"

ဆရာတော်၏ ဆုံးမစကားများကို ပြန်လည်ကြားယောင်မိပါသည်။ သူ အနိုင်ကျင့်နှိပ်စက်ခဲ့သော ကျောင်းသားငယ်များက သူ့အပေါ် စိတ်ကောင်းစေတနာကောင်းများနှင့် ပြုစုကြသဖြင့် ကျောက်ခဲစိတ်၌ ထိခိုက်ခံစားရပါသည်။ အားဖျော့စွာ အိပ်စက်လဲလျောင်းနေရင်းက ကျောက်ခဲမျက်ရည်ကျမိပါသည်။ ကျောက်ခဲကျရသော မျက်ရည်များသည် သူ၏ အတွင်းစိတ်ကို ပြောင်းလဲပစ်စေသော မျက်ရည်များ ဖြစ်ပါတော့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာမလေးသို့ လက်ဆောင်မွန်

အိမ်ထောင်မရှိသူ အပျိုကြီး ဖြစ်ပါသည်။ မိခင်၏ လုပ်ကျွေးနေသော သူတစ်ယောက်ဖြစ်ကြောင်း ရွာမှလူကြီးများ ပြောပြ၍ ထိပ်ကွက်တို့ အားလုံးသိရပါသည်။ ကျောင်းအားလပ် ချိန်၌ ထိပ်ကွက်တို့သုံးဦး မုန့်စားနေစဉ် ဂျာရစ်က -

"ဆရာမလေး ဒေါ်ညိုညိုဌေး မြို့ကပြန်လာတိုင်း တို့အ တွက် လက်ဆောင်တွေ ပါပါလာတယ်နော်"

ဖက်တီးကလည်း ဂျာရစ်စကားကိုထောက်ခံပါသည်။

"တို့လည်း ဆရာမလေးကို လက်ဆောင်ပြန်ပေးကြရ ကောင်းမယ် ထင်တယ်"

"မင်းက ဘာလက်ဆောင်ပေးမယ် စိတ်ကူးလဲ"

ထိပ်ကွက်က မေးပါသည်။

"အေး၊ အဲဒါ ငါလည်းစဉ်းစားနေတာ၊ တို့မှာ ဆရာမလေး ကို တန်ဖိုးကြီးကြီးလက်ဆောင်ပေးဖို့ မရှိတာ ခက်နေတယ်ကွ"

ဖက်တီး၏ စိတ်ပျက်အားလျော့စကားကြောင့် သူတို့ အားလုံးငိုင်ကျသွားပါသည်။ ထိုစဉ် သူတို့နောက် ရောက်နေ သည့် ဆရာမလေးက

"တပည့်တို့ရယ် ဆရာမကို လက်ဆောင်ပေးဖို့ မလိုပါ ဘူး၊ ဆရာမကသာ ပေးရမှာပါ။ အတန်းအောင်ဖို့ စာကိုသာ ကြိုးစားသင်ကြပါကွယ်နော်"

ဆရာမလေး၏နှစ်သိမ့်စကားကို မပယ်ရှားလိုသော ကြောင့် သူတို့သုံးဦး ငြိမ်နေကြပါသည်။ သူတို့သည် ဆရာမလေး ကို လက်ဆောင်ပစ္စည်း မပေးရသဖြင့် စိတ်ထဲတွင် ဘဝင်မကျ ဖြစ်နေမိပါသည်။

* * * * *

လမိုက်ညဖြစ်သဖြင့် ကောင်းကင်ပေါ်တွင် ကြယ်ရောင် များသာ လင်းလျှက်ရှိ၏။ ထိပ်ကွက်တို့ သုံးယောက်လယ်ကွင်း ပြင်ဘက်ထွက်ခဲ့သည်။ ရိတ်သိမ်းထားသော စပါးများကို ကောက်ရိုးထုံးများဖြင့် စည်းထားသည်။ ဟိုနေရာတစ်ပုံ သည်နေရာတစ်ပုံ ပုံထား၏။ မရိတ်သိမ်းရသေးသော စပါး များသည်လည်း တိုက်ခတ်လာသော လေပြေညင်းများကြောင့် ယိမ်းကနေကြသည်။ သူတို့လယ်ကွင်းပြင်ဘက် ထွက်လာခြင်း မှာ ဂျာရစ်၏နွားတစ်ကောင်ကို ရှာဖွေရန်ဖြစ်သည်။ နွားများ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းချိန်၌ ဂျာရစ်၏နွားတစ်ကောင် ပြန်မရောက်လာခဲ့ပေ။

သို့အတွက်ကြောင့် သူတို့သုံးဦး နွားပျောက်ရှာဖွေရန် ထွက်လာကြခြင်းဖြစ်သည်။ သူတို့အိမ်မှ ထွက်ခဲ့ကြစဉ်က မိုးချုပ်စချိန်သာရှိသေးသည်။ အရှေ့ဘက် လျှိုထဲမှနွားပြာကြီးကို ပြန်လည်တွေ့ရှိခဲ့သည်။ သူတို့ရွာသို့ ပြန်ရောက်လာသော အချိန်၌ တစ်ရွာလုံး တိတ်ဆိတ်နေ၏။ ရွာအရှေ့ဘက်ဆီက တစ်ချက်တစ်ချက်အူလိုက်သော ခွေးအူသံမှလွဲ၍ ဘာသံမျှမကြားရ။

"ရွာအရှေ့ဘက် တို့ကျောင်းနားက ဖြတ်ဆွဲသွားကြတာပေါ့ကွာ။ အဲဒီလမ်းက ရွာကိုနီးတယ်ဟေ့"

ဖက်တီးက အားလုံးကိုပြောပါသည်။

သူတို့ ရွာအရှေ့ဘက်မှ ရွာထဲဝင်လာကြသည်။ နွားပြာကြီးကို ဆွဲရင်း စာသင်ကျောင်းနားသို့ ရောက်လာသည်။ ကျောင်းသည် ရွာနှင့်တစ်ခေါ်စာမျှသာ ဝေးသည်။ ထိုစဉ် ကျောင်းတံခါးပေါက်ရှေ့၌ လူရိပ်မည်းမည်းတစ်ခုကို တွေ့ရသည်။ ကျောင်းတံခါး ပွင့်နေသည်။ ကျောင်းထဲမှပစ္စည်းများကို လူတစ်ယောက် ခိုးထုတ်ဖို့ ကြံစည်နေခြင်းပင်။

"ဟာ. . . တို့ကျောင်းထဲကပစ္စည်းတွေကို သူခိုးခိုးနေတာကွ။ ဘယ်လိုလုပ်မလဲ"

ထိပ်ကွက်က အားလုံးကြားရုံမျှ ပြောပါသည်။ ဂျာရစ်က သူ့နွားပြာကြီးကို စုတ်သပ်ချော့ထားလိုက်သည်။ ဖက်တီးက

"ငါနဲ့ထိပ်ကွက်က လေးခွနဲ့သူခိုးကို ပစ်မယ်၊ ဂျာရစ်က ရွာထဲကကြားအောင် အော်ကွာ။ ဒါမှ ရွာထဲကလူကြီးတွေ



သိမယ်ကွ"

ထိပ်ကွက်နှင့်ဖက်တီးက သူခိုးကို လေးခွဖြင့် ချိန်ရွယ်၍ ပစ်လိုက်ကြသည်။

"အား . . အောင်မယ်လေးဗျ"

"သူခိုးဗျို့ . . . သူခိုး၊ ကျောင်းကပစ္စည်းတွေ ခိုးနေတယ်၊ လာကြပါဗျို့"

ဂျာရစ်၏အော်သံသည် တိတ်ဆိတ်နေသော တစ်ရွာလုံးကို လှုပ်နှိုးလိုက်ပါသည်။ ထိပ်ကွက်နှင့် ဖက်တီးကလည်း ဂျာရစ်၏အသံနှင့်အတူ ဝိုင်းအော်ကြရာ အိမ်အတွင်း၌ အလုပ်လုပ်နေကြသော ရွာသားများ ကျောင်းဆီသို့ ပြေးလာကြသည်။ အိပ်ပျော်နေသော ရွာသူရွာသားများလည်း နိုးလာကြသည်။ ညဉ့်မနက်သေးသော်လည်း ကျောင်းနှင့်ရွာသည် အလှမ်းဝေးသဖြင့် သူခိုးက အတင့်ရဲစွာ ခိုးခြင်းပင်ဖြစ်ပါသည်။ ရွာသားများ ဝိုင်းဝန်းဖမ်းဆီးကြသဖြင့် သူခိုးကို ခိုးရာပါအထုပ်များနှင့်အတူ ဖမ်းမိကြသည်။

"ဂျာရစ်ရဲ့နွားပြာပျောက်လို့ လိုက်ရှာပြီး ပြန်လာကြတာ။ ကျောင်းဘေးနားကပတ်ပြီး ရွာထဲဝင်မယ်လည်း လုပ်ရော ကျောင်းကပစ္စည်းတွေ ခိုးနေတဲ့ သူခိုးကိုတွေ့တာပါ။ ကျွန်တော်နဲ့ထိပ်ကွက်က လေးခွနဲ့ သူခိုးကို မပြေးနိုင်အောင် ပစ်လိုက်တာ"

ဖက်တီးက ရွာလူကြီးများကို ရှင်းပြပါသည်။ ရွာလူကြီးများနှင့်အတူ ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်နှင့် ဒေါ်ညိုညိုမြွေးတို့ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးက

"တပည့်တို့ ခုလိုကျောင်းပိုင်ပစ္စည်းတွေ ခိုးတဲ့သူခိုးကို တာဝန်သိသိ၊ သတ္တိရှိရှိနဲ့ ဖမ်းပေးနိုင်တာဟာ ဆရာမကို မင်းတို့ ပေးချင်နေကြတဲ့ လက်ဆောင်မွန်ပါပဲ။ တပည့်တို့ အခုပေးတဲ့ လက်ဆောင်မွန်က အဖိုးထိုက်တန်လှပါတယ်ကွယ်"

ဖက်တီး၊ ဂျာရစ်၊ ထိပ်ကွက်တို့သည် သည်အကြိမ်၌မူ ဆရာမလေးဒေါ်ညိုညိုဌေး၏စကားကို အပြုံးကိုယ်စီဖြင့် ထောက်ခံလိုက်ကြပါသည်။ ။

❖ ❖ ❖ ❖

BURMESE CLASSIC .com

# မိခင်စိတ်

မုန့်ကြာစေ့ အလွန်ပျော်နေသည်။ ပျော်ရခြင်းအကြောင်းမှာ သူ့အိမ်၌မွေးထားသော ဘဲမကြီးရွှေဝါ၏ ဘဲဥတစ်ဆယ်လုံးမှ အကောင်ပေါက်သောကြောင့် ဖြစ်သည်။ မုန့်ကြာစေ့၏အမည်ရင်းမှာ ငွန်နှင်းနွယ် ဖြစ်သည်။ မုန့်ကြာစေ့ကိုမွေးခါစက မြန်မာ့ရိုးရာမုန့်တစ်မျိုးဖြစ်သည့် မုန့်ကြာစေ့ကဲ့သို့ ဖြူဖြူသေးသေးလေးမို့ သူ့ဘကြီးက ချစ်စနိုး အမည်ပေးခဲ့ခြင်း ဖြစ်သည်။ ဤသို့ကြောင့်ပင် ငွန်နှင်းနွယ်ကို မုန့်ကြာစေ့ဟု မယ်ဇလီကုန်း တစ်ရွာလုံးက ခေါ်နေကြသည်။

မုန့်ကြာစေ့၏အသက် ကိုးနှစ်ရှိပြီ။ ရွာမူလတန်းကျောင်း၌ စတုတ္ထတန်းသို့ တက်ရောက်နေသည်။ မိုးလင်းသောအခါ မုန့်ကြာစေ့သည် ဘဲခြံသို့ သွားကြည့်သည်။ ဘဲမကြီးရွှေဝါနား၌ ဘဲဥခွံများကို တွေ့ရသည်။ ထို့ပြင် ဘဲအကောင်ပေါက် ဝါဝါလေးများကို သူ့ရင်ခွင်အောက်၌ထားသည်။ မေမေက ရေခွက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အစာခွက်ကို ဘဲမကြီးနားသို့ချပေးသည်။ ဘဲမကြီးသည် မေမေ ချပေးသော အစာခွက်မှအစာကို စား၍ ရေခွက်မှရေသောက်သည်။ မုန့်ကြာစေ့ကို ဖေဖေက ဘဲမကြီးနားမသွားရန် ပြောသည်။ ဘဲမကြီးနားသွားရင် ဘဲမကြီးက နှုတ်သီးနှင့် ဆိတ်လိမ့်မည်။ သူ့သားသမီးတွေကို အထိမခံနိုင်။ ဤသည်မှာ မိခင်တိုင်း၌ ထားရှိသော စိတ်ဓာတ်ဖြစ်ကြောင်း ဖေဖေက ပြောပြသည်။

ဖေဖေသည် နံနက်မိုးလင်းလျှင်အလုပ်သွားသည်။ ဖေဖေ့အလုပ်က ကားမောင်းခြင်းဖြစ်သည်။ မေမေကမူ ထမင်းဟင်းချက်ပြုတ်ရင်း အိမ်အလုပ်လုပ်ရသည်။ မုန့်ကြာစေ့၏မောင်လေး နိုင်ဖော်လင်းကို ထိန်းရသည်။ နိုင်ဖော်လင်းသည် တစ်နှစ်သာ ရှိသေးသည်။ မုန့်ကြာစေ့ ကျောင်းပိတ်ရက်၌ ဘဲကျောင်းရသည်။ ခြံအပြင်ဘက်ထွက်လျှင်လည်း တုတ်တစ်ချောင်းကိုင်၍ လိုက်ကြည့်ရသည်။ မုန့်ကြာစေ့တို့ အိမ်ရှေ့ကွင်းပြင်ကြီးထဲသို့ ဘဲမကြီးရွှေဝါ သွားတတ်သည်။

ဘဲမကြီးနောက်က ဘဲဝါဝါကလေးများ လိုက်သည်။ မယ်ဇလီကုန်းရွာသည် ရွာသစ်ဖြစ်ရာ သစ်ပင်များမှာ ယခုမှ လူတစ်ရပ်သာသာ ရှိသေးသည်။ မုန့်ကြာစေ့တို့ အိမ်ရှေ့ကွင်းပြင် အဆုံး၌ ပရွက်ဆိတ်ကုန်းရွာ၊ သခွပ်ကုန်းရွာများရှိသည်။ ကျောင်းပိတ်ရက်တစ်နေ့၌ -

“သမီး ဘဲတွေကို လွှတ်ကျောင်းလိုက်ဦး။ ပြီးတော့ ဂရုတစိုက် ကြည့်ထားနော်။ မေမေ ဈေးသွားဝယ်လိုက်ဦးမယ်”



မေမေသည် မုန့်ကြာစေ့ကိုမှာ၍ ဈေးသို့သွားသည်။ ဈေးသွားရာသို့ မောင်လေးပါခေါ်သွားသည်။ မုန့်ကြာစေ့သည် ဘဲမကြီးနှင့်ဘဲပေါက်စများကို ခြံထဲမှထုတ်၍ လွှတ်ကျောင်းသည်။ ခဏကြာသော် မုန့်ကြာစေ့သည် ဘဲများကို မကြည့်တော့ဘဲ အိမ်ထဲပြန်ဝင်ကာအဝတ်ရုပ်ကလေးများဖြင့် ဆော့ကစားနေသည်။ မည်မျှကြာအောင် ကစားနေမှန်း မသိပါ။ အိမ်နီးချင်း ဒေါ်သန်းစိန်က -

“မုန့်ကြာစေ့ရေ ဘဲအုပ်မတွေ့တော့ဘူးဟေ့”

မုန့်ကြာစေ့ စိတ်ပူသွားသည်။ ထို့ကြောင့်အနီးအနား၌ လိုက်ရှာသည်။ ဘဲအုပ်တစ်အုပ်လုံး ရှာ၍ မတွေ့ပါ။ မေမေဈေးမှ ပြန်ရောက်လာသောအခါ -

“မေမေ ဘဲအုပ်မတွေ့တော့ဘူး။ သမီးလိုက်ရှာသေးတယ်”

“အေးကွယ် ရှာကြတာပေါ့။ သမီးမောင်လေးကို ဘေးအိမ်က ဒေါ်သန်းစိန်ဆီမှာပဲ ထားခဲ့ဦးမယ်”

သားအမိနှစ်ယောက် အနီးအနားရှိ နေရာများကို ရှာကြသည်။ ဘဲအုပ်ကိုမူ မတွေ့ရပါ။ ညနေပိုင်းရောက်သောအခါ ဖေဖေအလုပ်မှ ပြန်ရောက်လာသည်။ အကျိုးအကြောင်း သိရှိသည့်အခါ ဖေဖေလည်း ပျောက်သွားသော ဘဲအုပ်သတင်းရနိုင်ရန် လိုက်စုံစမ်းသည်။ မိုးမချုပ်မီ ဘဲအုပ်ကို ရှာတွေ့ကြသည်။ ရှာတွေ့သောနေရာမှာ သခွပ်ကုန်းရွာ၌ ဖြစ်သည်။ မုန့်ကြာစေ့

www.burmeseclassic.com

www.burmeseclassic.com



တို့သားအမိနှင့် အိမ်နီးနားချင်းများ သွားကြည့်သောအခါ ဘဲမကြီးနှင့် ဘဲအကောင်ပေါက်ကလေးများ သေနေပြီ။ လက်သည်တရားခံမှာ ခွေးလေခွေးလွင့် ခွေးနက်ကြီးတစ်ကောင် ဖြစ်သည်။ ခွေးနက်ကြီးက ဘဲအကောင်ပေါက်များကို ရန်မူသဖြင့် ဘဲမကြီးက ပြန်ဆိတ်ရာ အင်အားချင်းမမျှပဲ နောက်ဆုံးတွင် ဘဲမကြီးနှင့် ဘဲအကောင်ပေါက်များ သေကြရသည်။

ဤအချင်းအရာကို မြင်လိုက်သော သခွပ်ကုန်းရွာသားများက ခွေးနက်ကြီးကို ရိုက်ရာ ခွေးနက်ကြီးဝေးရာသို့ ထွက်ပြေးသွားသည်။

“သမီး ဂရုစိုက်မကြည့်လို့ ဘဲမကြီးမိသားစု သေရတာပါ မေမေရယ်”

မုန့်ကြာစေ့ မေမေ့ကို ဖက်ငိုပါတော့သည်။ ဖေဖေက မုန့်ကြာစေ့၏ခေါင်းလေးကို ဖြည်းညှင်းစွာ ပွတ်သပ်ပေးရင်း-

“သမီး မငိုပါနဲ့တော့ကွယ်။ ဘဲမကြီးက မိခင်စိတ်နဲ့ခုခံရင်း သေသွားရတာ။ အင်အားချင်းမမျှပေမယ့် ကိုယ့်အပေါ် အနိုင်ကျင့် စော်ကားလာရင် ပြန်လည်တုံ့ပြန်နိုင်တဲ့စိတ်ဓာတ် ရှိရတယ်ကွဲ့။ သမီးလည်း နောင်ဆိုရင် ဖေဖေတို့ မေမေတို့ရဲ့ ဆုံးမစကားကို နားထောင်နော်”

“ဟုတ်ကဲ့ပါ ဖေဖေ။ သမီးကတိပေးပါတယ်”

မုန့်ကြာစေ့သည် မိခင်တို့၏ သားသမီးအပေါ် ထားရှိသော စိတ်ဓာတ်ကို နားလည်သဘောပေါက်ခဲ့ပါပြီ။ ။

❖ ❖ ❖ ❖

## ပေးဆပ်ခြင်း

ရဲရင့်နောင်နှင့် ရဲရင့်နိုင်သည် အမွှာပူးညီအစ်ကိုများ ဖြစ်ကြသည်။ ရဲရင့်နောင်က အကြီးဖြစ်သည်။ ရဲရင့်နိုင်က အငယ်ဖြစ်သည်။ သူတို့အမွှာသည် စာတော်ကြသလို လက်မှုလုပ်ငန်းများ၌လည်း တီထွင်ကြံဆမှုရှိကြသည်။ ရွှံ့ရုပ်ကလေးများပြုလုပ်၍ ကစားတတ်ကြသည်။ ထို့ပြင် ဖေဖေဝယ်ပေးသော သံပတ်ရုပ်ကလေးများပျက်လျှင်လည်း ပြင်လေ့ရှိကြသည်။ အချိန်အားရလျှင် စာရွက်လွတ်များပေါ်၌ ဘောပင်ဖြင့် ကာတွန်းပုံများဆွဲနေတတ်သေးသည်။ သူတို့သည် မျောက်ရှုံးအောင် ဆော့ကစားကြသူများ ဖြစ်သည်။

သီတင်းကျွတ်ကျောင်းပိတ်ရက် ဖြစ်သည်။

“ညီလေး၊ ဒီမှာတွေ့လား၊ ကိုကြီးလုပ်ထားတာ”

ရဲရင့်နောင်က လောက်လေးခွနှစ်လက်ကို ထုတ်ပြသည်။ ရဲရင့်နိုင်က ရဲရင့်နောင်၏လောက်လေးခွများကို ယူကြည့်ရင်း-



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ကျတာပဲကွ၊ စာကလေးကြော် စားချင်တာနဲ့ အတော်ပဲ၊ တို့ညီအစ်ကို ငှက်လျှောက်ပစ်ကြမယ်၊ ပြီးတော့မှ မေမေ့ကို ကြော်ကျွေးခိုင်းရမယ်"

သို့ဖြင့် သူတို့အမြွှာညီအစ်ကိုသည် အရှေ့စုရွာထဲသို့ ထွက်ခဲ့ကြသည်။ သူတို့နှင့်အတူ လောက်စာလုံးထည့်ထားသည့် လွယ်အိတ်တစ်လုံးစီလည်း ပါလာခဲ့သည်။ အိမ်မှထွက်လာချိန်၌ ဖေဖေက ပန်းကန်စက်ဝန်ထမ်းမို့ စက်ရုံသွားပြီ။ မေမေက ချုပ်ပြီးသားအင်္ကျီများကို မြို့ထဲသို့ ဓားစက်သွားအပ်သည်။ ဘွားဘွားက အိမ်နောက်ဖေး၌ ထမင်းဟင်း ချက်ပြုတ်နေသည်။ အရှေ့စုရွာထဲတွင် သစ်ကြီး၊ ဝါးကြီးများပေါသည်။ ငှက်များလည်းပေါသည်။ သူတို့ပစ်ချင်သော စာကလေးများကို အုပ်ဖွဲ့လျက် တွေ့ရ၏။ ရဲရင့်နိုင်နှင့် ရဲရင့်နောင်သည် လောက်လေးခွ တစ်လက်စီဖြင့် ငှက်ပစ်ကြသည်။ သူတို့ လက်တည့်သည်။ နံနက်ကိုးနာရီခန့်၌ စာကလေးခြောက်ကောင်ရပြီ။

သူတို့ အိမ်ပြန်ခဲ့ကြသည်။ အိမ်ရှေ့နားမရောက်မီ၌ ဓာတ်တိုင်တစ်တိုင်ပေါ်တွင် စာကလေးတစ်ကောင် နားနေသည်ကို တွေ့ရသည်။ ရဲရင့်နိုင်က လွယ်အိတ်ထဲမှ လောက်စာလုံးတစ်လုံးကို နှိုက်ယူသည်။ ထို့နောက် ငှက်ပစ်ရန်ချိန်ရာ စာကလေးက ထပျံသွားသည်။

"ဓာတ်တိုင်က မီးသီးကို မှန် မမှန် ပြိုင်ပစ်ကြရအောင်၊ ညီလေး မင်းအရင်ပစ်၊ ညီလေး မမှန်ရင် ကိုကြီးပစ်မယ်။ မှန်တဲ့သူကို ဒေါ်မြမေဆိုင်က ဘူးသီးကြော် ဝယ်ကျွေးကြေး၊ ဘယ်နှယ့်လဲ"



ရဲရင့်နောင်က အလောင်းအစား လုပ်သည်။ ရဲရင့်နိုင်က ခေါင်းညိတ်ပြသည်။ လက်ခံသည့်သဘော ဖြစ်၏။ ရဲရင့်နိုင်သည် ဓာတ်တိုင်မှ မီးသီးကို လှမ်းပစ်သည်။ မထိပါ။ ကပ်၍ လွဲချော်သွားသည်။ ရဲရင့်နောင် ပစ်ရန် အလှည့်ကျသည်။

"ခွမ်း" ခနဲ မြည်သံနှင့်အတူ ဓာတ်တိုင်မှမီးသီး ကွဲသွားသည်၊ ရဲရင့်နိုင်ရှုံးသွားပြီ။ ဘူးသီးကြော် ဝယ်ကျွေးရပေတော့မည်။

* * *

"ညက ခိုးသွားတာတဲ့ကွာ၊ ဒေါ်တင်ရီတို့အိမ်ရှေ့က ဓာတ်တိုင်မှာ မီးမလင်းဘူး၊ အဲဒါကြောင့် ခြံထဲမှာထားတဲ့ပစ္စည်းတွေ တော်တော်များများပါသွားတယ်၊ သူ့အိမ်က လုံခြုံတော့ သူခိုးမဝင်နိုင်ခဲ့ဘူး။ ခါတိုင်းဆိုရင် တို့လမ်းထိပ်ဓာတ်တိုင်က မီးလင်းနေတော့ သူခိုးမကပ်နိုင်ဘူး။ အခုဟာက မီးသီးကို ဘယ်သူခွဲသွားလဲမသိဘူး။ အလင်းရောင်မရှိတော့ ဘေးအိမ်တွေကလည်း မမြင်မိတော့ဘူးပေါ့"

ဖေဖေက မေမေ့ကိုပြောပြနေပါသည်။

ဧည့်ခန်း၌ထိုင်နေသော ရဲရင့်နောင်သည် ရဲရင့်နိုင်ကို လက်ဖြင့်ကုတ်၍ ခြံထဲသို့ ဆင်းလာခဲ့ကြသည်။

"ကိုကြီးတို့လက်ချက်ကြောင့် မီးသီးကွဲသွားတာ၊ ရပ်ကွက်ထဲမှာ သူခိုးကပ်ဖူးတာမဟုတ်ဘူး။ ဒေါ်တင်ရီအိမ်က ပစ္စည်းတွေပါသွားတာ စိတ်မကောင်းဘူးကွာ"

"တို့ညီအစ်ကို အပြစ်ပဲကွာ၊ တို့တွေ သူခိုးစောင့်ဖမ်းကြမယ်"

ရဲရင့်နိုင်ကပြောလိုက်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညဏ တိတ်ဆိတ်နေ၏။

ညဥ့် (၁၂)နာရီကျော်ပြီ။ ရုပ်မြင်သံကြားအစီအစဉ်ပြီး၍ တစ်အိမ်သားလုံး အိပ်မောကျနေကြသည်။ ရဲရင့်နောင်တို့ ညီအစ်ကိုသည် မိဘများမသိအောင် အိမ်တံခါး ဖွင့်ဆင်းခဲ့ ကြသည်။ ခြံတံခါးကို အသာတွန်း၍ စေ့ထားလိုက်ကြ၏။ ပြီးမှ အိမ်ရှေ့တွင် ထိုင်ကာ ဓာတ်တိုင်ဘက်သို့ ကြည့်နေကြသည်။ ခြင်များက တဝီဝီမြည်၍ သူတို့ခန္ဓာကိုယ်များကို ကိုက်ခဲသည်။ နာရီစင်မှ တစ်ချက်ထိုးသံကြားရ၏။ ညဥ့်တစ်နာရီ ထိုးချေပြီ။

"ကိုကြီး၊ သူခိုးမလာတော့ဘူးနဲ့ တူတယ်ကွာ၊ အိမ်ထဲပြန်ဝင်ရအောင်"

"နေပါဦးကွာ၊ အခုတလော သူခိုးတွေ သောင်းကျန်းနေတာ၊ မနေ့ကတောင် ဦးမောင်မောင်သန်းအိမ် ဝင်ခိုးသွားတယ် မဟုတ်လား၊ စောင့်ကြည့်ကြမယ်ကွာ"

ရဲရင့်နောင်၏စကားကို ရဲရင့်နိုင် နားထောင်နေလိုက်၏။ သို့နှင့် မှောင်ရိပ်ထဲ၌ စောင့်နေကြရာ

"သူခိုးဗျို့၊ သူခိုး"

ဓာတ်တိုင်၏ မျက်စောင်းထိုးအိမ်မှ အသံကြားရ၏။ ဦးသက်ရှည်တို့အိမ် ဖြစ်သည်။ သူခိုးသည် အထုတ်ထမ်း၍ ပြေးလာသည်။ မီးရောင်မရှိသော်လည်း လရောင်ဖြင့် မြင်နေရ၏။ ရဲရင့်နောင်တို့သည် လောက်လေးခွကိုယ်စီဖြင့် ပြေးလာနေသော သူခိုးကို ချိန်ရွယ်လိုက်ကြ၏။ သူတို့နှင့် မလှမ်းမကမ်းသို့ ရောက်လာသောအခါ သူခိုး၏ခြေထောက်ကို ပစ်ကြသည်။



သူခိုးသည် ညို့သကျည်းကို လေးမှန်သဖြင့် မပြေးနိုင်တော့ပါ။ နောက်မှ ပြေးလိုက်လာကြသောသူများက သူခိုးကို မိသွားကြ၏။ သူခိုးဖမ်းပွဲကြီး ပြီးဆုံးလေပြီ။

* * *

ရဲရင့်နောင်နှင့် ရဲရင့်နိုင်သည် မေမေချုပ်ပေးသော တိုက်ပုံအင်္ကျီများ ဝတ်ဆင်ထားသည်။ ပုဆိုးဆင်တူများနှင့် လှပနေပါသည်။ သူခိုးဖမ်းပေး၍ သူတို့ညီအစ်ကိုအား ရပ်ကွက်မှ ဂုဏ်ပြုပွဲ ပြုလုပ်ပေးခြင်းဖြစ်သည်။ ရပ်ကွက်လူကြီး ဦးခင်ထွန်းမှ ချီးကျူးစကား ပြောကြားသည်။ သူတို့ အမွှာညီအစ်ကိုအား ဂုဏ်ပြုဆုလက်မှတ်နှင့် ဆုငွေချီးမြှင့်သည်။

"ကျွန်တော်တို့ညီအစ်ကို လောက်လေးခွနဲ့ ပစ်လို့ လမ်းထိပ် ဓာတ်တိုင်က မီးသီးကွဲသွားရတာပါ။ အဲဒီလို မီးသီးကွဲသွားတော့ ညဘက်မှောင်ပြီး သူခိုးခိုးဖို့ လွယ်ကူသွားတာပေါ့။ မီးသီးကွဲသွားတဲ့အတွက် အခုတက်ရောက်လာကြတဲ့ လူကြီးတွေအနေနဲ့ ကျွန်တော်တို့ကို ခွင့်လွှတ်ကြပါ။ ရပ်ကွက်က ဆုချတဲ့ ဆုကြေးငွေကိုလည်း မီးသီးဝယ်ဖို့ ပြန်လှူပါရစေခင်ဗျာ"

ရဲရင့်နောင်၏ စကားအဆုံး၌ သူတို့အမွှာညီအစ်ကိုသည် ဂုဏ်ပြုဆုငွေများကို ရပ်ကွက်လူကြီး ဦးခင်ထွန်းလက်ထဲသို့ ပြန်လည်ပေးအပ်လိုက်ကြသည်။ တက်ရောက်လာသူများအား သူတို့ကို ခွင့်လွှတ်ကြပါသည်။ ဖေဖေနှင့် မေမေကလည်း ခွင့်လွှတ်ပြုံးများဖြင့် ကြည့်နေပါတော့သတည်း။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ကဲ . . . ဘာစားကြမလဲ

ဦးမြဦးလာလျှင် ကျွန်တော်တို့ ပျော်ပါသည်။ မုန့်စားကျောင်းဆင်းချိန်ဆို သူရောက်လာတတ်ပါသည်။ ကျွန်တော်တို့အကြိုက် ဆီးထုပ်၊ မက်မန်းပေါင်း၊ ချိုချဉ်၊ ငါးမုန့်၊ ရှောက်သီးဆေးပြားများ ပါလာသည်။ ထို့ပြင် ရာသီပေါ် မာလကာသီး၊ သရက်သီး၊ ရှောက်ချိုသီး၊ မရမ်းသီး၊ ဆီးသီး၊ ကြံတို့ကိုလည်း ယူဆောင်လာတတ်ပါသည်။ မုန့်များအပြည့်အသိပ်ထည့်ထားသော ခြင်းတောင်းကြီးကို လက်တစ်ဖက်ကဆွဲ၍ လက်တစ်ဖက်ကလည်း ရာသီပေါ်သီးနှံများကို ခြင်းတစ်ခြင်းဖြင့် ထည့်ယူလာပါသည်။ ဒါတင်မကပါ ဆီးယိုထုပ်၊ မက်မန်းပေါင်းများကို သံကြိုးခွေဖြင့် ဖောက်တွဲ၍ ပခုံးတွင် လွယ်ထားသည်။ သူ့ဦးခေါင်းပေါ်၌ ခမောက်အဟောင်းတစ်လုံးကို ဆောင်းထားပါသည်။

သူ၏ခမောက်မှာ အပြာရောင်ခြယ်ထား၍ အပေါ်မှ သဘော်ဆေးအဖြူဖြင့် "ကဲ. . . ဘာစားကြမလဲ" ဆိုသည့် စာတန်းရေးထားပြန်ပါသည်။ ကျွန်တော်တို့ ပျော်ကြရခြင်းမှာ





သူလာလျှင် မုန့်အပြည့်အစုံ ပါလာတတ်သောကြောင့် ဖြစ်၏။ ဦးမြဦးသည် ရယ်စရာစကားလေးများကို ပြောဆိုတတ်ပြီး ဈေးရောင်းသဖြင့် ကျွန်တော်တို့ ကလေးများက သူ့ထံ၌ မုန့်အဝယ်များပါသည်။ ဦးမြဦးသည် မိုးမလင်းခင်ကတည်းက အိပ်ရာမှထကာ အကြော်များကို ဖောက်သည်ယူ၍ ကားဂိတ်၌ ရောင်းချရပါသည်။ နံနက်ရှစ်နာရီ ထိုးလျှင် အကြော်သည်ဘဝမှ မုန့်မျိုးစုံသည်ဘဝသို့ ကူးပြောင်းကာ ကျွန်တော်တို့မြို့ပေါ်ရှိ ရုံးများ၊ ကျောင်းများနှင့် ဈေးများသို့ လှည့်လည်ရောင်းချပါသည်။

ဦးမြဦးသည် ပျော်ပျော်ရွှင်ရွှင် နေတတ်သူတစ်ယောက်ဖြစ်ပါသည်။ ကျွန်တော်တို့ ကလေးများကိုလည်း အလွန်ချစ်ပါသည်။ သို့သော် သူ့တွင်အားနည်းချက် တစ်ခုရှိပါသည်။ ထိုအားနည်းချက်မှာ မျက်စိမှုန်ခြင်းပင် ဖြစ်ပါသည်။ ငွေပြန်အမ်းစရာရှိလျှင် ဖြည်းဖြည်းချင်း ရေတွက်ပြီးမှ ပေးတတ်ပါသည်။

"ဦးလေး မျက်စိမှုန်နေတာကို ရန်ကုန်ဆေးရုံကြီးမှာ သွားပြပါလား၊ မျက်စိကုပြီး မျက်မှန်တပ်ရင် ကောင်းသွားမှာပေါ့"

တစ်ခါက ကျွန်တော်သူ့ကို ပြောဖူးပါသည်။

"ကလေးရယ် ပြချင်တာပေါ့ကွယ်။ အိမ်မှာကလည်း လူခွဲမရှိဘူး။ မင်းတို့ ဒေါ်လေးကလည်း နို့စို့ကလေးနဲ့ အလုပ်ရှုပ်နေတာ။ ဦးလေးမှ ခုလိုဈေးထွက်မရောင်းရင် ထမင်းစားရဖို့ ဘယ်လွယ်ပါ့မလဲ။ မျက်စိက သိပ်ဆိုးဆိုးဝါးဝါးကြီး မဟုတ်သေးပါဘူး။ မြင်ရပါသေးတယ် " ဟု သူက ခွန်းတုံ့ပြန်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖွင့်ရက် တစ်ရက်၌ ဖြစ်ပါသည်။

"ခင်မောင်စိုး၊ တို့တွေ မုန့်များများစားရအောင် ဦးမြဦး လာတုန်း မုန့်တွေနှိုက်ယူထားရအောင်"

သောင်းဌေးက ပြောပါသည်။

"မင်းဟာက ဘယ်လိုနှိုက်ယူမှာလဲကွ"

ဦးမြဦးလာရင် ခြင်းတောင်းကြီးနဲ့ တို့ကျောင်းဆောင်နား လာရောင်းတယ် မဟုတ်လား။ အဲဒီ အချိန်ကျရင် ကျောင်းထောင့် ကနေ မင်းနဲ့အောင်မြင့်က မုန့်တွေနှိုက်ယူထားလိုက်ပေါ့ကွ။ ငါက အရှေ့ဘက် ကနေ မုန့်ဝယ်နေလိုက်မယ်။ သူ မျက်စိမှုန် တာ မင်းသိရဲ့သားနဲ့ "

ကျွန်တော်တို့နှစ်ယောက် တိုင်ပင်ထားသည်များကို အောင်မြင့်အား ပြောပြပါသည်။ သူကလည်း ကျွန်တော်တို့နှင့် အတူ လုပ်မည်ဟု ပြောပါသည်။ ကျွန်တော်တို့အားလုံး ကျောင်း ဆင်းခေါင်းလောင်းထိုးသံကို မျှော်နေကြပါသည်။

"ဂလောင် . . . ဂလောင်"

ကျောင်းဆင်းခေါင်းလောင်းထိုးပါပြီ။

ကျွန်တော်တို့ မုန့်သည်များရှိရာသို့ ပြေးသွားကြပါ သည်။

"ကဲ ဘာစားကြမလဲ။ ကလေးတို့ မုန့်မျိုးစုံရမယ်နော်"

ဦးမြဦးအသံသည် တခြားဈေးသည်များ၏ အော်သံ ထက် ပိုကျယ်ပါသည်။

"ကျွန်တော့်ကို မုန့်ထုပ်နှစ်ထုပ်ပေးပါ ဦးလေး"



ဦးမြဦးသည် သောင်းဌေးကို မြင်မြင်ချင်း အာရုံစူးစိုက် မှုကြောင့်လည်းကောင်း၊ မျက်စိအားနည်းမှုကြောင့်လည်း ကောင်း ကျွန်တော်နှင့်အောင်မြင့်မုန့်များ နှိုက်ယူသွားသည်ကို မသိလိုက်ပါ။

သောင်းဌေးသည် ဦးမြဦးထံမှ မုန့်ရလျှင် ကျောင်းခန်း ထဲသို့ ပြန်သွားပါသည်။ ကျွန်တော်တို့သည်လည်း ဦးမြဦးဆီမှ ခိုးယူလာခဲ့သော မုန့်မျိုးစုံကို အခန်းထဲသို့ ယူခဲ့ကာ ဝေမျှစား သောက်ကြပါသည်။

* * *

"ဘယ်လိုဖြစ်နေတာလဲဗျာ။ ဦးလေးကြည့်ရတာ စိတ် ပျက်စရာကြီးဗျာ။ ခါတိုင်းလို ရယ်စရာစကားလေးတွေ ပြောပါ ဦးလား"

ကျွန်တော်က ဦးမြဦး၏ ထူးခြားမှုကို ကြည့်ရင်းပြော လိုက်မိပါသည်။

"ဦးလေး ဘယ်အခါမှ စိတ်မညစ်တတ်ပါဘူးကွာ။ အခု မနက်က ဖြစ်ခဲ့တဲ့အဖြစ်ကြောင့် စိတ်ထဲတစ်မျိုးကြီး ဖြစ်နေတာ။ ဦးလေးအိမ်ကနေ ဈေးရောင်းထွက်မယ်ပြင်တော့ ဦးလေးသား နို့စို့ကလေး အအေးမိပြီး ဖျားနေတယ်။ သူ့အမေက ဈေးထဲမှာ ဆေးဝယ်ပြီး ယူလာခဲ့ပါလို့ မှာလိုက်တယ်။ ဆေးဆိုင်လည်း ရောက်ရော ဆေးဝယ်မယ်လုပ်တော့မှ ဦးလေးငွေမပြည့်ဘာဖြစ် ရတယ်။ အဲဒါကြောင့် မုန့်နဲ့ရောင်းရငွေ ပြန်တွက်ကြည့်တော့

www.burmeseclassic.com

www.burmeseclassic.com



ငွေငါးရာကျော်ဖိုး လိုနေတယ်။ ဒီတစ်ခါ မုန့်ပြန်ရင်းနှီးရဖို့တောင် မလွယ်ဘူး။ ပိုဆိုးတာက သားအတွက် ငွေမပြည့်လို့ ဆေးမဝယ်ခဲ့ရတာပဲကွာ ”

ကျွန်တော်နှင့် သောင်းငွေးသည် တစ်ဦးနှင့်တစ်ဦး အဓိပ္ပာယ်ပါပါ ကြည့်လိုက်မိပါသည်။ ကျွန်တော့် စိတ်အာရုံတွင် ဦးမြဦး၏သား အဖျားတက်ကာ အိပ်ရာပေါ်၌ လူးလွန့်နေသည်ကို မြင်မိပါသည်။ ကျွန်တော်တို့ မုန့်များကို အချောင်နှိုက်ယူထားမှုကြောင့် ဦးမြဦးငွေမပြည့်ဘဲ ဆေးဝယ်ရန်အခက်အခဲကြုံနေရပါပြီ။ ဦးမြဦး ဆေးမဝယ်ဘဲ အိမ်ပြန်သွားပါက သူ့သား၏ ရောဂါအခြေအနေသည် ပိုမိုဆိုးဝါးသွားနိုင်ပါလိမ့်မည်။

ကျွန်တော် ဆက်လက်မတွေးရဲတော့။ သည်နေ့ စာအုပ်ဖိုးငွေသွင်းရန် ဖြစ်သဖြင့် ကျွန်တော့်အင်္ကျီအိတ်ထဲတွင် ငွေငါးရာကျပ်ရှိနေပါသည်။ မနက်ဖြန်ကျလျှင် အမေ့ကို အကျိုးအကြောင်းပြောပြကာ စာအုပ်ဖိုးငွေကို တောင်းရပါဦးမည်။ အင်္ကျီအိတ်ထဲမှ ငါးရာကျပ်ကို နှိုက်ယူလိုက်ကာ . . .

“ဦးလေး အဲဒီလက်သည်တရားခံဟာ ကျွန်တော်တို့ပါ။ ကျွန်တော်တို့အတွက်နဲ့ ဦးလေး ဒုက္ခရောက်နေတာကို မြင်ရတော့ စိတ်မကောင်းဖြစ်မိတယ်။ ကျောင်းထောင့်က နေပြီး ကျွန်တော်နဲ့အောင်မြင့် မုန့်တွေနှိုက်ယူထားလိုက်တာပါ ဦးလေး။ ဒီမှာ ကျွန်တော်တို့ နှိုက်ယူတဲ့ မုန့်ဖိုးငွေငါးရာ ယူပါနော် ”

ဦးမြဦးမှာ အံ့ဩဝမ်းသာမှုများဖြင့်



“ကလေးတို့ အမှားကို မှားမှန်းသိလို့ ဝန်ခံတာကိုပဲ ဦးလေးက ကျေးဇူးတင်ရဦးမယ်။ ကလေးတို့ ပြန်ပေးလို့ရတဲ့ငွေနဲ့ ဆေးဝယ်သွားရမယ်။ ဝမ်းသာလိုက်တာကွာ၊ မင်းတို့ကိုယ်တိုင် အမြင်မှန်ရတာဟာ ဦးလေးကို ပြန်ပေးတဲ့ငွေထက် တန်ဖိုးရှိပါတယ်ကွယ်။ ရော့ . . . ကလေးတို့စားဖို့ မုန့်ယူပါကွ၊ မင်းတို့ စေတနာကို တုံ့ပြန်တာပါ”

ကျွန်တော်တို့က သူပေးသောမုန့်များကို လက်ခံယူလိုက်ကြပါသည်။ ဦးမြဦးဆီမှ ရရှိသော မုန့်များသည် ယခင်နေ့က ခိုးယူစားရသောမုန့်များထက် အရသာပိုရှိလိမ့်မည်ဟု ကျွန်တော်တို့ ထင်နေမိပါတော့သတည်း။ ။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ခွင့်လွှတ်နိုင်မှု

ဖြိုးဝေဟိန်း ရေခပ်ဖို့ ထွက်လာချိန်တွင် ရေဘုံပိုင်၌ ရေပုံးကလေးများ အစီအရီတန်းစီနေကြပါသည်။ သူတို့လို ကလေးများအပြင် လူကြီးများကိုလည်း တွေ့ရပါသည်။ ဖြိုးဝေဟိန်းတို့ ရပ်ကွက်သို့ တစ်နေ့ရေနှစ်ကြိမ် ပေးပါသည်။ တစ်ကြိမ်လျှင် တစ်နာရီခန့် ကြာပါသည်။ ရေပေးသည့်အချိန်တွင် ရေခပ်ထားမှ ရေသုံးဖို့ လောက်ငှစွာ ရရှိပါလိမ့်မည်။

ဖြိုးဝေဟိန်း ဖေဖေနှင့် မေမေသည် ရုံးဝန်ထမ်းများ ဖြစ်ကြပါသည်။ ရုံးကို အမီသွားဖို့ ပြင်ရဆင်ရနှင့် မအားလပ်ကြပါ။ ဖြိုးဝေဟိန်း၏ညီလေး ဖြိုးမြင့်အောင်သည်လည်း ငယ်သေး၍ ရေပုံးများကို မထမ်းနိုင်သေးပါ။ ဖြိုးဝေဟိန်းတစ်ယောက်သာ သူ့အိမ်အတွက် လိုသမျှရေကို ဖြည့်ပေးနေရပါသည်။ နေ့စဉ် ကျောင်းမသွားမီ တစ်ချိန်နှင့် ကျောင်းဆင်းပြီး တစ်ချိန်သည် ဖြိုးဝေဟိန်း ရေခပ်ချိန်ဖြစ်ပါသည်။ စနေ တနင်္ဂနွေရုံးပိတ်ရက်များတွင် အဖေက သူ့ကို အနားပေးပြီး



ရေခပ်ပါသည်။ ဖြိုးဝေဟိန်းသည် လုပ်နေကျ အလုပ်ဖြစ်သဖြင့် မပင်ပန်းပါ။ ရေခပ်ထွက်သည့်အခါ ပျော်စရာ ရွှင်စရာများနှင့် ကြုံရပါသည်။ ကိုယ့်အလှည့်မရောက်သေးလျှင် သူငယ်ချင်းများ စု၍ ရောက်တတ်ရာရာစကားများ ပြောကြနှင့် ပျော်စရာ ကောင်းလှပါသည်။

သည်နေ့တွင်လည်း ခါတိုင်းနေ့များလိုပင် ဟိုနေရာတစ်စု၊ သည်နေရာတစ်စု ဝိုင်းဖွဲ့၍ စကားပြောနေကြပါသည်။

"ဖြိုးဝေဟိန်း နောက်ကျလှချေလားကွ"

သီဟဇော်က ဖြိုးဝေဟိန်းကို လှမ်းမေးပါသည်။

"ရေခပ်မထွက်ခင် ရေပုံးကြည့်လိုက်တော့ အပေါက်ကလေးတွေ့တာနဲ့ သံဖြူဆိုင်မှာ သွားဖာနေတာ၊ အဲဒါကြောင့် နောက်ကျသွားတယ်။ ငါ့ရေပုံး သွားထားလိုက်ဦးမယ်"

ဖြိုးဝေဟိန်းသည် သီဟဇော်ကို စကားတုံ့ပြန်ရင်း တန်းစီထားသော ရေပုံးများ နောက်၌ သူ့ရေပုံးကို ချထားလိုက်ပါသည်။ ပြီးမှ သီဟဇော်တို့ ထိုင်နေသော အုပ်စုထဲသို့ လာရောက်ကာ ထိုင်စကားပြောနေပါသည်။ သီဟဇော်နှင့် အခြားသူငယ်ချင်းများသည် ဖြိုးဝေဟိန်းအရင် တန်းစီထားကြသောကြောင့် သူတို့ရေပုံးများကို ဆွဲ၍ ပြန်သွားကြပါသည်။ နောက်တစ်ခါ အမီပြန်လာရဦးမည် ဖြစ်ပါသည်။ ဖြိုးဝေဟိန်း အလှည့်ရောက်ရန် ရှေ့၌ ရေတစ်ပုံးသာ ကျန်ပါတော့သည်။ ထို့ကြောင့် ဖြိုးဝေဟိန်းလည်း နေရာမှထကာ ရေဘုံပိုင်ဆီသို့ လျှောက်လာခဲ့ပါသည်။ အောင်စည်သူသည် ဖြိုးဝေဟိန်း၏ရေပုံးကို နောက်ဘက်သို့ ဖယ်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ရေဘုံပိုင်ခေါင်းအောက်တွင် သူ့ရေပုံးက နေရာယူထားပါသည်။ အလှည့်နှင့် တန်းစီခြင်းကို အောင်စည်သူ ဖောက်ဖျက်ခြင်း ဖြစ်ပါသည်။

“အောင်စည်သူ၊ မင်းဘာလုပ်တာလဲကွ၊ ငါ့ အလှည့်ကို မင်းရေပုံး ဘာဖြစ်လို့ထားရတာလဲ။ အားလုံးတန်းစီယူနေတဲ့ ဟာ”

“ငါသွားစရာရှိလို့ကွာ၊ ငါပြီးတော့ မင်းယူပေါ့”

“ဟေ့ကောင်၊ အောင်စည်သူ မင်းလိုပဲ ငါတို့လည်း ကျောင်းသွားရဦးမှာပဲ၊ ကိုယ့်အလှည့်နဲ့ ကိုယ်ယူကွ”

သူတို့နှစ်ယောက် အချေအတင် စကားပြောနေစဉ်မှာပင် အောင်စည်သူ၏ ရေပုံးများ ရေပြည့်သွားပါသည်။ အောင်စည်သူက ဖြိုးဝေဟိန်းကို ဘာမျှ ပြန်မပြောတော့ဘဲ ရေပုံးနှစ်ပုံးကို ကောက်ဆွဲလိုက်ပါသည်။

“အောင်စည်သူ၊ မင်းရေပုံးထဲကရေတွေ ငါ့ ရေပုံးထဲ ပြောင်းထည့်ကွ”

ဖြိုးဝေဟိန်း၏ အသံသည် ဒေါသသံပါနေသည်။ အောင်စည်သူက သူ့ကို ဂရုမစိုက်ဘဲ လှည့်ထွက်သွားပါသည်။ ဖြိုးဝေဟိန်း သည်းခံနိုင်စွမ်းမရှိတော့ပါ။ အောင်စည်သူ နောက်ကို ပြေး လိုက်သွားပြီး ရှေ့တည့်တည့်မှ ရပ်ကာ မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်ပါသည်။ အောင်စည်သူသည် နာကျင်လွန်းသဖြင့် ရေပုံးကို လွှတ်ချလိုက်ပါသည်။ ပစ်ချလိုက်သော အရှိန်ကြောင့် ရေပုံးများသည် ပိန်ချိုင့်၍ လိမ့်သွားပါသည်။ ရေပုံးထဲမှ ရေများသည်လည်း လမ်းမပေါ် လွှမ်းသွားပါသည်။



“မင်း ငါ့ကို ထိုးတယ်”

အောင်စည်သူသည် သူ့ပါးကို ပွတ်ရင်းပြောပါသည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဖြိုးဝေဟိန်းအနီးသို့ တိုးကပ်သွားပါသည်။ အောင်စည်သူက ဖြိုးဝေဟိန်းကို လက်သီးဖြင့် လှမ်းထိုးပြန်ပါသည်။ နှစ်ယောက်သား လုံးထွေးသွားကြပါသည်။ သူတို့နှစ်ယောက် နပန်းလုံးနေကြသည်ကို အနီးရှိ လူကြီးများက ဝင်ဖျဉ်ကြပါသည်။ သူတို့နှစ်ဦးစလုံး မျက်နှာများ၌ ဖူးရောင်၍ နေပါသည်။ ဖြိုးဝေဟိန်း၏ မျက်စိသည် ပိတ်လုလု ဖြစ်နေပြီး အောင်စည်သူ၏ ပါးစပ်မှ သွေးများယိုစီးကျနေပါသည်။ လူကြီးများက သူတို့ကို လူခွဲ၍ အိမ်သို့ ပြန်ပို့ကြပါသည်။ ထိုနေ့က ဖြိုးဝေဟိန်းနှင့် အောင်စည်သူတို့ ကျောင်းမတက်နိုင်ကြပါ။

ဖေဖေနှင့် မေမေ ရုံးမှပြန်လာသောအခါ အိမ်ရှေ့ကပြင်တွင် ဖြိုးဝေဟိန်းထိုင်နေပါသည်။

“သားမျက်နှာမှာ ဖူးရောင်ညိုမဲနေတာပဲ၊ ဘာဖြစ်တာလဲကွယ်”

မေမေက ဆွဲခြင်းကလေးကို ဘေးချရင်း ပြောပါသည်။

“သား ရေခပ်ရင်းနဲ့ ရန်ဖြစ်တာ မေမေ၊ အောင်စည်သူက သူ့အလှည့်မရောက်သေးဘဲနဲ့၊ သားရေပုံးကို ဘေးဖယ်ပြီး ရေခံတယ်၊ အဲဒါ သားနဲ့ သူထိုးလားကြိတ်လားဖြစ်လို့ လူကြီးတွေက လူချင်းခွဲပစ်လိုက်တယ်၊ သား ဒီနေ့ ကျောင်းမတက်နိုင်ဘူး မေမေ”

www.burmeseclassic.com

www.burmeseclassic.com



"အောင်စည်သူရော ဘာဖြစ်သွားသေးလဲ"

ဖေဖေက ဝင်ပြောပါသည်။

"အောင်စည်သူလည်း ပါးစပ်က သွေးတွေကျတယ် ဖေဖေ၊ သူ့မျက်နှာမှာ သားလို ဖူးရောင်ကုန်တာပါပဲ"

"သား၊ ရေမိုးချိုးနော် ဖေဖေတို့လည်း ခဏနားလိုက်ဦးမယ်၊ ပြီးမှ အောင်စည်သူအိမ် သွားကြတာပေါ့"

"အောင်စည်သူဆီ ဘာသွားလုပ်မှာလဲ ဖေဖေ"

"တောင်းပန်ဖို့ပေါ့ကွဲ့"

"ဟာ ဖေဖေကလည်း သူက မှားတဲ့ဟာကို သားတို့က တောင်းပန်ရမှာလား"

"သားရယ် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကိုယ်က စပြီး တောင်းပန်ကျေအေးတတ်ရမယ်။ ဘယ်သူမဆို မေတ္တာစိတ်နဲ့ ဆက်ဆံရင် ရန်ဖြစ်ကြတာတွေ၊ မခေါ်မပြောကြတာတွေ မရှိတော့ဘူးပေါ့။ ပြီးတော့ တစ်ရပ်ကွက်ထဲမှာ နေထိုင်ကြတဲ့ သူတွေပဲ၊ မိတ်ဆွေကောင်းလို ဆက်ဆံရမှာပေါ့ကွယ်"

ဖေဖေက ရုံးလွယ်အိတ်ကို လွယ်ရင်း အိမ်ထဲသို့ ဝင်သွားပါသည်။ မေမေက ဖြိုးဝေဟိန်းကို ရေနွေးကြပ်ထုပ်ထိုးရန် ပြင်ဆင်နေပါသည်။ အိမ်ရှေ့က သံစည်ပိုင်းမှာ ရေချိုးရင်း ဖေဖေ့ ပြောစကားကို ဘဝင်မကျ ဖြစ်မိပါသည်။ သူက စတင်ထိုးကြိတ်သည် မှန်သော်လည်း အောင်စည်သူ၏ လုပ်ရပ်မှားသော ကြောင့်သာ ကျူးလွန်ခဲ့မိခြင်း ဖြစ်ပါသည်။ ယခုမူ သူက သွား၍ တောင်းပန်ရပေဦးမည်။



ဖေဖေနှင့် ဖြိုးဝေဟိန်းတို့ အောင်စည်သူအိမ်သို့ ထွက်လာခဲ့ကြပါသည်။ ဖြိုးဝေဟိန်းတို့အိမ်နှင့် အောင်စည်သူတို့အိမ်သည် ငါးအိမ်ကျော်လောက်သာ ဝေးပါသည်။ အောင်စည်သူတို့ အိမ်ရှေ့သို့ ရောက်သောအခါ -

"ကိုမြင့်စန်း ရှိပါသလား"

ဖေဖေ၏ ခေါ်သံကြောင့် အောင်စည်သူ၏ အဖေထွက်လာပါသည်။

"ဟာ ကိုတင်ထွန်း လာဗျာ၊ ကျွန်တော့်သားကို ပြန်လာကတည်းက ဆူကြိမ်းနေရတယ်။ သားနဲ့ ဖြိုးဝေဟိန်းတို့ ရေဘုံပိုင်မှာ ရေခပ်ရင်း ရန်ဖြစ်ကြတယ်တဲ့။ ရပ်ကွက်ထဲက ကြားလာခဲ့တယ်။ တစ်ယောက်နဲ့တစ်ယောက် ထိုးကြ၊ ကြိတ်ကြတယ်တဲ့ဗျာ"

"ကလေးတွေပဲဗျာ၊ ဆူပူကြိမ်းမောင်းမနေပါနဲ့။ အမှားနဲ့ အမှန် ပိုင်းခြားဝေဖန်တတ်အောင် ကျွန်တော်တို့တွေက ထောက်ပြရမှာပေါ့။ ကိုမြင့်စန်းရေ ခင်ဗျားသားကို ခေါ်လိုက်ပါဦးဗျာ"

ဦးမြင့်စန်းက ခေါ်လိုက်သဖြင့် အောင်စည်သူ ဧည့်ခန်းထဲသို့ ထွက်လာပါသည်။

"သား မင်း သူငယ်ချင်းကို တောင်းပန်လိုက်လေ"

အဖေက ကျွန်တော့်ကို ပြောပါသည်။

"ကိုတင်ထွန်းကလည်း၊ ကျွန်တော့်သားက မှားတာပဲ၊ သားက တောင်းပန်ရမှာပေါ့။ ဈေးဆိုင်မှာ ဆီဝယ်ဖို့ မသွားရသေးဘူးဆိုပြီး သူ့အလှည့်မရောက်သေးဘဲနဲ့ ရေခံရင်း ရန်ဖြစ်ကြရတာလို့ သားက ပြောတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သားတို့တွေ အဖြစ်မှန်ကို သိကြပြီ မဟုတ်လား။ အလှည့်ကျ ရေခံတာကို လုယူရတဲ့အကြောင်း ခြေခြေမြစ်မြစ် သိရင် ရန်ဖြစ်စရာမလိုတော့ဘူး။ ဒဏ်ရာအနာတရလည်း ဖြစ်စရာမလိုတော့ ဘူး၊ ကိုယ့်တစ်ရပ်ကွက်တည်းသားတွေဆို တာ သင့်သင့်မြတ်မြတ်နေကြရမယ်၊ အမှားနဲ့အမှန်ကို ဝေဖန် ပိုင်းခြားတတ်ရမယ်၊ ရပ်ကွက်ရဲ့ ကောင်းကျိုးတွေကို လူကြီးတွေ လိုပဲ ကလေးတွေက စုပေါင်းလုပ်ဆောင်ကြရမယ်။ ဒါမှ နောင် တစ်ခေတ်မှာ လူကောင်းလူတော်တွေ ဖြစ်လာကြမှာပေါ့။ သားတို့ တစ်ဦးနဲ့တစ်ဦး နားလည်ခွင့်လွှတ်နိုင်စွမ်း ရှိအောင် ကြိုးစားကြစမ်းပါ"

အဖေက ကျွန်တော်တို့ နှစ်ယောက်ကို ဆုံးမပါသည်။

"သူငယ်ချင်း အောင်စည်သူ ငါထိုးကြိတ်မိတာကို တောင်းပန်ပါတယ်ကွာ"

"ငါလည်း မင်းကို တောင်းပန်ပါတယ် သူငယ်ချင်းရယ်"

သူတို့နှစ်ယောက် အပြန်အလှန် တောင်းပန်လိုက်ကြပြီး လက်ဆွဲနှုတ်ဆက်လိုက် ကြပါသည်။ အဖေနှင့် ဦးမြင့်စန်းတို့က သူတို့ကို ကြည့်ကာ ပြုံးလိုက်ကြပါသည်။ ဘဝင်မကျဖြစ်မိသော အဖေ့၏ ပြောစကားများသည် တန်ဖိုးရှိကြောင်း ဖြိုးဝေဟိန်း နားလည် လိုက်ပါသည်။ ဖြိုးဝေဟိန်းပါးမှ ဒဏ်ရာကြောင့် တစစ်စစ် နာလာသော်လည်း အောင်စည်သူကို ပြုံးပြနေမိပါ တော့သတည်း။ ။

❖ ❖ ❖ ❖

# အိုးတွတ်

မောင်အေးတွတ်၏မိဘများသည် သုံးဆယ်မြို့ဈေး အတွင်း၌ အိုးရောင်းချသူများဖြစ်ကြပါသည်။ ထို့ကြောင့် သူ့ကိုသူငယ်ချင်းများက "အိုးတွတ်"ဟု နောက်ပြောင်ခေါ်ကြ ပါသည်။ မောင်အေးတွတ်မှာ သူငယ်ချင်းများက ယခုကဲ့သို့ နောက်ပြောင်ခေါ်ဝေါ်ခြင်းကိုမနှစ်သက်ပါ။ ဤအကြောင်းအရာ ကို အိမ်၌ ပြန်၍ပြောပြသောအခါ သူ၏အမေ ဒေါ်သန်းမြက-

"သားရယ်၊ သားသူငယ်ချင်းတွေက ချစ်လို့စတာပဲကွယ်၊ အမေတို့အိုးရောင်းလို့ သားကို "အိုးတွတ်"လို့ခေါ်တာပဲ ရှက်စ ရာမဟုတ်ပါဘူး၊ ဂုဏ်ယူစရာပါကွဲ့"

အေးတွတ်သည် မေမေ၏နှစ်သိမ့်စကားကို မချေပနိုင် သော်လည်း ရင်ထဲ၌မူမကျေနပ်နိုင်ခဲ့ပါ။

* * *

"မနေ့က ငါကျောင်းပျက်လို့ကျောင်းစာတွေမကူးရသေး ဘူး။ ... အိုးတွတ်ရယ် စာအုပ်တွေ ငှားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့အလာလမ်း၌ သူငယ်ချင်းဖြစ်သူ မြင့်မြင့်ခင်က ပြောပါသည်။

အေးတွတ်က-

“နင် ငါ့ကို အိုးတွတ်လို့ခေါ်တယ်၊ စာအုပ်တွေ မငှားနိုင်ဘူးကွာ”

မြင့်မြင့်ခင်ကိုပြန်ပြော၍ ကျောင်းသို့ခပ်သုတ်သုတ်လျှောက်သွားပါသည်။ ကျောင်းရှေ့ကစားကွင်းနားသို့ ရောက်လာသောအခါ ဘောလုံးကန်နေကြသော ကျောင်းသားများထဲမှ ကျော်ငွေးက

“အိုးတွတ်ရေ တို့နဲ့ဘောလုံးဝင်ကန်ပါလားကွ”

ကျန် ကျောင်းသားများကလည်း

“အိုးတွတ်လာပါကွ”

ဟု ဝိုင်းအော်ကြပါသည်။

အေးတွတ်သည် သူမခံချင်သော အမည်ကို ခေါ်ကြ၍ စိတ်ဆိုးပါသည်။ ဦးစွာခေါ်သည့်ကျော်ငွေးကို ပို၍စိတ်ဆိုးပါသည်။ သို့ကြောင့် ကျော်ငွေး၏အင်္ကျီစကို ဆွဲ၍မျက်နှာကို လက်သီးဖြင့်ထိုးပါသည်။ ကျော်ငွေးသည် မထင်မှတ်ပဲ အထိုးခံလိုက်ရ၍ ဒေါသထွက်သွားပါသည်။ အေးတွတ်ကို ပြန်ထိုးမည်ပြင်ရာ ဘေးမှသူငယ်ချင်းများက ဝိုင်းဆွဲကြပါသည်။

ဆရာမသာဤအကြောင်းကိုသိခဲ့ပါလျှင် အပြစ်ဒဏ်ပေးမည်ဖြစ်ပါသည်။ အေးတွတ်သည် ဆရာမအပြစ်ဒဏ်ပေးခြင်းကိုလည်း မခံလိုပါ။ ကျောင်းမတက်ဘဲနေရန်စိတ်ကူးပါသည်။

ကျောင်းပြေးမည်ဆိုသောအခါ နေမည့်နေရာကိုရှာရပါသည်။ ဖိုးခေါင်ရွာဘက်သို့သွားရန်ထွက်ခဲ့ပါသည်။ ဖိုးခေါင်ရွာသည် မြို့နှင့် ငါးမိုင်ခန့်ဝေးပါသည်။ စက်ဘီးစီးသွားလျှင် တစ်နာရီခန့်သာ နင်းရပါသည်။ ဖိုးခေါင်ရွာသည် အိုးလုပ်ငန်း လုပ်ကိုင်သူများနေထိုင်သည့်ရွာဖြစ်ပါသည်။ အိမ်ရှေ့များ၌ မြေအိုးအမျိုးအစားမျိုးစုံကိုတွေ့ရပါသည်။ ဖိုးခေါင်ရွာသည် မြစ်မခမြစ်ကမ်းနံဘေးတွင်တည်ရှိပါသည်။ မြစ်မခမြစ်မှာ ဧရာဝတီမြစ်မှ ခွဲထွက်သော မြစ်လက်တက်တစ်ခုဖြစ်ပါသည်။ မြစ်ကမ်းနံဘေး၌လည်း သစ်ပင်ကြီးများပေါက်ရောက်နေမှုကြောင့် အရိပ်ကောင်းလှပါသည်။

အေးတွတ်သည် မြစ်ကမ်းနံဘေးရှိ သစ်ပင်ရိပ်ကောင်းသော တစ်နေရာကိုရွေးချယ်လိုက်ပါသည်။ ထမင်းဘူးနှင့် လွယ်အိတ်ကို ဘေးမှသစ်မြစ်ဆုံပေါ်သို့တင်လိုက်၏။ ထိုစဉ်-

“ဈေးထဲအိုးဆိုင်က ဦးရွှေသန်းသားလေးပါလား၊ ရွာကို ဘာလာလုပ်တာလဲကွ”

အိုးဖိုထောင်ထားသော ဦးနန်းလွင်ဖြစ်ပါသည်။

အိုးဖိုဆိုသည်မှာ အိုးများပြုလုပ်သောနေရာဖြစ်ပါသည်။ လုပ်ပြီးသားအိုးများပိုင်ဆိုင်သူကို အိုးဖို ပိုင်ရှင်ဟုဆိုကြပါသည်။ ဦးနန်းလွင်တို့အိုးဖိုမှအိုးများကို ဖောက်သည်ယူ၍ အေးတွတ်တို့ရောင်းကြပါသည်။

“သားကို သူငယ်ချင်းတွေက ဝိုင်းစကြလို့ ကျောင်းမတက်ဘဲထွက်လာခဲ့တာပါ”

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းမပြေးရဘူးကွဲ့၊ ကျောင်းတက်မှစာတတ်မှာပေါ့။ ဒါမှနိုင်ငံတော်အတွက် အကျိုးရှိမှာပေါ့ကွယ်၊ သားကို သူငယ်ချင်းတွေက ဘယ်လိုစကြလို့လဲ"

"သားတို့က အိုးရောင်းတော့ သားအမည် မောင်အေးတွတ်ကိုဖျက်ပြီး အိုးတွတ်လို့ ပြင်စကြတယ်"

"ဒါဟာ . . . ဂုဏ်ယူစရာကောင်းတဲ့အရာပါကွာ"

အေးတွတ်က

"သားကို မေမေကလည်းပြောတယ်၊ ရှက်စရာမဟုတ်ဘူး၊ ဂုဏ်ယူစရာတဲ့"

"သားမေမေပြောတာဟုတ်တာပေါ့၊ ဦးလေးတို့အိုးတွေကို နွံ့ကနေပုံသွင်းယူရတယ်၊ အိုး ကောင်းကောင်းရချင်ရင် ရိုက်တံနဲ့ နာ့နာရိုက်ပေးရတယ်၊ သားတို့ဆရာမတွေ ဆုံးမပဲ့ပြင်သလိုပေါ့ကွယ်"

အေးတွတ်သည် ဖိုးခေါင်ရွာသို့ မကြာမကြာရောက်တတ်သော်လည်း အိုးလုပ်ငန်းအကြောင်းကို မသိပါ။ ယခု ဦးနန်းလွင်ပြောပြမှ သိရပါသည်။ ဦးနန်းလွင်ကဆက်ပြောပါသည်-

"နွံ့စေးပုံကနေ ကိုယ်လိုချင်တဲ့ လူသုံးပစ္စည်းမျိုးစုံကို ပုံဖော်ပြီးလုပ်ဆောင်ရတယ်။ ရွှေဘိုမြို့၊ ပျဉ်းမနားမြို့၊ တွံတေးမြို့တို့မှာ စဉ့်ရည်သုတ်ပြီး စဉ့်အိုးတွေလည်း ထုတ်လုပ်တယ်။ မြေနဲ့ပြုလုပ်ထားတဲ့ အရုပ်ကလေးတွေ၊ ရေနွေးအိုးနဲ့ ဆေးလိပ်ခွက်ကလေးတွေဟာ နိုင်ငံခြားသားတွေဝယ်ယူကြလို့ တို့မြန်မာပြည်အတွက် နိုင်ငံခြားဝင်ငွေရတာပေါ့။ ဒါ့ကြောင့် အိုးဆိုတာ မြန်မာမှုရိုးရာပစ္စည်းပဲကွယ့်၊ သားတို့ရဲ့ မိဘတွေက ဒီအိုးကို ထိန်းသိမ်းထားသလို သားကလဲဂုဏ်ယူပြီး စောင့်ရှောက်ထားသင့်တယ်။ သားအနေနဲ့လည်း အိုးတွတ်ဆိုတဲ့အမည်လေးဟာ ချစ်စရာကောင်းပြီး တို့ဘိုးဘွားအမွေအနှစ်ကိုထိန်းသိမ်းတဲ့ အမည်လေးပါကွယ်"



ဦးနန်းလွင်၏ အိုးအကြောင်းကို ပြောပြသောစကားသည် အိုးတွတ်ဆိုသောအမည်ဖြင့် မြန်မာ့ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းထားသင့်ကြောင်း မောင်အေးတွတ် နားလည်သဘောပေါက်ခဲ့ပါပြီ။

သူငယ်ချင်းများက အိုးတွတ်ဟုခေါ်လျှင် ရှက်စရာမဟုတ်တော့ပါ။ ။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အကျည်းတန်သော နံနက်ခင်း

ရန်ကုန်-ပြည်သွား ကားလမ်းမပေါ်တွင် ကားအသွားအလာ ရှင်းလျက်ရှိပါသည်။ နံနက် ငါးနာရီခန့်ရှိပါပြီ။ အမှောင်ထုသည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထားလေသည်။ လမိုက်ရက်ဖြစ်သဖြင့် ကြယ်လေးများ၏ အလင်းရောင်သာ ရှိပါသည်။ လမ်းဘေးတွင် စိုက်ထူထားသော ဓါတ်မီးတိုင်များ ရှိသော်လည်း တချို့နေရာများမှာ ဝေးကွာလွန်းသဖြင့် အမှောင်ထုကသာ ကြီးစိုးနေပါသည်။ ထို့ပြင် နှင်းများ၏ ထူထပ်မှုကို ဓါတ်မီးတိုင်များမှ အလင်းရောင်များက မထိုးဖောက်နိုင်ပေ။ မှိန်ပျပျသာ လင်းနေကြလေသည်။ ကျွန်တော်တို့ ဖိနပ်သံများမှအပ ဘာသံမျှမကြားရ။ ပကတိတိတ်ဆိတ်နေ၏။ သစ်ပင်များမှ သစ်ရွက်လှုပ်သံ၊ လေတိုးသံများသာ ကြားနေရပါသည်။ ဆောင်းတွင်းကာလဖြစ်၍လည်း ရာသီဥတုသည် ချမ်းအေး၍ နေလေသည်။





အကျီလက်ရှည်၊ ဘောင်းဘီတိုဝတ်ဆင်ထားသော ကျွန်တော်၏ကိုယ်ပေါ်တွင် ချွေးများရွှဲလျက် ရှိနေပါပြီ။ ကျွန်တော့်ဘေးသို့ ငဲ့ကြည့်လိုက်၏။ ကျွန်တော့်ဘယ်ဘက်ဘေးတွင် ကပ်၍လိုက်ပါလာသော တင်ဝင်းနှင့် မြင့်စန်းသည် အသက်ပြင်းပြင်း ရှူသွင်းကာ မှန်မှန်ပြေးနေကြပါသည်။ နောက်ဘက်နားဆီမှ ကပ်ပါလာသော အောင်လေးသည် ကျွန်တော်တို့ကို မီအောင် ပြေးရင်း လိုက်ပါလာပါသည်။ ကျွန်တော်တို့ကျောင်းတွင် ဒီဇင်ဘာအားကစားကာလအဖြစ် ပြေးခုန်ပစ်ပြိုင်ပွဲများ ပြုလုပ်မည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဤပြိုင်ပွဲဝင်ရန်အတွက် လေ့ကျင့်နေကြခြင်းလည်း ဖြစ်ပါသည်။ ကျွန်တော်တို့ ပြေးလာသည့် အလယ်ကုန်းရပ်ကွက်သည် သုံးဆယ်မြို့နှင့် သာယာဝတီမြို့၏အကြားတွင် တည်ရှိပါသည်။ သုံးဆယ်မြို့နှင့် သာယာဝတီမြို့သည် နှစ်မိုင်ခန့်သာဝေးပါသည်။

စပါးဂိုဒေါင်နားသို့ ရောက်လာလေပြီ။

ကျွန်တော်ရှေ့ ကြိုရောက်သွားသော တင်ဝင်းသည် နောက်ကျန်နေသော ကျွန်တော်တို့ကို ရပ်စောင့်နေပါသည်။

"တင်ဝင်း၊ ဘာဖြစ်လို့ ဆက်မပြေးရတာလဲ "

တင်ဝင်းကရှေ့ဘက် လက်ညှိုးညွှန်ပြပြီး ကျွန်တော်၏ အမေးကို ဖြေပါသည်။

"ဟိုရှေ့က မန်ကျည်းပင်အောက်မှာ မနေ့က တင်ညွှန့်တို့ လူသိုက် သရဲခြောက်ခံရတယ်။ အဲဒါငါသွားသတိရလို့ မင်းတို့ကို စောင့်နေတာ "

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အဲဒီလိုဆိုရင် တို့တွေ ဒီနေရာက လှည့်ပြန်ကြမယ်ကွာ"

မြင့်စန်းက တုန်ချည့်သော လေသံဖြင့်ပြောပါသည်။

"သ. . . သရဲတော့. . . ငါလည်း ကြောက်တယ်ကွ"

အောင်လေး၏ ထစ်,အ စွာ ဝင်ပြောလိုက်သော စကားကြောင့် အားလုံးတွေဝေသွားမိပါသည်။

"ဘာဖြစ်လို့ နောက်ကြောင်းပြန်လှည့်ရမှာလဲ၊ မင်းတို့ယောကျ်ားတွေမဟုတ်ဘူးလား၊ တို့အားလုံး လေးယောက်ပဲဟာ။ သရဲတွေ့ရင် ခဲနဲ့ဝိုင်းပေါက်ကြမယ်။ ခဲတွေကောက်ကြကွာ"

ကျွန်တော်၏ စကားအဆုံးတွင် လမ်းဘေးမှ ကျောက်ခဲများကို ကျွန်တော်တို့ ကောက်ယူကြပါသည်။ ကျွန်တော့်လက်ထဲတွင် ကျောက်ခဲသုံးလုံး ကိုင်ထားပါသည်။ ကျွန်သူငယ်ချင်းများလည်း ကျောက်ခဲကိုယ်စီ အသင့်ကိုင်ထားကြပါသည်။ ကျွန်တော်တို့ သာယာဝတီမြို့ဘက်သို့ ဆက်ပြေးကြပါသည်။ မန်ကျည်းပင်ရှိရာ ဂိုဒေါင်အစွန်းနားသို့ တဖြည်းဖြည်း နီးလာနေပါပြီ။ ကျွန်တော်၏ နှလုံးခုံသံသည် တဒိတ်ဒိတ်မြည်လျက်ရှိနေပါသည်။ ကျွန်သူငယ်ချင်းများ၏ ရင်ထဲတွင် မည်သို့လှုပ်ရှားနေမည်ကို ကျွန်တော် မသိပါ။

မန်ကျည်းပင်နှင့် ဓါတ်မီးတိုင်သည် အလှမ်းကွာဝေးသဖြင့် မှောင်ရိပ်ကျ၍နေလေသည်။ မန်ကျည်းပင်နားသို့ ရောက်လာပါပြီ။

"ဟော့ကောင်တွေ၊ ဟိုရှေ့မှာ. . . ဘာကြီးလဲ မသိဘူး"

အောင်လေး၏ စကားသံနှင့်အတူ ကျွန်တော်တို့လည်း ထိုအရာကို မြင်တွေ့ရပါသည်။ ကျွန်တော်တို့ မြင်တွေ့ရသောအရာမှာ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူနေသော လူတစ်ယောက် လမ်းဘေးတွင် ငုတ်တုတ်ထိုင်နေခြင်းဖြစ်ပါသည်။ လူ၏မျက်နှာပုံသဏ္ဍာန်မျိုးမတွေ့ရပါ။ ကျွန်တော် ကြက်သီးတဖျန်းဖျန်းထသွားမိပါသည်။ ရဲဆေးတင်ထားသော ကျွန်တော်တို့လူစုမှာ ဆက်မပြေးနိုင်ဘဲ မှင်တက်မိနေကြပါသည်။

ကျွန်တော်တို့ မြင်တွေ့ရသောအရာမှာ သရဲကြီးဖြစ်နေပါပြီ။ သရဲကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူးသော ကျွန်တော်တို့သည် ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရသောအခါ ကြောက်စိတ်များ အလိုလို့ဝင်လာမိပါသည်။ ဒူးများလည်း တုန်၍လာပါသည်။ သရဲကြီးသည် ထိုင်နေရာမှထလာပြီး လမ်းပေါ်သို့ တရွေ့ရွေ့တက်လာပါသည်။ ကျွန်တော်တို့အားလုံး မတိုင်ပင်ရဘဲ ခဲများဖြင့် သရဲကြီးဆီကို ချိန်ရွယ်ထားကြပါသည်။ ကျွန်တော်တို့ရပ်နေသော နေရာနှင့် သရဲကြီးရှိသောနေရာသည် ခြေလှမ်း ဆယ်လှမ်းစာမျှသာ ရှိပါသည်။ သရဲကြီးလမ်းလယ်ကောင်သို့ ရောက်ချိန်တွင် ကျွန်တော်တို့ ခဲများဖြင့် ဝိုင်းပစ်ကြပါတော့သည်။

ကျွန်တော်ပစ်လိုက်သော ခဲသည် သရဲကြီးခေါင်းပေါ်ဝဲသွားကာ "ဒေါင်" ခနဲမြည်သွားပါသည်။ တင်ဝင်းပစ်လိုက်သော ခဲသည် သရဲကြီးကို တိုက်ရိုက်ထိမှန်သွားပါသည်။

"အား. . . အမလေး"

www.burmeseclassic.com

www.burmeseclassic.com



မပီမသ ရေရွတ်ကာ သရဲကြီး လမ်းပေါ်လဲကျသွားပါသည်။ သံပုံးကြီးတစ်ပုံးနှင့် ကတ္တရာစေးလမ်းမ ထိတွေ့သံကိုလည်း ကြားရပြန်ပါသည်။

"သရဲမဟုတ်ဘူးကွ၊ လူ. . . လူ "

တင်ဝင်း၏ အသံကို ဦးစွာစတင်ကြားရပါသည်၊ ကျွန်တော်တို့ အနားသို့ ရောက်သွားသောအခါ ထိုသရဲကြီးမှာ နေရာမှ မထနိုင်တော့ပါ။ ပါးစပ်မှ ညည်းညူသံသဲ့သဲ့ကိုသာ ကြားနေရပါသည်။

ကျွန်တော်တို့ထင်နေသလို သရဲမဟုတ်ဘဲ နံနက်စောစော နွားနို့ပို့သည့် ကုလားအဘိုးကြီး ဖြစ်နေသည်။ ကုလားအဘိုးကြီးမှာ အဖြူရောင်ပုဆိုးကို ခါးတောင်းကျိုက် ဝတ်ဆင်ထားလေသည်။ နွားနို့ပုံးကြီးကို ခေါင်းပေါ်တွင် ရွက်၍ ကျွန်တော်တို့ကို ကျောခိုင်းကာ လမ်းဘေးတွင် အပေါ့သွားစဉ် ကျွန်တော်တို့က သရဲဟု အထင်မှားသွားခြင်း ဖြစ်ပါသည်။ အမှန်စင်စစ် ကျွန်တော်တို့ ကြောက်ရွံ့ထိတ်လန့်စွာ မစူးစမ်း မလေ့လာဘဲ ပြုလုပ်ခြင်းက အမှားကို ကျူးလွန်မိခြင်းလည်း ဖြစ်လေသည်။ ကျွန်တော် ပစ်လိုက်သော ခဲသည် နွားနို့ပုံးကို ထိမှန်ကာ တင်ဝင်း၏ လက်ချက်ဖြင့် ကုလားအဘိုးကြီး၏ခေါင်းတွင် အနည်းငယ် ပေါက်သွားပြီး သွေးထွက်ရုံမှအပ ဘာဒဏ်ရာမှ မရရှိခဲ့ပါ။ ဒဏ်ရာအနည်းငယ်သာ ရရှိသော်လည်း အသက်အရွယ် ကြီးရင့်မှုကြောင့် သတိလစ်သွားပါသည်။ နွားနို့များသည် လမ်းပေါ်



တွင် ပြန့်နှံ့၍ နေပါပြီ။ မြင့်စန်းနှင့် ကျွန်တော်က ကုလားအဘိုးကြီးကို ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုကြရပါသည်။

သုံးဆယ်မြို့ဘက်မှလာသော ကားတစ်စီးကို အကူအညီ တောင်းရပါသည်။ ကားဆရာနှင့် ကျွန်တော်တို့ ကုလားအဘိုးကြီးကို ကားပေါ်တင်၍ ဆေးရုံပို့ဖို့ ပြင်ကြရပါသည်။ ကားဆရာက ကားပေါ်တွင်

"ညီလေးတို့. . . သရဲတစ္ဆေဆိုတာ လောကမှာ မရှိဘူး။ စိတ်ချောက်ချားလို့ အမြင်တစ်မျိုးနဲ့ မြင်ကြရတာ၊ လူကြီးတွေကလည်း ကလေးတွေကို ကြောက်ရွံ့ထိတ်လန့်အောင် ချဲ့ထွင်ပြောကြတာကွ၊ ကုလားအဘိုးကြီးကို သရဲဆိုပြီး အထင်မှားခဲ့ကြတယ်မဟုတ်လား။ ပြီးတော့ မင်းတို့က ကြောက်လန့်ပြီး ခဲနဲ့ဝိုင်းပစ်ကြတယ်။ ဒဏ်ရာရမှ ကုလားအဘိုးကြီးမှန်း သိခဲ့ရပြီလေ။ ဒဏ်ရာက မပြောပလောက်ပေမယ့် သတိလစ်သွားခဲ့ရတယ်။ ဒဏ်ရာအကြီးအကျယ်သာဖြစ်ရင် အသက်အန္တရာယ်ပါ စိုးရိမ်ရတတ်တယ်။ ကုလားအဘိုးကြီးရဲ့ နွားနို့တွေလည်း ဆုံးရှုံးကုန်ရပြီ။ နောင်ကို ဆင်ဆင်ခြင်ခြင်နဲ့ အရာရာကို လေ့လာပြီးမှ ပြုလုပ်ကြပါကွာ "

သတိလစ်နေသော ကုလားအဘိုးကြီးကို ကျွန်တော်တို့အားလုံးတောင်းပန်သော အကြည့်ဖြင့်ကြည့်မိကြလေသည်။ ။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဘဝဆိုသည်မှာ

"သားကို မုန့်ဝယ်ပေးနော် ဖေဖေ"

"သမီးကိုလည်း ပူဖောင်းဝယ်ပေးရမယ်နော် ဖေဖေ"

အောင်မြတ်သူနှင့် အိမြတ်ထွေးတို့ မောင်နှမနှစ်ယောက် သူတို့ဖေဖေကို ပူဆာနေကြပါသည်။

"အပြန်ကျမှဝယ်ကြတာပေါ့ သားတို့သမီးတို့ရယ်၊ အခု ဖေဖေတို့ ကွင်းပြင်ကြီးထဲကို ဝင်ကြည့်ကြရအောင်နော် "

တန်ဆောင်းမုန်းလပြည့်ည ဖြစ်ပါ၏။ လမ်းတိုင်း၌ လျှပ်စစ်ရောင်စုံမီးလုံးများ ထွန်းညှိထားပါသည်။ အောင်မြတ်သူတို့မိသားစုသည် သုံးဆယ်မြို့သို့ ပြောင်းရွှေ့လာကြသည်မှာ မကြာသေးပါ။ သူတို့ဖေဖေသည် ဆရာဝန်ဖြစ်သဖြင့် အမြို့မြို့အနယ်နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ သို့အတွက် အောင်မြတ်သူတို့မောင်နှမလည်း သုံးဆယ်မြို့သို့ရောက်လာခြင်းဖြစ်ပါသည်။ သူတို့သည် လူသစ်များဖြစ်သဖြင့်





သုံးဆယ်မြို့မှ နေထိုင်သူများနှင့် ရင်းနှီးကျွမ်းဝင်ခြင်း မရှိကြသေးပါ။ ထို့ပြင် နှစ်စဉ် တန်ဆောင်မုန်းလ၌ ကျင်းပသည်ဆိုသော ဝက်ပါပွဲတော်ကိုလည်း မမြင်ဖူးကြပါ။ ထို့ကြောင့် အဖေ့ကို ဝက်ပါပွဲကျင်းပသည့်နေရာသို့ လိုက်ပို့ရန် အောင်မြတ်သူတို့မောင်နှမ ပြောခဲ့ကြပါသည်။

သို့အတွက်လည်း အဖေက သူတို့ကို လိုက်ပို့ခြင်းဖြစ်ပါသည်။ ကျယ်ဝန်းသော ကွင်းပြင်ကြီး၏ နံဘေးတွင် စီတန်းနေရာယူထားကြပါသည်။ ကွင်းပြင်ထဲမဝင်ခင် မုခ်ဦးတစ်ခုစိုက်ထူထားပါသည်။ မုခ်ဦးတွင် 'တန်ဆောင်တိုင် ဝက်ပါပွဲတော်' ဟူ၍ စာလုံးအကြီးကြီးဖြင့် ရေးသားထားပါသည်။ ကွင်းပြင်ကြီးထဲ၌ ဝက်ပါပြုလုပ်ထားပါသည်။ အောင်မြတ်သူတို့ ကွင်းပြင်ကြီးထဲသို့ ဝင်ခဲ့ကြပါသည်။

"အဲဒါပေါ့ သားတို့ရဲ့ ဝက်ပါဆိုတာ။ ဒီရှေ့က အပေါက်လုပ်ထားတာ ဝင်ပေါက်ပေါ့၊ ထွက်ပေါက်ကတော့ အလယ်မှာ ရှိတယ်ကွဲ့၊ ထွက်ပေါက်က ထွက်လိုက်တာနဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားတွေကို ဖူးမြော်ရတယ်။ ကြည်နူးစရာပေါ့ကွယ်။ သားတို့မျက်စိထဲမှာတော့ အမြင်ဆန်းနေလိမ့်မယ်။ သားတို့ ဝက်ပါလှည့်ဖူးတယ်ရှိအောင် ဝင်လှည့်ကြမယ်နော် "

ဖေဖေက ပြောပြောဆိုဆိုရှေ့မှ ဦးဆောင်သွားပါသည်။ ဝင်ပေါက်မှ သူတို့ဝင်ခဲ့ကြပါသည်။ ဝါးကပ်များဖြင့် ဝက်ပါပြုလုပ်ထားပါသည်။ ဝက်ပါလမ်းကလေးမှာ လူနှစ်ယောက်ရှောင်သာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသာရှိပါသည်။ လမ်းတစ်ဖက် တစ်ချက်၌မူ ဝါးကပ်လေးများကို ကာရံထားပါသည်။ လမ်းမှားသဖြင့် ဝင်္ကပါထဲ၌ တဝဲလည်လည်ဖြစ်နေသည်ကိုလည်း အောင်မြတ်သူတို့ ကြုံရပါသည်။

အောင်မြတ်သူတို့ကဲ့သို့ ဝင်္ကပါလှည့်နေသူများမှာ များပြားလွန်းပါသည်။ ပျော်ရွှင်စွာ ဝင်္ကပါလှည့်သူများကို ဝင်္ကပါဘေးမှ ရပ်ကာအားပေးနေသူများလည်း ရှိပါသည်။ ဝင်္ကပါလှည့်ရင်း လမ်းမှားသဖြင့် ပြောင်လှောင်ကျီစယ် ကြပါသည်။ သို့သော် စိတ်ဆိုးခြင်းတော့ မရှိကြပါ။ ကိုယ့်အရပ်ကိုယ့်ဒေသ၏ ဝင်္ကပါ ပွဲလာသူများသည် တက်ကြွရွှင်လန်းနေပါသည်။ အောင်မြတ်သူတို့ ဝင်္ကပါထွက်ပေါက်သို့ ရောက်လာကြပါသည်။ ဝင်္ကပါ၏အလယ်ဗဟို မြေကွက်လပ်၌ ထွက်ပေါက်ရှိပါသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားများကို သူတို့ ကန်တော့ကြပါသည်။ ပြီးမှ ဝင်္ကပါအလယ် လမ်းမကြီးမှ ကွင်းပြင်ထဲသို့ ပြန်ထွက်ခဲ့ကြပါသည်။ ကွင်းပြင်ထဲသို့ ရောက်သောအခါ အိမြတ်ထွေးက-

"ဝင်္ကပါအတွင်းထဲမှာ လမ်းမှားအောင်လည်း လုပ်ထားတယ်နော် ဖေဖေ၊ သမီးတော့ ဝင်္ကပါထဲက ပြန်ထွက်လို့ရပ့ါမလားလို့ စိတ်ပူနေမိတယ်။ ထွက်ပေါက်ကို ရောက်တော့မှပဲ စိတ်အေးသွားတယ်။ ဒါပေမယ့် ဝင်္ကပါလှည့်ရတာ ပျော်ဖို့သိပ်ကောင်းတာပဲ ဖေဖေ"

"ဝင်္ကပါကို ဘယ်လိုရည်ရွယ်ချက်နဲ့ ကျင်းပ ပြုလုပ်တာလဲ ဖေဖေ"

ဟု အောင်မြတ်သူက မေးပါသည်။



"သားမေးတဲ့ မေးခွန်းဟာ သိသင့်သိထိုက်တဲ့ မေးခွန်းပဲ။ သားတို့ သမီးတို့ နားထောင်၊ ဟိုရှေးရှေးတုန်းကပေါ့၊ ဘုရားလောင်း ဝေဿန္တရာမင်းဟာ အလှူအတန်းပေးတဲ့နေရာမှာ မွေ့လျော်တယ်။ တစ်နေ့တော့ မိုးခေါင်ပြီး ငတ်မွတ်ခေါင်းပါးနေတဲ့ တိုင်းနိုင်ငံက ပုဏ္ဏားတွေဟာ ဝေဿန္တရာမင်းဆီ ဆင်ဖြူတော်အလှူခံတယ်။ စေတနာရက်ရောစွာ ပေးလှူလိုက်တယ်တဲ့။ အဲဒီဆင်ဖြူတော်ဟာ ဥပေါသထ ဆင်ဖြူမျိုးဖြစ်ပြီး သူရှိတဲ့အရပ်မှာ မိုးရွာစေတယ်လို့ ဆိုတယ်။ ဒီနိုင်ငံကို ဆင်ဖြူတော်ရောက်လာရတာကလည်း ဝေဿန္တရာမင်းရဲ့ ဘုန်းတန်ခိုးကြောင့် ဖြစ်တယ်ကွဲ့။ မိုးရွာစေနိုင်တဲ့ ဆင်ဖြူတော်ကို လှူလိုက်တဲ့ အတွက် တိုင်းသူပြည်သားတွေက မကျေနပ်ကြဘူးပေ့ါ။ ဝေဿန္တရာမင်းရဲ့ ဖခမည်းတော်က တိုင်းသူပြည်သူသားတွေ အမျက်ပြေစေဖို့ အတွက် ဝေဿန္တရာ မင်းကို ပြည်နှင်လိုက်တယ်။ ဝင်္ကပါတောင်ဆိုတာက သားရဲတိရစ္ဆာန်တွေ၊ တောင်စဉ်တောင်တန်း၊ အကွေ့အကောက်တွေ ပေါများတဲ့ နေရာပေ့ါကွယ်။ ဝေဿန္တရာမင်းနဲ့ သူရဲ့မိဖုရား၊ သားငယ်၊ သမီးငယ်တို့ဟာ သူတို့နေထိုင်တဲ့ ပြည်တော်ကနေ ဝင်္ကပါတောင်ကို သွားရတာပေ့ါကွယ်"

"သနားစရာပဲနော် ဖေဖေ"

ဟု အိမြတ်ထွေးက ဝင်ပြောပါသည်။

"ဝင်္ကပါတောင်လို အကွေ့အကောက်တွေ၊ အလှိမ့်အပတ်တွေရှုပ်ထွေးအောင် ပြုလုပ်ပြီး ဝင်္ကပါပွဲကို တန်ဆောင်မုန်းလ မီးထွန်းပွဲနဲ့ ယှဉ်တွဲပြီး ကျင်းပကြတယ်ကွဲ့။ လူ့ဘဝဆို

www.burmeseclassic.com

www.burmeseclassic.com



တာက ဝက်ပါလိုပဲ အခက်အခဲတွေ၊ အတားအဆီးတွေ၊ ဘဝလောကဓံတွေစတဲ့ အကွေ့အကောက်၊ အတက်အဆင်း၊ အနိမ့်အမြင့်တွေ ရှိတယ်။ အဲဒီအရာအားလုံးကို ကျော်လွှားနိုင်ကြရမယ်။ ကျော်လွှားနိုင်ဖို့အတွက် ကိုယ့်မှာ လုံ့လ၊ ဝီရိယ၊ ဇွဲတွေရှိနေရမယ်။ ဒါမှ ကိုယ်မျှော်မှန်းတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ကြမှာပေါ့။ သားတို့ သမီးတို့လည်း ကိုယ့်ရည်မှန်းချက်အောင်မြင်စေဖို့အတွက် စာမေးပွဲကို တစ်နှစ်တစ်တန်း ထူးထူးချွန်ချွန်နဲ့ အောင်မြင်အောင် ကြိုးစားကြရမယ်နော် "

"ဟုတ်ကဲ့ ဖေဖေ၊ သားရည်မှန်းထားတဲ့ စစ်ဗိုလ်ကြီးဖြစ်အောင် ကြိုးစားပါ့မယ်"

"သမီးလည်း ကျောင်းဆရာမကြီး ဖြစ်အောင် ကြိုးစားပါ့မယ် ဖေဖေ"

ဖေဖေ့ကို အောင်မြတ်သူတို့ မောင်နှမ ကတိပေးလိုက်ကြပါသည်။ ဖေဖေက သားနှင့် သမီးကို လက်တစ်ဖက်စီကိုင်ပြီး ဝက်ပါကျင်းပရာ ကွင်းကြီးထဲမှ ပြန်လည်ထွက်ခဲ့ကြပါသည်။ ။

❖ ❖ ❖ ❖

## ရိုးရာအမွေအနှစ် ထိန်းသိမ်းကြမယ်

ဝိုင်းချစ်ချစ်သည် ကျောင်းမှအိမ်ပြန်ရောက်သောအခါ မေမေ့အား ပြောပါသည်။

"မေမေရေ၊ သမီးတို့ကျောင်းမှာ မနက်ဖြန်ဝတ်စားဆင်ယင်မှု ပြိုင်ပွဲရှိတယ်။ အဲဒါ ဂါဝန်လှလှလေးနဲ့ ပုံဆန်းဆန်းအင်္ကျီလေး ဝယ်ပေးပါနော်"

မေမေက

"ပြီးခဲ့တဲ့လကဝယ်ပေးထားတဲ့ မြန်မာ့ရိုးရာဝတ်စုံလေး ရှိသားပဲ ၊ အဲဒါလေးဝတ်ပြိုင်ပါလားကွယ်"

ဝိုင်းချစ်ချစ် စိတ်ညစ်သွားပါသည်။ မြန်မာ့ရိုးရာဝတ်စုံမှာ တစ်ကြိမ်ဝတ်ဆင်ပြီး ဖြစ်ပါသည်။ ဟောင်းနွမ်းမှု မရှိသော်လည်း ယခုပြိုင်ပွဲ၌ ခေတ်ဆန်ဆန်ဝတ်ဆင်၍ ယှဉ်ပြိုင်ချင်ပါသည်။ ဝိုင်းချစ်ချစ်၏ သူငယ်ချင်းများဖြစ်သော နိုင်ဝါလွင် ၊ ချိုကြည်လင်၊ တိုးရွှေစင်တို့သည် ခေတ်ဆန်သော ဖက်ရှင်ဒီဇိုင်းများနှင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်

"အဲဒီမြန်မာ့ရိုးရာ ဝတ်စုံကမလှဘူး ၊ ခုဟာက ခေတ်ဆန်ဆန်နဲ့ ဝတ်ပြီးပြိုင်ချင်တာ၊ မြန်မာ့ရိုးရာဝတ်စုံကြီးက ခေတ်နောက်ကျနေပြီ"

"သမီးရယ်လိမ္မာပါတယ်၊ ရိုးရိုးယဉ်ယဉ်လေးပဲ ဝတ်သွားပါလား"

မေမေက ဝိုင်းချစ်ချစ်ကို ချော့မော့ပြောပါသည်။

"ဟင့်အင်းမရဘူး၊ ဝယ်ပေးရမယ် "

"ဟော့၊ ဒီသားအမိတွေ ဘာဖြစ်နေကြတာလဲ ပူညံပူညံနဲ့ကွယ် "

အပြင်မှပြန်ရောက်လာသော အဖေ့ကိုမြင်၍ ဝိုင်းချစ်ချစ်အားတက်သွားပါသည်။ အဖေ့ကို ပူဆာလျှင် ခေတ်ဆန်ဆန်အဝတ်အစားများ ဝယ်ပေးပါလိမ့်မည်။

"ကျောင်းမှာ ကျင်းပမယ့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲမှာဝတ်ဖို့ ဂါဝန်နဲ့အင်္ကျီ ဝယ်ခိုင်းနေတာ၊ ရိုးရိုးယဉ်ယဉ်လေးဝတ်သွားဆိုတာကို လက်မခံဘူး ဖေကြီးရေ "

အမေက အဖေ့ကို ရှင်းပြပါသည်။

အဖေက

"သမီးကလဲ၊ အလှဆိုတာ လူတိုင်းမှာ ရှိကြတယ်၊ ဒါပေမယ့် တို့ဘိုးဘွားတွေ ပေးခဲ့တဲ့ အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်တာ အကောင်းဆုံးပဲ။ ဒီပြိုင်ပွဲမှာလဲ ဖေဖေ့သမီးက မြန်မာ့ရိုးရာဝတ်စုံနဲ့ဆိုရင် ပိုလိုက်ဖက်မှာပါကွယ် "



ဝိုင်းချစ်ချစ် အိမ်ခန်းထဲသို့ ဝင်လာခဲ့ပါသည်။ သူဆက်ပြောလျှင်လည်း မိဘများက လက်ခံတော့မည်မဟုတ်ပါချေ။

* * *

ကျောင်းသို့ မိဘများနှင့်အတူ ဝိုင်းချစ်ချစ်သည် ရင်ဖုံးအင်္ကျီ ချိတ်ထဘီတို့ ဝတ်ဆင်ကာ သွားပါသည်။ လမ်းသွားလမ်းလာများက ဝိုင်းချစ်ချစ်ကို ကြည့်၍ပြုံးသွားကြပါသည်။ ဝိုင်းချစ်ချစ်ရှက်ပါသည်။ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် ဆုရလိမ့်မည်မဟုတ်ဟု ဝိုင်းချစ်ချစ် ထင်ပါသည်။

ကျောင်းသို့ရောက်ရှိပါပြီ။ " မြန်မာ့ကျောင်း " သီချင်းသံသည် ခန်းမထဲ၌ပျံ့လွင့်နေပါသည်။ မိဘများကို သီးသန့်နေရာချပေးထားပါသည်။ အခမ်းအနားမှူး ဆရာမဒေါ်ခင်မာလွင်က အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာပါသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသက်က ပြိုင်ပွဲကျင်းပရသည့်အကြောင်း ပြောပါသည်။ ထို့နောက် ဝတ်စားဆင်ယင်မှု ပြိုင်ပွဲစတင်ပါပြီ။

ရှေးဦးစွာ စင်ပေါ်သို့ မခိုင်ဝါလွင် တက်လာပါသည်။ ဂါဝန်လှလှလေးနှင့် အင်္ကျီပုံဆန်းလေးမှာ သူ့အသားဖြူဖြူနှင့်လိုက်ဖက်လှပါသည်။ နောက်ကျောင်းသူလေးများ တစ်ဦးပြီးတစ်ဦး ယှဉ်ပြိုင်သွားကြပါသည်။ သို့ဖြင့် ဝိုင်းချစ်ချစ် အလှည့်ရောက်လာပါသည်။ ဝိုင်းချစ်ချစ်ကား နောက်ဆုံးယှဉ်ပြိုင်ရသူဖြစ်ပါသည်။ ဝိုင်းချစ်ချစ် စင်ပေါ်၌ လျှောက်စဉ်ဝယ် ပရိသတ်က လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် အားပေးကြပါသည်။ ဝိုင်းချစ်ချစ်အလှည့် ပြီးသွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



အကဲဖြတ်ဒိုင်လူကြီးများက အမှတ်ရေတွက်နေကြပါသည်။ အခမ်းအနားမှူးဆရာမ ဒေါ်ခင်မာလွင် ကပြိုင်ပွဲတွင် ဆုရရှိသူများကို ကြေညာတော့မည်ဖြစ်ကြောင်း ပြောပါသည်။ ဝိုင်းချစ်ချစ် ခေါင်းငုံ့နေပါသည်။

"ယခုဝတ်စားဆင်ယင်မှု ပြိုင်ပွဲမှာ ယှဉ်ပြိုင်သွားကြတဲ့ ကျောင်းသူလေးများအားလုံး တော်ကြပါတယ်၊ လှပသန့်ရှင်း သပ်ယပ်မှုလည်း ရှိကြပါတယ်။ ဒီအထဲက ယဉ်ကျေးသိမ်မွေ့ပြီး မြန်မာ့ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းထားတဲ့ အဝတ်အစားတွေနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ ဝိုင်းချစ်ချစ်ကို ပထမဆုပေးလိုက်ပါတယ်ရှင်"

တစ်ခန်းလုံး လက်ခုပ်သံများ ဆူညံသွားပါသည်။ ဝိုင်းချစ်ချစ် ပထမဆုတက်ယူရပါသည်။ ဆုယူပြီး စင်ပေါ်မှ ဆင်းလာသောအခါ စင်အောက်မှ ဖေဖေနှင့်မေမေက ဆီးကြိုကြပါသည်။

ဖေဖေက

"သမီး၊ ဖေဖေတို့ မြန်မာလူမျိုးတွေဟာ မြန်မာ့ရိုးရာ အမွေအနှစ်တွေကို မြတ်မြတ်နိုးနိုး တန်ဖိုးထားထိန်းသိမ်းရမယ်၊ ဒါမှလည်း ကမ္ဘာ့အလယ်မှာ ဂုဏ်ဝင့်ထယ်နေမှာပေါ့"

ဝိုင်းချစ်ချစ်၏ မျက်ဝန်းအိမ်၌ ပြုံးမျက်ရည်များ သီဝေနေပါသည်။ ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာလူမျိုးတို့၏ တာဝန်ပင်မဟုတ်ပါလား။ ။

❖ ❖ ❖ ❖

## မတူညီသော ချွေးစက်များ

ကျော်သက်တို့လူစုသည် ဦးကြီးထွန်း၏ ခြံနံဘေးသို့ ချဉ်းကပ်လာကြသည်။ သူတို့ လာကြခြင်း အကြောင်းမှာ ဦးကြီးထွန်း ခြံထဲမှ မာလကာသီးများကို ခိုးယူရန်ဖြစ်သည်။ ဦးကြီးထွန်း၏ ခြံဝန်းသည် ကျယ်ဝန်း၍ သစ်သီးဝလံမျိုးစုံ စိုက်ပျိုးထားသည်။ ဦးကြီးထွန်းသည် ခြံထဲမှ ရာသီအလိုက် ပေါ်သော သစ်သီးများကို ခူးဆွတ်၍ ဈေးထဲတွင်ရောင်းချကာ အသက်မွေးဝမ်းကျောင်းပြုသည်။ ကျော်သက်တို့ ခြံဝင်းထဲသို့ ချောင်းကြည့်သည်။ ဦးကြီးထွန်းကို မတွေ့ရ။ သူတို့ ဝမ်းသာသွားသည်။

အမှန်တော့ ဦးကြီးထွန်း ဈေးသွားမည့်အချိန်နှင့် ချိန်ကိုက်၍ လာကြခြင်းပင်။ သို့သော် ဦးကြီးထွန်း မွေးထားသော ခွေးကြီး အောင်နက်က ခြံစောင့်အဖြစ် ကျန်ရစ်သည်။ အောင်နက်ကိုတော့ ကျော်သက်တို့လူစု ကြောက်ကြသည်။ အောင်နက်သည် ဟောင်ရုံမက အကိုက်လည်း ကြမ်းသည်။ ခြံစည်းရိုးနားဖြတ်လျှောက်သည်နှင့် အောင်နက်ဟောင်သံ ကြားရမြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးထွန်း ခြံထဲတွင်ရှိလျှင် အောင်နက်ကို သံကြိုးဖြင့် ချည်ထားပြီး စျေးသွားလျှင်တော့ ခြံဝန်းထဲတွင် လွှတ်ထားလေ့ရှိသည်။ ယခုမူ အောင်နက်၏ အရိပ်အရောင်ကိုမမြင်ရ။ ကျော်သက်တို့ အခြေအနေကောင်းနေသည်။

ကျော်သက်၊ နိုင်ဝင်း၊ ပေါ်စံ၊ သက်နိုင်တို့ ဝါးခြံစည်းရိုးကို တိုး၍ ခြံထဲသို့ အလွယ်တကူ ဝင်ကြသည်။ သူတို့အားလုံး မာလကာပင်အောက် ရောက်လာကြသည်။ အပင်ပေါ်တွင် မာလကာသီးများ အပြွတ်လိုက်သီးနေကြသည်။ သူတို့တွေ ဦးကြီးထွန်း၏ အိမ်ဘက်ဆီသို့ လှမ်းကြည့်ရာ ဘာသံမျှ မကြားရပေ။ မာလကာသီးများကို စိတ်အေးလက်အေး ခူးယူနေကြသည်။

"ဝုတ်. . . ဝုတ်. . . ဝုတ် "

ကျော်သက်တို့ မာလကာသီးများကို အာရုံစိုက်၍ ခူးနေစဉ် အောင်နက်၏ ဟောင်သံကို ကြားရလေသည်။ ပါးစပ်ကြီးဖြဲ၍ လျှာတစ်လစ်ဖြင့် ပြေးလာနေသော အောင်နက်ကို မြင်လိုက်ရသဖြင့် ကျော်သက်တို့ ကြက်သီးတဖြန်းဖြန်းထသွားသည်။ မာလကာပင်ပေါ်မှ ပြေးဆင်းကြသည်။ အောင်နက်သာ သူတို့ကို မီလိုက်လျှင် လွယ်လိမ့်မည်မဟုတ်။ သူတို့ဝင်လာခဲ့သော ခြံစည်းရိုးပေါက်မှ အတင်းကာရော တိုးထွက်ပြီး ခြံနှင့်ဝေးရာသို့ ပြေးကြသည်။ အောင်နက်၏ ဟောင်သံသည်ကား တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့လေသည်။ ထိုအခါမှပင် သူတို့အားလုံး အမောဖြေနိုင်ကြတော့သည်။

* * *

ဒိုးစည်ဗိုးပတ်သံများ ဆူညံနေသည်။ ရပ်ကွက်တွင်း လုပ်အားပေးပွဲ ကျင်းပနေခြင်းပင်။ ထိုလုပ်အားပေးပွဲတွင် ကျော်သက်တို့ သူငယ်ချင်းတစ်စုလည်း ပါသည်။ လူကြီးများနှင့်အတူ ကျော်သက်တို့သည်လည်း အမှိုက်သရိုက်များကို ရှင်းလင်းကြသည်။ ဗွက်ထနေသော နေရာများကို မြေဖို့ကြသည်။ ရေနုတ်မြောင်းများတူးဖော်ကြသည်။

အမှိုက်သရိုက်များကို တစ်နေရာတွင် စုပုံ၍ အမှိုက်သယ်ကားပေါ်သို့ တင်ကြသည်။ ပေါက်ပြား၊ ဂေါ်ပြား၊ တံမြက်စည်းကိုယ်စီဖြင့် တက်တက်ကြွကြွ လုပ်အားပေးကြသည်။ ကျော်သက်တို့ သူငယ်ချင်းတစ်စုသည် ချွေးများစိုရွှဲနေသော်လည်း မျက်နှာများတွင်ကား အပြုံးမပျက်။

မွန်းလွဲပိုင်းသို့ ရောက်သောအခါ လုပ်အားပေးပွဲကြီး ပြီးဆုံးသွားချေပြီ။ အမှိုက်များ ပိတ်ဆို့နေသော ရေမြောင်းကြီးသည် ရေများစီးဆင်းနေပြီ။ ကားလမ်းပေါ်တွင်လည်း အမှိုက်သရိုက်များကင်းစင်၍ ပြောင် ချောနေသည်။ ယခင်က ကျိုးပဲ့ပျက်ဆီးနေသည့် ခြံစည်းရိုးဝင်းများသည်လည်း သပ်သပ်ရပ်ရပ်ရှိသွားကြချေပြီ။ လျှပ်စစ်ဓါတ်ကြိုးများနှင့် ငြိနေသော သစ်ကိုင်းများကို ခုတ်ရှင်းလိုက်သဖြင့် ကျော်သက်တို့ ရပ်ကွက်သားတွေ လျှပ်စစ်အန္တရာယ်ကို ကြောက်စရာမလိုတော့ပေ။

ကျော်သက်သည် နဖူးပြင်မှ စီးကျနေသော ချွေးများကို လက်ဖြင့်သပ်ချလိုက်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"တို့အခုလုပ်တဲ့ အလုပ်ဟာ မွန်မြတ်သန့်စင်တဲ့ အလုပ်ကွ၊ တို့ရပ်ကွက်သားတွေ ညီညီညာညာနဲ့ စုပေါင်းလုပ်အားပေးကြလို့ ရပ်ကွက်တစ်ခုလုံး သန့်ရှင်းသွားပြီ။ ရေမြောင်းတွေ ပိတ်ဆို့မနေတော့ဘဲ မှန်မှန်စီးဆင်းသွားတဲ့အတွက် ခြင်တွေ၊ ယင်တွေ မပေါက်ပွားနိုင်တော့ဘူး။ ဒီတော့ ကျန်းမာရေးနဲ့လည်း ညီညွတ်တာပေါ့၊ မဟုတ်ဘူးလား"

ကျော်သက်၏စကားကို သူငယ်ချင်းအားလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။

"တို့တွေ လုပ်အားပေးလို့ကျလာတဲ့ ချွေးစက်တွေဟာ ဟိုတစ်နေ့က ဦးကြီးထွန်းခြံက ထွက်ပြေးလို့ ကျလာတဲ့ ချွေးစက်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ကွာခြားမှာပဲ။ ဘာကြောင့်လဲဆိုတော့ သူတစ်ပါး ခြံကပစ္စည်းကို ပိုင်ရှင်မသိအောင် ခိုးယူပြီး ထွက်ပြေးကြတဲ့အတွက် အလဟဿ အချည်းအနှီးဖြစ်ရတယ်။ အဲဒီလို ချွေးစက်တွေ ငါတို့ကိုယ်ပေါ်က မကျသင့်ပါဘူး။ ဒီနေ့ ရပ်ကွက် သန့်ရှင်းရေး လုပ်အားပေးလုပ်လို့ ကျလာရတဲ့ ချွေးတွေကျတော့ အများကောင်းကျိုးအတွက် ကျရတဲ့ ချွေးစက်တွေမို့ တို့သူငယ်ချင်းတွေအတွက် နဖူးပြင်တင်မက ခန္ဓာကိုယ်တစ်ခုလုံးက ယိုစီးကျသင့်ပါတယ်ကွာ"

နိုင်ဝင်း၊ ပေါစံ၊ သက်နိုင်အားလုံးလည်း ကျော်သက်ကဲ့သို့ ပင် မတူညီသော ချွေးစက်များ အကြောင်းကို ကောင်းကောင်း နားလည်သဘောပေါက်ကြသည်ထင့်။ ။

❖ ❖ ❖ ❖

## အထင်မလွဲပါနဲ့ မေမေရယ်

ကျောင်းများ ဖွင့်လေပြီ။

မျိုးဇော်ဦးသည် တတိယတန်းအောင်၍ စတုတ္ထတန်းသို့ တက်ရပါသည်။ တခြားသူငယ်ချင်းများက အတန်းအောင် သဖြင့် ပျော်နေကြသော်လည်း မျိုးဇော်ဦး မပျော်နိုင်ပါ။ မျိုးဇော်ဦးတို့ အိမ်ကဝင်ငွေ နည်းပါသည်။ အမေ ပဲဖတ်ရောင်းချ၍ ရရှိသောငွေဖြင့် မကျန်းမာသော အဖေ့ကို ဆေးကုသပေးနေရ သည်။ စားရေးသောက်ရေးအတွက် ခြိုးခြံနေရသည်။

စာအုပ်ဖိုးအတွက် ဆရာမက မနက်ဖြန်ဘွင် နောက်ဆုံး ထား၍ ငွေပေးသွင်းရမည်ဟု ပြောသည်။ သို့အတွက်ကြောင့် မျိုးဇော်ဦး စိတ်ညစ်နေမိပါသည်။ ခင်မောင်ဝင်းတို့ ဘောလုံး ကန်လာခေါ်သည်ကိုပင် မလိုက်နိုင်။ အိမ်ရှေ့ဝါးကြမ်းခင်း ပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်နေမိတော့သည်။

"မျိုးဇော်ဦးရေ . . . ဟေ့ ၊ . . . မျိုးဇော်ဦး"



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်မှ ကျော်စွာအောင်၏ အော်ခေါ်သံကို ကြားရသည်။ မျိုးဇော်ဦး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ရေပုံးစုတ်တစ်လုံး၊ ပိန်လိန်နေသည့် လက်ဆွဲချိုင့်တို့ကို လက်တစ်ဖက်စီကိုင်လျက်ရပ်နေသော ကျော်စွာအောင်ကို တွေ့ရပါသည်။ ပုဆိုးပြဲနှင့်စွပ်ကျယ်ချိုင်းပြတ် ဝတ်ထားပုံမှာ မြင်သူတိုင်း ရယ်စရာကြီး ဖြစ်နေသည်။ ကျော်စွာအောင်သည်လည်း သူနှင့်အတူ တတိယတန်းအောင်သူ ဖြစ်ပါသည်။

"တို့ လမ်းထိပ်က ရေမြောင်းထဲမှာ ငါးတွေအများကြီးပဲ။ ငါ မနေ့က ဟိုဘက်လမ်းထဲ သွားရင်းနဲ့တွေ့ခဲ့တယ်။ အဲဒါ ဘယ်သူမှငါးမပက်ခင် သွားပက်မလို့။ ငါနဲ့အဖော်လိုက်ခဲ့ပါလား။ ရတဲ့ငါးတွေ မင်းနဲ့ငါ တစ်ယောက်တစ်ဝက်စီ ခွဲဝေယူကြတာပေါ့"

"ဟာကွာ မြောင်းဆိုတာ ညစ်ပတ်တယ်။ ရွံ့စရာကြီး၊ အမေသိရင်လဲ ငါ့ကိုရိုက်နေ ပါဦးမယ်။ နောက်ပြီး အဖေနားမှာ ငါနဲ့ညီလေးပဲ စောင့်နေရတာ။ ငါလိုက်လို့ဖြစ်မယ် မထင်ပါဘူးကွာ"

"မင်း အဖေနားမှာ မင်းညီလေးကိုထားခဲ့ပေါ့ကွာ၊ ငါတို့ ပက်လို့ရတဲ့ ငါးတွေကို ပြန်ရောင်းရင်တော့ စာအုပ်ဖိုးလောက်တော့ ရနိုင်တယ်ကွ"

စာအုပ်ဖိုးရမည်ဆိုသည့် စကားကို ကျော်စွာအောင်ထံမှ ကြားလိုက်ရသောအခါ မျိုးဇော်ဦး စိတ်ဝင်စားသွားမိပါသည်။ သူ့စာအုပ်ဖိုးငွေအတွက် မည်သည့်နေရာက ရှာရမှန်းမသိ ဖြစ်



နေစဉ် ကျော်စွာအောင်၏လုပ်ငန်းကို သိရသည့်အခါ လက်ခံချင်လာသည်။ သို့သော် အဖေ့အနားတွင် ညီလေးတစ်ယောက်တည်း ထားခဲ့ရမည်ကိုလည်း စိတ်မချနိုင်ပါ။ မျိုးဇော်ဦး ဝေခွဲမရဖြစ်နေစဉ် အိပ်ခန်းထဲမှ အဖေ့၏ ချောင်းဆိုးသံကို ကြားရသည်။ အမေလည်း ပဲဖတ်ရောင်းရာမှ ပြန်ရောက်လုနီးပြီ။

"ကျော်စွာအောင် ငါလိုက်ခဲ့မယ်၊ ညီလေးကို မှာခဲ့ဦးမယ်ကွာ"

မျိုးဇော်ဦးအိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။ အဖေ့အနားမှာနေရန်နှင့် အမေပြန်လာလျှင် သူ ကျော်စွာအောင်နှင့် လိုက်သွားသည့်အကြောင်း ညီလေးကိုမှာခဲ့ကာ ရေလဲပုဆိုးကို ယူလဲလိုက်သည်။ အင်္ကျီမှာ ကျောပြဲအင်္ကျီကြီး ဖြစ်ပါသည်။ ကျော်စွာအောင်နှင့် မျိုးဇော်ဦးတို့လမ်းထိပ်က ရေမြောင်းကြီးဆီ ထွက်ခွာလာခဲ့သည်။ လမ်းသွားလမ်းလာများက သူတို့နှစ်ယောက်ကို အထူးအဆန်းသဖွယ် ကြည့်သွားကြသည်။ အိမ်က စထွက်လာစက မျိုးဇော်ဦး ရှက်သလိုလို ခံစားရသည်။ သို့ပေမယ့် စာအုပ်ဖိုးငွေရမည့်အကြောင်း ခေါင်းထဲဝင်လာသောအခါ ရှက်ရွံ့စိတ်များ ပျောက်ကွယ်သွားပါသည်။ မျိုးဇော်ဦးတို့ လမ်းထိပ်သို့ ရောက်လာကြသည်။ ရေမြောင်းကြီးထဲ၌ စီးဆင်းနေသော ရေများသည် နောက်ကျိ၍နေသည်။ ကျော်စွာအောင်သည် ဦးစွာ ရေမြောင်းထဲသို့ ဆင်းသွားသည်။ ရေမှာ ပေါင်လယ်လောက်သာ နက်သည်။ မျိုးဇော်ဦး မြောင်းရေထဲ လိုက်ဆင်းရန် မဝံ့မရဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မျိုးဇော်ဦး လာလေကွာ၊ မြေကြီးခဲတွေ၊ အုတ်ခဲကျိုးတွေနဲ့ တမံလုပ်ကွာ၊ ပြီးမှ ရေပက်ထုတ်လို့ရမယ်"

မျိုးဇော်ဦးလည်း ရေမြောင်းထဲသို့ ဆင်းလိုက်သည်။ အေးမြသောရေ၏ အထိအတွေ့ကို ခံစားလိုက်ရသည်။ ခါးတောင်းကျိုက်ထားသဖြင့် ပုဆိုးကို ရေမစိုသော်လည်း ရေပက်ထုတ်လျှင် တစ်ကိုယ်လုံးစိုရွှဲမည်ကို သူကြိုသိနေသည်။ သူတို့သည် မြောင်းဘေးနားမှ မြေကြီးခဲများ၊ အုတ်ခဲကျိုးများ၊ ရွှံ့မာများကိုယူကာ တမံတုပ်ကြပါသည်။ ရေမြောင်းထဲမှ ရေစီးနှုန်းသည် နှေးကွေးစွာ စီးဆင်းနေသည်။ မကြာခင်တွင် တမံတုပ်ခြင်းပြီးစီးသွားသည်။ အချိန်ကား မွန်းတည့်လုလုအချိန်ရောက်နေပြီ။

ရေမြောင်းထဲမှ ရေများကို တမံဟိုဘက်သို့ ပက်ထုတ်ပစ်ကြသည်။ ရေပုံးစုတ်တစ်လုံး၊ ဒန်ချိုင့်တစ်လုံးတို့ဖြင့် ပက်နေရ၍ ခရီးမပေါက်လှ။ နေကား ဝူပြင်းလှသည်။ နေအပူချိန်ကြောင့် သူတို့နှစ်ယောက် ပင်ပန်းနွမ်းနယ် လာကြသည်။ သူတို့၏ ခန္ဓာကိုယ်များတွင် ရွှံ့များပေကျံ၍ လူရုပ်ပင် မပေါ်ကြတော့ပါ။

မျိုးဇော်ဦး အားလျော့ချင်လာပါသည်။ ကျော်စွာအောင်ကို ကြည့်လိုက်သောအခါ သူ့ဘက်ကို စောင်းငဲ့၍ပင် မကြည့်ဘဲ ရေမြောင်းထဲမှ ရေများကိုသာ ရေပုံးဖြင့် ကျုံးပက်နေသည်။ ငါးများများရလျှင် စာအုပ်ဖိုး ငွေပေးနိုင်တော့မည်ဆိုသော အသိက ဝင်လာပြန်သည်။ သူ့နံဘေးမှာ ချထားသော ဒန်ချိုင့်ကို ဆွဲယူလိုက်ကာ ကျော်စွာအောင်ကို ဝင်ကူညီလိုက်သည်။

နောက်ဘက်နားဆီက ငါးထခုန်သံကို ကြားလိုက်မိသည်။ မျိုးဇော်ဦး နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ရေနည်းသွား၍ ငါးခူကြီးတစ်ကောင် ထခုန်သွားခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်သည် အားအင်သစ်များ တိုးပွားလာပြန်သည်။ သူတို့ ပိတ်ဆို့ထားသောနေရာတွင် ရေများခန်းခြောက်လာပါပြီ။ နုံးများပေါ်တွင် တင်နေသော ငါးများကို သူတို့တွေ့ရသည်။ အားရဝမ်းသာ ငါးများကိုကောက်၍ ရေပုံးထဲ ထည့်ကြသည်။ ပြီးနောက် ငါးထည့်ထားသော ရေပုံးကို မြောင်းပေါင်ပေါ်သို့ တင်ထားလိုက်ကြပြီး ပိတ်ဆို့ထားသော တမံများကို ဖိချပစ်လိုက်ကြသည်။

နှစ်ယောက်သား ရေပုံးကြီးကို ဆွဲ၍ ဈေးဘက်ထွက်လာခဲ့ကြသည်။ ဈေးထဲသို့ ရောက်လာသောအခါ ကျော်စွာအောင်ထံမှ ဖောက်သည်ယူနေကျ ဒေါ်မြမေကို ငါးများရောင်းချသည်။ ဒေါ်မြမေက ချိန်ခွင်ဖြင့် ငါးများကို ချိန်ယူပြီး ကျသင့်ငွေများကို ကျော်စွာအောင်လက်ထဲသို့ ထည့်လိုက်သည်။ မျိုးဇော်ဦးသည် ကျော်စွာအောင်လုပ်သမျှကို ဘေးမှ ရပ်ကြည့်နေသည်။ တစ်ထောင်တန်ခြောက်ရွက် ဖြစ်သည်။

"ငါးရောင်းလို့ရတဲ့ငွေကို မင်းနဲ့ငါ တစ်ယောက်တစ်ဝက်ခွဲယူမှာဆိုတော့ မင်းသုံးထောင် ယူပေါ့ကွာ၊ ငါတို့တွေမနက်ဖြန် စာအုပ်ဖိုး သွင်းနိုင်ပြီကွ"

ကျော်စွာအောင်က မျိုးဇော်ဦးကို တစ်ထောင်တန် သုံးရွက်ပေးရင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းမင်းကို ငါသိပ်ကျေးဇူးတင်တာပဲကွာ၊ ငါစာအုပ်ဖိုးပေးဖို့ အခက်အခဲ တွေ့နေတာ မင်းအကြံဉာဏ်ပေးလို့သာပေါ့။ နောက်ကျောင်းပိတ်ရက်တွေမှာ ငါးပက်ရင် ဒီလိုပဲ တို့နှစ်ယောက်စုပြီး ပက်ကြတာပေါ့၊ သိပ်နေမြင့်နေပြီကွ။ မေမေဆူနေဦးမယ် ငါပြန်မယ်နော် ကျော်စွာအောင်"

မျိုးဇော်ဦးနှင့် ကျော်စွာအောင်တို့ လမ်းခွဲ၍ ထွက်လာခဲ့ကြသည်။ အမေ ခုချိန်ဆိုလျှင် အိမ်ပြန်ရောက်လောက်ပြီထင်သည်။ မျိုးဇော်ဦး ခြံထဲသို့ ဝင်လာသောအခါ သုန်မှုန်နေသော မျက်နှာနှင့် ဝါးခြမ်းပြား ကိုင်ကာ ခြံဝမှရပ်နေသော အမေ့ကို တွေ့ရသည်။

"ဟင် ကြည့်စမ်း တစ်ကိုယ်လုံးလဲ ရွှံ့တွေပေနေတာပဲ၊ အိမ်မှာ အဖေက နေမကောင်းလို့ အနားမှာ နေပါဆိုတာ မနေဘူး။ အခု ဆော့လို့ အားရပြီးမှ ပြန်လာတာပေါ့လေ။ အမေက ပဲဖတ်တောင်း ခေါင်းပေါ် ရွက်ပြီး ပင်ပင်ပန်းပန်းနဲ့ လုပ်ကိုင်ကျွေးမွေးနေတာကို အိမ်မှာ အိမ်စောင့်ဖော်တောင် မရဘူး၊ ကဲဟာ. . . ဆော့ချင်ဦး"

"ဖြန်း . . . ဖြန်း . . . ဖြန်း"

အမေက ဝါးခြမ်းပြားဖြင့် မျိုးဇော်ဦး၏ တင်ပါးကို ရိုက်သည်။ မျိုးဇော်ဦးက ငိုသံပါကြီးဖြင့် -

"အမေ သားလေ ကျော်စွာအောင်နဲ့ လမ်းထိပ်က ရေမြောင်းကြီးမှာ ငါးသွားပက်တာပါ။ ငါးရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ စာအုပ်ဖိုးသွင်းမလို့၊ မနက်ဖြန် စာအုပ်ဖိုးနောက်ဆုံးသွင်းရမယ်တဲ့။ သားအဖေ့ကို ပစ်ထားခဲ့တာ မဟုတ်ပါဘူး၊ ညီလေးကို သေချာမှာပြီးမှ သွားတာပါ။ ဒီမှာ ငါးရောင်းလို့ရတဲ့ ပိုက်ဆံပါ မေမေရယ်"



မျိုးဇော်ဦးက သူ့လက်ထဲမှာ ကြေမွတွန့်လိမ်၍ ရွှံ့ပေနေသော တစ်ထောင်တန် သုံးရွက်ကို မေမေ့အား ပြလိုက်သည်။

သူ့မေမေသည် သားလက်ထဲမှ တစ်ထောင်တန်သုံးရွက်ကို မြင်ရသောအခါ ဝါးခြမ်းပြားကို ပစ်ချလိုက်ပြီး မျိုးဇော်ဦး၏ ရွှံ့ပေနေသော ခန္ဓာကိုယ်တစ်ခုလုံးကို သိမ်းကျုံးဖက်လိုက်သည်။

အမေ့ပါးပြင်မှာ မျက်ရည်များ စီးကျလာသည်။ နှုတ်မှလည်း "အမေ့မှာ စုဆောင်းထားတဲ့ငွေတွေရှိပါတယ်၊ သားရဲ့ စာအုပ်ဖိုးငွေ သွင်းပေးမှာပေါ့ကွယ်။ သား. . လုပ်အားတန်ဖိုး သိတာကို အမေကျေနပ်ပါတယ် သားလေးရယ်" ဟုပြောလိုက်ပါသတည်း။ ။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ကားမောင်းတတ်ချင်တယ်

ထွန်းမြတ်ဇော်၏မိဘများသည် အဝေးပြေးကုန်တင်ကားပိုင်ရှင်များ ဖြစ်ကြပါသည်။ ထွန်းမြတ်ဇော်သည် တစ်ဦးတည်းသောသား ဖြစ်ပါသည်။ ဆဋ္ဌမတန်းတက်နေသော ကျောင်းသားတစ်ဦးဖြစ်ပါသည်။ သူတို့အိမ်၌ ကုန်ကားကြီး ၃ စီးရှိ၍ ကိုယ်ပိုင်ကားတစ်စီးရှိပါသည်။ သူ့အဖေနှင့်အမေသည် ကားမောင်းတတ်ပါသည်။ သို့သော် မိဘများက ထွန်းမြတ်ဇော်ကို ကားပေါ်သို့တက်ဆော့ကစားခြင်း ခွင့်မပြုပါ။ ထွန်းမြတ်ဇော်သည် ကားမောင်းတတ်ချင်ပါသည်။ မိဘများကွယ်ရာ၌ ကားပေါ်တက်၍ ဆော့ကစားပါသည်။ ထိုသို့ဆော့ကစားသည်ကို မိဘများမြင်သည့်အခါ ကြိမ်လုံးဖြင့် ရိုက်နှက်ဆုံးမပါသည်။ မိဘများ တားမြစ်ထားသော်လည်း ကားပေါ်တက်၍ ကားမောင်းချင်သော စိတ်ဆန္ဒကား လျော့မသွားပါ။

တစ်နေ့၌ ဖေဖေနှင့်မေမေက ထွန်းမြတ်ဇော်အား ခေါ်၍ အလှူတစ်ခုသို့ ကိုယ်ပိုင်ကားဖြင့် သွားကြပါသည်။ သူတို့သွားသောအိမ်မှာ ဖေဖေ့၏ညီ ဦးခင်ဇော်အိမ် ဖြစ်ပါသည်။ ဦးခင်





ဇော်အိမ်ရှေ့၌ မဏ္ဍပ်ထိုးထားပါသည်။ ဦးခင်ဇော်၏သား (၃) ယောက် ရှင်ပြုမည်ဖြစ်ပါသည်။ ညနေ၌ မြို့ထဲသို့ ရှင်လောင်းလှည့်မည် ဖြစ်ပါသည်။ ဖေဖေနှင့်မေမေသည် အလှူမဏ္ဍပ်ထဲ၌ ဧည့်သည်များကို နေရာချပေးခြင်း၊ ကျွေးမွေးရန် ပြင်ဆင်ပေးခြင်းတို့ ပြုလုပ်နေသဖြင့် ထွန်းမြတ်ဇော်ကို ဂရုမစိုက်နိုင်ခဲ့ချေ။ ဖေဖေက ကားကို မဏ္ဍပ်နှင့်မလှမ်းမကမ်း ကုန်းမြင့်ပေါ်၌ ရပ်ထားပါသည်။

"ဒါ၊ ငါ့အတွက် အခွင့်ကောင်းပဲကွ၊ ဖေဖေတို့ အလုပ်များနေတုန်း ကားပေါ်တက်ဆော့ရမယ်၊ ကားသော့က ချွတ်ထားတဲ့ ဖေဖေ့အကျီအိတ်ထဲမှာ ရှိမယ်"

ထွန်းမြတ်ဇော်သည် အကျီချိတ်၌ ချိတ်ဆွဲထားသော ဖေဖေ့အကျီအိတ်ထဲ၌ ကားသော့ရှာပါသည်။ ကားသော့မှာ လွယ်လွယ်ကူကူရှာတွေ့ပါသည်။ ကားသော့ရရှိသည့်အခါ ကားနားသို့ သွားပါသည်။ ကားနားသို့ ရောက်သောအခါ ကားတံခါးကို ဖွင့်ပါသည်။ ပြီးနောက်ကားပေါ် အမြန်တက်လိုက်ပြီး ဘရိတ်နှင့် လီဘာများကို ခြေဖြင့်နင်းကြည့်သည်။

"ဟီး. . . ဟီး၊ နိုင်ငံခြားဗီဒီယို တိတ်ခွေဇာတ်လမ်းထဲမှာပါတဲ့ ကားပြိုင်ပွဲလို မောင်းကြည့်မယ် "

ခြေကဘရိတ်တံကိုနင်းရင်း လက်ကလဲကားမောင်းသူများလုပ်သလို ဂီယာတံကို ဟိုတွန်း ဒီတွန်း တွန်းကြည့်နေပါသည်။ ထိုစဉ် ရုတ်တရက် ဂီယာလွတ်သွားပြီး ကားသည်ကုန်းဆင်းအတိုင်း လိမ့်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ မေမေတို့ရေ၊ လုပ်ပါဦးဗျို့"

ထွန်းမြတ်ဇော်ကြောက်၍တုန်လှုပ်စွာ အာသံကုန်အော်ဟစ်ပါသည်။ သူ၏အော်သံကြောင့် ဖေဖေနှင့်အလှူပွဲလာသူများ မဏ္ဍပ်ထဲမှ ပြေးထွက်လာပါသည်။ သို့သော် နောက်ကျသွားပါပြီ။ ကားလေးသည် မည်သူမျှ ပြေးလိုက်၍မမီဘဲ လိမ့်ဆင်းနေရာ အလှူပွဲလာသူများအားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြပါသည်။ မေမေလည်း သားကားပေါ် ပါသွား၍ စိုးရိမ်စိတ်လွန်ကာ သတိလစ်မေ့မြောသွားပါသည်။ ကားလေးသည် လမ်းအတိုင်း ပြေးဆင်းနေရာမှ လမ်းဘေးသို့ ထိုးကျပြီး ရေမြောင်းအုတ်ခုံနှင့် ဝင်တိုက်ကာရပ်သွားပါသည်။ ထိုအခါမှ လူအားလုံး သက်မချနိုင်ကြပါသည်။ ကားမီးလုံးများကွဲသွားပါသည်။ ကားခေါင်းမှာ ဆေးရောင်များပျက်ပြယ်၍ ပိန်ချိုင့်သွားပါသည်။ ကားထဲ၌ ထွန်းမြတ်ဇော်က ကြောက်ပြီးဝပ်နေသဖြင့် ဒဏ်ရာမရရှိခဲ့ပါ။

မေမေ့ကိုနှာရှူဆေးပေးခြင်း၊ နှိပ်နယ်ပေးခြင်းများ ပြုလုပ်ကြသဖြင့် သတိရလာပါသည်။ မေမေ့ အနီး၌ထိုင်နေသော ဒေါ်မြစိန်က

"သက်ထားရယ်၊ ညည်းသားလေး ဘာမှမဖြစ်ပါဘူး၊ ကားကအုတ်ခုံနဲ့ တိုက်မိပြီး ရပ်သွားပြီ"

ကားကိုလူများက ဝိုင်းတွန်း၍ ရွှေ့ပေးကြပါသည်။ ကားလမ်းမပေါ်သို့ရောက်သောအခါ ဖေဖေက ကားပေါ်တက်



မောင်းကာ နေရာရွှေ့ရပ်ပါသည်။ အလှူပွဲပြီးမှ ပြန်လျှင် ကားပြင်ဆိုင်သို့ပို့၍ ကားပြင်ရဦးမည်။ ထွန်းမြတ်ဇော် ပျော်ရွှင်ချင်စိတ်များ ပျောက်သွားပါသည်။ ကားမောင်းမတတ်ချင်တော့ပါ။ ဖေဖေက

"ငါ့သား ကြောက်သွားတယ်မဟုတ်လား၊ ဖေဖေတို့က ကားပေါ်တက်ပြီး မဆော့ခိုင်းတာ အန္တရာယ်ရှိလို့ကွဲ့၊ ဒါကြောင့် တားဆီးရတာ"

"ဟုတ်ကဲ့ဖေဖေ၊ နောက်ကိုသား ကားမောင်းမသင်ချင်တော့ပါဘူး"

ဖေဖေကရယ်မောကာ

"သားကလည်း မကြောက်ပါနဲ့ကွ၊ သားအသက် (၁၈) နှစ်ပြည့်ပြီးရင် ကားမောင်းသင်ပေးမယ်၊ အဲဒီအခါ ကားမောင်းလိုင်စင်ရပြီ၊ သားအချိန်အခါ မရောက်လို့ ဖေဖေတို့က သင်မပေးတာပေါ့ကွယ်၊ ဖေဖေပြောတာ သဘောပေါက်ရဲ့လား"

"ဟုတ်ကဲ့နားလည်ပါပြီ ဖေဖေ"

ထွန်းမြတ်ဇော်၏ ကားမောင်းတတ်ချင်သော စိတ်များသည် အချိန်အခါကို စောင့်ရပေဦးမည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ပန်းပုဆရာကြီး

ရွှေဟင်္သာကန်မှ ရွှံ့များကို ခွာယူလာသည်။ မနေ့က ကျော်ဇင်သန်းအတွက် ကျွဲရုပ်ကလေးလုပ်ပေးမည်ဟု ကတိခံထားခဲ့သည်။ ပြီးလျှင် ဇင်အောင်ထွေးကို ဆင်ရုပ်လုပ်ပေးရဦးမည်။ ကောင်းမြတ်ဖုန်းသည် ကျောင်းအားလပ်တိုင်း ရွှံ့ရုပ်များလုပ်လေ့ရှိပါသည်။ ကောင်းမြတ်ဖုန်းသည် ရွှံ့များဖြင့် အရုပ်လုပ်ရခြင်းကို ပျော်ပါသည်။ သူ့အိပ်ခန်းထဲတွင် ရွှံ့ရုပ်ကလေးများဖြင့် ပြည့်နေပါသည်။ ကျောင်းပိတ်ရက်များတွင် ကောင်းမြတ်ဖုန်းထံသို့ သူငယ်ချင်းများလာ၍ ကစားကြသည်။ သူလုပ်ပေးသော ရွှံ့ရုပ်ကလေးများကို နေလှမ်းသူကလှမ်းသည်။ ရွှံ့ခြောက်သွားသောအခါ ထိုအရုပ်ကလေးများဖြင့် ဆော့ကစားကြသည်။ ကောင်းမြတ်ဖုန်းကို သူငယ်ချင်းများက ပန်းပုဆရာကြီးဟု ချစ်စနိုးဖြင့် အမည်မှည့်ထားကြသည်။ ဤအမည်ကို ကောင်းမြတ်ဖုန်းကလည်း ကျေနပ်စွာခံယူထားသည်။

ကောင်းမြတ်ဖုန်းသည် ရွှေဟင်္သာကန်မှ တူးယူလာ သော ရွှံ့မာများကို ရေအနည်းငယ်ထည့်၍ နယ်သည်။ ရွှံ့သည်





ရေနှင့်သမရင်း အရုပ်လုပ်နိုင်သည့်အဆင့်သို့ ရောက်လာသည်။ ကျော်ဇင်သန်းလုပ်ခိုင်းသော ကျွဲရုပ်ကလေးကို စတင်ပြုလုပ်သည်။ ခဏအကြာတွင် ကျွဲရုပ်ကလေးပြီးသွားသည်။ ရွှံ့စေးများကို အချောသပ်ပြီး ဘေးနားကစားပွဲပေါ် တင်ထားလိုက်သည်။ ရွှံ့စေးကို ချက်ချင်းနေလှမ်းလျှင် ခြောက်ပြီးကွဲသွားနိုင်သည်။ သည်တော့အရိပ်ထဲတွင် တစ်ညသိပ်ထားလိုက်မည်။ ရွှံ့အထပ်ထပ်ဖြစ်လာတော့မှ နေရောင်အောက်တွင်လှမ်းမည်။ ဆင်ရုပ်ကလေးကိုလုပ်ရသည်မှာ ကောင်းမြတ်ဖုန်းအဖို့ မခက်လှ။ ရွှံ့များဖြင့် အရုပ်လုပ်စက ဆင်ရုပ်ကို ဦးစွာလုပ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဆင်ရုပ်ကလေးကိုလည်း အောင်မြင်စွာ ပြုလုပ်ပြီးစီးသွားသည်။

ကောင်းမြတ်ဖုန်း ရွှံ့ပေနေသောလက်ကို ရေဆေးရန်ပြင်သည်။ ရေခွက်ကိုကိုင်ပြီးကာမှ ချိုဇင်ထက် အရုပ်လုပ်ခိုင်းသည်ကိုသွားသတိရသည်။ သူလိုချင်သည့်အရုပ်မှာ သမင်ရုပ်ဖြစ်သည်။ အရုပ်များစွာ ကောင်းမြတ်ဖုန်း ပြုလုပ်ခဲ့ဘူးသော်လည်း သမင်ရုပ်ကိုမူမပြုလုပ်ခဲ့ဘူးပေ။ ရွှံ့ပျော့များကို ကိုင်တွယ်ရင်း သမင်ရုပ်ပုံစံရအောင်သွင်းသည်။ ကောင်းမြတ်ဖုန်းပြုလုပ်သော သမင်ရုပ်သည် သမင်နှင့်မတူ ဦးချိုတို့သည် မလှပ။ သမင်၏ခန္ဓာကိုယ်နှင့်မတူပဲဖြစ်နေသည်။ နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်သည်။ မရပါ။ ကောင်းမြတ်ဖုန်း စိတ်ပျက်လာသည်။ သို့ကြောင့် စိတ်ပျက်ပြီး ထိုင်နေသည်။

"သား၊ ရွှံ့ပေတဲ့လက်ကို ရေမဆေးပဲ ဘာဖြစ်လို့ထိုင်နေတာလဲ၊ အရုပ်ကလေးတွေ လုပ်ပြီးရင်လည်း ရေဆေးမှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြင်မှဝင်လာသော အဖေက ကောင်းမြတ်ဖုန်းကို ပြောပါသည်။

"သမင်ရုပ်ကလေးတွေ လုပ်ပေးဖို့ ချိုဇင်လတ်က ပြော တယ်ဖေဖေ၊ အဲဒါ သားရွှံ့တွေနဲ့ သမင်ရုပ်လုပ်တာ လုပ်လို့ မရဘူး၊ သမင်ရုပ်လုပ်လို့မရတာနဲ့ စိတ်ပျက်ပြီးထိုင်နေတာပါ"

"အလုပ်တစ်ခုကိုလုပ်တဲ့နေရာမှာ ဇွဲ လုံ့လ၊ ဝီရိယတွေ ရှိဖို့လိုတယ်သား၊ လုပ်ငန်းကျွမ်းကျင်မှု အတတ်ပညာပိုင်းတွေ ပညာဗဟုသုတဆည်းပူးမှုတွေ၊ လေ့လာမှုတွေလိုတယ်ကွဲ့ ကိုယ့်ရဲ့လိုအပ်ချက်ကိုလည်း အားဖြည့်ပေးရတယ်သားရဲ့"

အဖေသည်စကားဆုံးသည်နှင့် သူ့အခန်းထဲသို့ ဝင်သွားပါ သည်။ ပြန်ထွက်လာသောအခါ ပန်းချီကားတစ်ချပ် ပါလာ ပါသည်။

"ဒီပန်းချီကားချပ်ထဲမှာ တောတောင်ရေမြေတွေနဲ့ တိရစ္ဆာန်တွေကိုသရုပ်ဖော် ရေးဆွဲထားတယ်၊ သမင်ရုပ်ပုံလဲ ပါ တယ်။ ဒီထဲကပုံကို ကြည့်ပြီး အရုပ်လုပ်ကြည့်စမ်းပါဦး . . ရော့"

အဖေက ပန်းချီကားကို ကောင်းမြတ်ဖုန်းရှေ့တွင် ချလိုက် ပါသည်။ ကောင်းမြတ်ဖုန်းသည် ပန်းချီကားထဲက သမင်ကို ကြည့်၍ ရွှံ့ဖြင့်အရုပ်ပြုလုပ်သည်။ နမူနာပုံစံကိုကြည့်၍ ပြုလုပ် သောကြောင့် အစက သမင်ရုပ်လုပ်သလိုမခက်တော့ပါ။ မကြာ ခင်အချိန်ပိုင်း၌ ဦးချိုအခက်အလက်များဖြင့် လှပနေသည့် သမင်ရုပ်ကလေးများကို ရရှိလာပါတော့သည်။ အဖေက ကောင်း မြတ်ဖုန်း ပြုလုပ်ထားသော သမင်ရုပ်ကလေးကို ကြည့်ရှုပြီး . .



"သား ဇွဲ လုံ့လ၊ ဝီရိယတွေနဲ့ ကြိုးစားပေမယ့် ကိုယ်ဖြစ် ချင်သလို ဖြစ်မလာဘူး။ဒါ. . . အတတ်ပညာနဲ့ အတွေ့အကြုံ လိုလို့ပဲ၊ ဒီလိုအခါမျိုးမှာ သင်ပြပေးတဲ့ဆရာရှိရင် လွယ်တာပေါ့။ ဒါပေမယ့် သင်ဆရာကိုယ့်အနားမှာ အမြဲမရှိနိုင်ဘူး၊ သင်ဆရာ အနားမှာမရှိတဲ့အခါ နမူနာပုံစံတူကိုပဲ အတုယူလုပ်ရတာမျိုး ရှိတယ်။ သား. . . အခု သမင်ရုပ်ပုံပန်းချီကားကို ကြည့်ပြီး အတုယူလုပ်တော့ လုပ်နိုင်ခဲ့တာပေါ့။ ပန်းချီကားကို ရေးဆွဲခဲ့တဲ့ ပန်းချီဆရာဟာ သားရဲ့မြင်ဆရာပဲကွဲ၊ သူ့ကျေးဇူး ကြောင့် သမင်ရွှံ့ရုပ်ကလေးသားလုပ်နိုင်ခဲ့တာပေါ့။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆိုတာ ကိုယ့်တစ်ဘဝ လုံးသင်ယူပို့ပိုးပေးမှုယူခဲ့ ရလို့ ဒီဆရာတွေရဲ့ကျေးဇူးက ကိုယ့်အပေါ်မှာ အမြဲရှိနေတယ်။ ဒီကျေးဇူးတွေကို အမြဲအမှတ်ရနေကွဲ့"

"ဟုတ်ကဲ့ဖေဖေ၊ သားရဲ့ကြိုးစားအားထုတ်မှု၊ ဖေဖေ့ရဲ့ လမ်းညွှန်မှု၊ မြင်ဆရာရဲ့ကျေးဇူးနဲ့ အောင်မြင်စွာ ထုလုပ်ခဲ့တဲ့ သမင်ရုပ်ကလေးကို မနက်ဖြန်ကျရင် ချိုဇင်လတ်ကို ပေးလိုက် ပါ့မယ်။ ချိုဇင်လတ်ကလည်း သားကိုကျေးဇူးတင်မှာပါ"

ကောင်းမြတ်ဖုန်းသည် သူ့လက်ရာသမင်ရုပ်ကလေးကို တစိမ့်စိမ့်ကြည့်ရင်း ပီတိဖြစ်နေမိတော့သည်။ မြင်ဆရာဖြစ် သော ပန်းချီဆရာ၏ကျေးဇူးကိုကား တစ်သက်မေ့နိုင်တော့မည် မဟုတ်ပါချေ။ ။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မီးမဖေဆာ့ကြပါနဲ့

နွေရာသီကျောင်းပိတ်ရက်ဖြစ်ပါသည်။ ရွှေခြူးနှင့် ငွေခြူးတို့ညီအစ်မသည် ကျောင်းပိတ်ထားသဖြင့် အားလပ်နေကြ၏။ ရွှေခြူးနှင့်ငွေခြူးတို့ ညီအစ်မတွင် ရွှေခြူးက အကြီးဖြစ်၍ ငွေခြူးက အငယ်ဖြစ်ပါသည်။ ရွှေခြူးက စတုတ္ထတန်း၌ တက်ရောက်နေပြီး ငွေခြူးက ဒုတိယတန်း၌ တက်ရောက်နေပါသည်။ သူတို့၏ အမည်များမှာ ခြူးကျော့ဝေနှင့် ခြူးကျော့ဆွေ ဖြစ်ပါသည်။ မိဘများကချစ်စနိုးဖြင့် ခေါ်ကြရာမှ ရွှေခြူးနှင့် ငွေခြူးဖြစ်လာပါသည်။ ရွှေခြူးတို့အိမ်မှာ မြို့၏မြောက်ဘက်အစွန်တွင် ရှိပါသည်။ ကျယ်ဝန်းသော ခြံဝန်းအတွင်း၌ ရွှေခြူးတို့နေအိမ်ရှိပါသည်။ ပျဉ်ထောင်၊ သွပ်မိုးအိမ်ဖြစ်ပါသည်။ ခြံဝန်းအတွင်း၌ အရိပ်ရ အပင်များဖြစ်သော ခရေပင်၊ ပိတောက်ပင်၊ မယ်ဇလီပင်များအပြင် ဆီးပင်၊ သြဇာပင်၊ မာလကာပင်၊ ဒန့်သလွန်ပင်၊ အုန်းပင်၊ ငှက်ပျောပင်များ စိုက်ထားပါသည်။





ထို့ပြင် အလှစိုက်ပန်းပင်များကိုလည်း ပန်းအိုးများဖြင့် စိုက်ထားပါသည်။ ရွှေခြူးတို့ညီအစ်မသည် ခြံထဲတွင် ဆော့ကစားနေကြပါသည်။ မိဘများသည် အလှူဆွမ်းကျွေးသို့ သွားနေသဖြင့် ရွှေခြူးတို့ညီအစ်မ နှစ်ယောက်သာ ရှိပါသည်။

"ညီမလေးငွေခြူးရေ၊ အရုပ်ကလေးတွေနဲ့ ကစားရတာပျင်းတယ်ဟာ၊ စိန်ပြေးတမ်း ကစားရအောင်"

ရွှေခြူးက ငွေခြူးကို ကစားနည်းပြောင်းရန် ပြောပါသည်။

"မောတယ်၊ မပြေးနိုင်ပါဘူး"

ငွေခြူးက ငြင်းဆိုပါသည်။

"တူတူပုန်းတမ်းကစားကြမယ်လေ"

နောက်ထပ်ကစားနည်း အသစ်တစ်မျိုးကို ရွှေခြူးက ပြောပြပါသည်။

"မကစားချင်ပါဘူး မမရွှေခြူးရယ်၊ မောပါတယ်ဆိုမှ"

ငွေခြူးက ကစားနည်းအသစ်ကိုလည်း ငြင်းဆိုပြန်ပါသည်။

"ဒါဆို ညီမလေးငွေခြူးက ဘာကစားချင်သလဲ"

"ညီမလေးတို့ ထမင်းဟင်းချက်တမ်းကစားကြမယ်လေ၊ မေမေဘုရားပွဲတော်တုန်းက ဝယ်ပေးထားတဲ့ အိုးခွက်ကလေးတွေရှိတယ်"

"အေး၊ အဲဒီကစားနည်းက ကောင်းတယ်၊ မမက ထမင်းချက်၊ ဟင်းချက်ရောင်းမယ်၊ ညီမလေးငွေခြူးက ဝယ်စားပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့မမ”

ရွှေခြူးနဲ့ငွေခြူးတို့သည် အိမ်နောက်ဖေး မီးဖိုချောင်သို့ သွား၍ မီးခြစ်၊ ဖယောင်းတိုင်တို့ကို ယူပါသည်။

“ညီမလေးငွေခြူးက မီးခြစ်၊ ဖယောင်းတိုင်နဲ့ အိုးခွက်တွေ ယူသွားနှင့်ချေ၊ ခြံထဲက ထင်းခြောက်တွေ ရှာစုထားနော်”

ငွေခြူးသည် အိမ်အနောက်ဘက်ရှိ မြေကွက်လပ်သို့ ရောက်သောအခါ ပစ္စည်းများကို ချ၍ ထင်းခြောက်များကို ကောက်ပါသည်။ ထင်းခြောက်များကို မီးဖိုလုပ်မည့်နေရာတွင် ပုံထားပါသည်။ ရွှေခြူးသည် ငါးခြောက်နှင့်ဆီ၊ ကြက်သွန်တို့ကို ယူကာ ငွေခြူး မီးဖိုပြင်ထားသောနေရာသို့ ပြန်လာခဲ့ပါသည်။

“ငါးခြောက်တွေပဲရခဲ့တယ်ဟေ့၊ ငါးဟင်းချက် ရောင်းမယ်၊ မေမေဟင်းချက်တာ မြင်ဘူးတယ်”

ငွေခြူးက ကတ်ကြေးဖြင့် စက္ကူစများကိုညှပ်ပါသည်။

“ဒီငွေတွေနဲ့ ညီမလေးက ထမင်းဟင်း ဝယ်စားမယ်”

“ငါ့ညီမလေးငွေခြူးက တော်တယ်ဟေ့”

ရွှေခြူးသည် မီးဖိုပေါ်သို့ ဒယ်အိုးတင်ပါသည်။ ဆီများ၊ ငါးခြောက်များကို ဒယ်အိုးထဲသို့ ထည့်ပါသည်။ မီးဖိုထဲသို့ ထင်းခြောက်များထည့်ကာ စက္ကူစများကို မီးရှို့၍ မီးမွှေးပါသည်။ မီးတောက် ပိုကောင်းလာစေရန် ယပ်တောင်နှင့် ခပ်ပေးပါသည်။ မီးသည် တဖြည်းဖြည်းလောင်ရာမှ တဟုန်းဟုန်းထတောက်လာပါသည်။ ရွှေခြူးသည် မေမေလုပ်သလို သံယောင်းမနှင့် ဒယ်အိုးထဲမှ ငါးခြောက်များကို မွှေပါသည်။



“ငွေခြူးရေ ငါးခြောက်ကြော် စားရတော့မယ်ဟေ့”

ဒယ်အိုးထဲမှဆီများကျက်၍ ငါးခြောက်များသည် မီးအပူရှိန်နှင့်အသံမြည်လာပါသည်။ ထိုစဉ် ခြံအပြင်ဘက်မှ လေပြင်းတိုက်ခတ်လာရာ မီးဖိုအတွင်းမှထင်းမီးတောက်များ ပြင်းလာပါသည်။ မီးတောက် ပြင်းလာရာမှ မီးဖိုပေါ်ရှိ ဒယ်အိုးထဲသို့ မီးများ ဝင်ရောက်တောက်လောင်ရာ ဆီများကို မီးစွဲလေတော့သည်။ ရွှေခြူးနှင့်ငွေခြူးတို့လည်း မီးတောက်ပြင်းမှုကြောင့် ဘာလုပ်ရမှန်းမသိဖြစ်သွားရာမှ သတိဝင်လာကြကာ

“မီးလောင်နေတယ်။ မီး၊ မီး”

အော်ဟစ်ကြပါတော့သည်။

သူတို့ညီအစ်မ၏အော်သံကြောင့် အနီးအနားဝန်းကျင်မှ လူကြီးများသိကြ၍ ပြေးလာပြီး မီးကို ဝိုင်းဝန်းငြိမ်းသတ်ကြပါသည်။ မီးမှာငြိမ်းသတ်သော လူအင်အားနိုင်၍ ခဏအတွင်း၌ ငြိမ်းသွားပါသည်။ အိမ်နီးချင်း ဦးသိန်းအောင်က

“ရွှေခြူးနဲ့ငွေခြူးတို့ရယ် လူကြီးတွေ အသိဦးလို့ပေါ့။ နို့မို့ဆို မီးစွဲပြီး အိမ်တွေပါ လောင်ကျွမ်းကုန်မယ်”

ခဏအကြာ၌ ဖေဖေနှင့်မေမေတို့လည်း ရောက်လာကြပါသည်။ အကြောင်းစုံသိရသောအခါ ဖေဖေက အိမ်နီးချင်းများကို တောင်းပန်စကားဆိုပြီးနောက် ရွှေခြူးနှင့်ငွေခြူးတို့အား-

“သမီးတို့ မီးဆိုတာသုံးတတ်ရင်မိတ်ဆွေ၊ မသုံးတတ်ရင် ရန်သူကွယ့်။ အခုလိုနွေရာသီမှာ မီးသုံးစွဲတာ ပိုသတိထားရတယ်။ မီးကို သမီးတို့အရွယ်ရောက်လာတဲ့အခါ သုံးစွဲရမှာပါ။ အခု

www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ ကလေးအရွယ်တွေအနေနဲ့ မီးကို ဆော့ကစားဖို့ မသင့်ဘူးကွယ်၊ မှတ်ထားကြနော်"

"ဟုတ်ကဲ့ပါဖေဖေ"

ရွှေခြူးနှင့်ငွေခြူးတို့သည် အန္တရာယ်ဖြစ်စေသော မီးဆော့ကစားခြင်းကို ရှောင်ကြဉ်ရပါတော့မည်။ ။

❖ ❖ ❖ ❖

BURMESE CLASSIC .com

## ကျောင်းစာကြည့်တိုက်၏ကျေးဇူး

ကျော်ကျော်ဦးနှင့် မောင်မောင်သန်းတို့သည် သုံးဆယ်မြို့၊ ပေပင်ကုန်း မူလတန်းလွန်ကျောင်းမှ ကျောင်းကြက်ခြေနီ တပ်ဖွဲ့ဝင်များ ဖြစ်ကြပါသည်။ သူတို့သည် ဆဋ္ဌမတန်း၌ ပညာသင်ကြားနေသော ကျောင်းသားများဖြစ်ပါသည်။ ကျော်ကျော်ဦးက ရှေးဦးသူနာပြုစုရခြင်း အကြောင်းအရာများကို သူအားလုံးသိရှိသည်ဟုထင်နေမိသည်။ သို့ကြောင့် မောင်မောင်သန်းအပေါ် အမြဲတမ်းဆရာလုပ်လေ့ရှိပါသည်။ ကျောင်း၌ ကျောင်းသားကျောင်းသူများ ထိခိုက်ဒဏ်ရာ ရရှိသောအခါများတွင် ကျော်ကျော်ဦးက ဦးစွာကိုင်တွယ်၍ ဆေးထည့်ပေးခြင်း၊ ပတ်တီးစည်းပေးခြင်းတို့ကို ပြုလုပ်ပါသည်။

ထို့ပြင် အနား၌ရှိသော မောင်မောင်သန်းအား

"မောင်မောင်သန်း ပတ်တီးစီးတာ ဒီလိုစီးရတယ်ကွ၊ အရေးပေါ် သူနာပြုစုနည်းတွေ မင်းသင်ရပေမယ့် ငါ့လောက် မကျွမ်းကျင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဦးက ဤကဲ့သို့ မောင်မောင်သန်းအပေါ် အနိုင်ကျင့်စကားဆိုပေမယ့် မောင်မောင်သန်းမှာ ကျော်ကျော်ဦးကို သည်းခံ၍ ပေါင်းသင်းပါသည်။ ကျော်ကျော်ဦးသည် တစ်ခြားကျောင်းသားများကို

"ငါ့လောက် မောင်မောင်သန်းက ရှေးဦးသူနာပြုစုခြင်းနဲ့ ဆေးဝါးအကြောင်းတွေ နားမလည်ဘူးကွ"ဟု ပြောပါသည်။

ပေပင်ကုန်း မူလတန်းလွန်ကျောင်း၏ စာကြည့်တိုက်၌ မောင်မောင်သန်းသည် ကျောင်းအားချိန်တိုင်း စာဖတ်လေ့ရှိပါသည်။ ကျော်ကျော်ဦးမှာ ကျောင်းစာမှလွဲ၍ အခြားစာအုပ်များဖတ်ခြင်းသည် အကျိုးမရှိဟု ဆိုကာ ကျောင်းစာကြည့်တိုက်၌ စာဖတ်ခြင်းမရှိခဲ့ပါ။

တစ်နေ့၌ ကျော်ကျော်ဦးနှင့် မောင်မောင်သန်းတို့သည် ကွင်းကြီးကျေးရွာအလှူသို့ သွားကြပါသည်။ ကွင်းကြီးရွာသည် ကျော်ကျော်ဦး၏ဇာတိရွာ ဖြစ်ပါသည်။ ယခုသူတို့သွားကြသော အလှူမှာ ကျော်ကျော်ဦး၏ ဘကြီး ဦးမြလွင်အလှူ ဖြစ်ပါသည်။ သို့ကြောင့် သူတို့နှစ်ဦး စက်ဘီးနှစ်စီးနှင့် ရွာဆီသို့ သွားခဲ့ကြ၏။ ကွင်းကြီးရွာနှင့် သုံးဆယ်မြို့သည် သုံးမိုင်ခန့် ဝေးပါသည်။ သူတို့ သွားသည့်အချိန်တွင် အလှူမှ ပြန်လာကြသောသူများကို တွေ့ရပါသည်။

သူတို့နှစ်ယောက်စက်ဘီးစီးလာရာ ကွင်းကြီးရွာကို ခပ်ရေးရေး လှမ်းမြင်နေရပေပြီ။

အလှူမှပြန်လာသော လူကြီးတစ်ယောက်သည် သူတို့နှစ်ဦး၏စက်ဘီးကို ရှောင်လိုက်ရာမှ စက်ဘီးနှင့်အတူ လဲကျသွားပါသည်။ ကျော်ကျော်ဦးနှင့် မောင်မောင်သန်းတို့သည် စက်ဘီးရပ်၍ ထိုလူကြီးကို ထူမရန်သွားကြရာ ခြေထောက်မှ သွေးများယိုစီးနေသည်ကို တွေ့ရပါသည်။

ကျော်ကျော်ဦးက

"တို့တွေ ကြက်ခြေနီဆေးသေတ္တာ ယူလာခဲ့ရင် ကောင်းမယ်ကွာ။ အဲဒီအထဲမှာ အရက်ပြန်၊ ပတ်တီး၊ ဂွမ်းတွေ ရှိတယ်"

မောင်မောင်သန်းမှာမူ ဘာမျှပြန်မပြောဘဲ လူကြီး၏ ခြေထောက်မှ သွေးများအား အသင့်ပါလာသော ရေသန့်ဘူးထဲမှ ရေဖြင့် ဆေးကြောပေးပါသည်။ ပြီးနောက် လမ်းဘေးမှ သစ်ပင်ငယ်များကို ကြည့်ရှုကာ အပင်ငယ်တစ်ပင်မှ အရွက်များကို ခူးဆွတ်ပြီး ရေဆေး၍ လူကြီး၏သွေးထွက်နေသော အနာပေါ်သို့ ညှစ်ထည့်ပေးပါသည်။

"အား၊ ကျွတ် ကျွတ်"

လူကြီးသည် သစ်ရွက်အရည်နှင့်အနာ တွေ့ထိမှုကြောင့် စပ်သွားကာ ညည်းညူပါသည်။ မောင်မောင်သန်းက လက်ကိုင်ပဝါကို ဆုတ်ဖြဲကာ အနာပေါ်သို့ ပတ်တီးစည်းပေးရင်း . . .

"ကျွန်တော်တို့က ပေပင်ကုန်း မူလတန်းလွန်ကျောင်းက ကြက်ခြေနီတပ်ဖွဲ့ဝင်တွေပါ"

"‌ေအားကွယ် ကျေးဇူ…ပါဘဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရထားသောလူကြီးက ကျေးဇူးစကား ဆိုပါသည်။ ကျော်ကျော်ဦးမှာ မောင်မောင်သန်း၏ လုပ်ဆောင်မှုများကို နားမလည်စွာကြည့်နေပါသည်။ ခဏအကြာတွင် ထိခိုက်မိသော ဒဏ်ရာမှ သွေးတိတ်သွားပါသည်။

"ငါ့တူတို့ဆေးထည့်ပေးလို့သက်သာသွားတာကွ"

"အိမ်ရောက်ရင် ဒီအရွက်ကိုပဲ အနီးအနားမှာ ရှာပြီး ညှစ်ထည့်ပေးလိုက်ဦး၊ အနာ မရင်းတော့ဘူးပေါ့ ဦးရယ်"

မောင်မောင်သန်းက မှာပါသည်။

ကျော်ကျော်ဦးက လဲကျနေသော စက်ဘီးကို ပြန်ထောင်ပေးပါသည်။ လူကြီးသည် စက်ဘီးကို ပြန်စီး၍ ကျော်ကျော်ဦးတို့နှစ်ယောက်ကို နှုတ်ဆက်ကာ မြို့ဘက်ဆီသို့ ထွက်ခွာသွားပါပြီ။

"တို့လည်းအလှူကို သွားကြရအောင်ကွာ"

မောင်မောင်သန်းက ကျော်ကျော်ဦးကို ပြောပါသည်။

"မောင်မောင်သန်း မင်းလူကြီးရဲ့ ဒဏ်ရာထဲကို ဘာရွက်တွေ ညှစ်ထည့်ပေးလိုက်တာလဲကွ"

BURMESE CLASSIC .com

သိချင်စိတ်ဖြင့် ကျော်ကျော်ဦးကမေးပါသည်။

"ဒါလားကွာ၊ လမ်းဘေးတွေမှာ အလေ့ကျပေါက်တဲ့ ပိစပ်ရွက်တွေလေကွာ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနက ထုတ်ဝေတဲ့ လက်ကမ်းစာစောင်ထဲမှာ ပါတယ်၊ တို့ကျောင်းစာကြည့်တိုက်ထဲမှာ ဖတ်ရတာလေ။ ထိခိုက်ရှနာ သွေးထွက်သံယိုဖြစ်ရင် ပိစပ်ရွက်၊ ကုက္ကိုရွက်၊ ကြိတ်မှန်ရွက် ရရာအရွက်တစ်မျိုးကို



ရေဆေးပြီး ညှစ်ထည့်ရမယ်။ အဲဒါကို ငါမှတ်ထားပြီး ကုပေးလိုက်တာ"

ကျော်ကျော်ဦးသည် သူ့ကိုယ်သူ လူတတ်ကြီးဟု ထင်ထားခဲ့မိသည်။ ကျောင်းစာကြည့်တိုက်မှ ဗဟုသုတရစေနိုင်သော စာအုပ်များကိုလည်း လစ်လျူရှုခဲ့မိပါသည်။ သူ၏ရှေ့တွင် ကြက်ခြေနီ ဆေးသေတ္တာမပါဘဲ မောင်မောင်သန်းက ထိခိုက်မိသောလူကြီးကိုကုသပေးခဲ့သည်။ ကျောင်းစာကြည့်တိုက်၌ စာဖတ်သော အကျိုးကျေးဇူးပင် ဖြစ်ပါသည်။

"တကယ်တော့၊ ငါကမင်းထက် တော်နေပြီ၊ တတ်နေပြီလို့ မာနကြီးခဲ့တာ။ တို့ကြက်ခြေနီတပ်ဖွဲ့ဝင်တွေဟာ ရှေးဦးသူနာပြုစုခြင်း ပညာအပြင် မြန်မာ့တိုင်းရင်းဆေးနည်းတွေနဲ့ ဆေးဘက်ဝင်အပင်တွေ အကြောင်းကို ဗဟုသုတအဖြစ် လေ့လာသင့်မှန်း သိပါပြီကွာ"

မောင်မောင်သန်းကို ကျော်ကျော်ဦးက တောင်းပန်လိုက်ပါသည်။

"ဒါပေါ့ကျော်ကျော်ဦးရာ တို့ကျောင်းသားတွေအားလုံး ကျောင်းအားလပ်ချိန်မှာ ကျောင်းစာကြည့်တိုက်က စာအုပ်တွေကို ဖတ်ရှုလေ့လာ သင့်ပါတယ်ကွာ"

စာကြည့်တိုက်၏ကျေးဇူးကို ကျော်ကျော်ဦး လက်တွေ့သိရှိသွားခဲ့ပါချေပြီ။ ။

❖ ❖ ❖ ❖

www.burmeseclassic.com